ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် ဇွန် ၁၈ ရက် စတင်ထုတ်ဝေသည်
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့ (20-4-2014) (၇၈၁၆)

ထူးခြားသည့်နေ့အပူချိန်များ

ချောက် ၄၄ ဒီဂရီစင်တီဂရိတ်
ဂန့်ဂေါ ၄၃ ဒီဂရီစင်တီဂရိတ်

◇◇◇◇◇◇

မှတ်သားဖွယ်ရာမိုးရေချိန်များ

မိုးကုတ် သုည ဒသမ ၄၀ လက်မ
ကျောက်မဲ သုည ဒသမ ၀၂ လက်မ
ကော့သောင်း သုည ဒသမ ၀၈ လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ယနေ့ မာတိကာ

သောက်ရေသန့်
စာမျက်နှာ - ၂

ရေစီးထဲက
ဒိုက်ဖတ်များ
စာမျက်နှာ - ၆

ကိုယ့်ခွန်ကိုယ့်အားနှင့်
ကိုယ့်ဝန်ကိုယ်ထမ်း
စာမျက်နှာ - ၁၀

အင်တာမီလန်
အသင်းတွင်
ဆက်ကစားရန်
ရိုလန်ဒို ဆန္ဒရှိနေ
စာမျက်နှာ - ၁၃

ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီးရှိ ကိုရီးယားဟိုကာရီစပါးစိုက်ခင်း ဖြစ်ထွန်းအောင်မြင်

နေပြည်တော် ဧပြီ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းအတွင်း ဖရဲသီးများ ပုံစံသွင်းခွက်ဖြင့် စိုက်ပျိုးအောင်မြင်နေမှုများနှင့် ဂျပန်မူရင်းမျိုး ကန်စွန်းစိုက်ခင်း၏ စိမ်းစိုဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီးရှိ သက်တမ်း(၅၉)ရက်သားတွင် အနှံများစုံညီစွာထွက်ရှိနေသော ကိုရီးယားဟိုကာရီစပါးစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ချင်းတွင်းမြစ်ကမ်းပြိုကာကွယ်ရေး ကျောက်စီမြေထိန်းနံရံနှင့် လမ်းကြောင်းကောင်းမွန်ရေး ရေကာတာများတည်ဆောက်ပြီးစီး

စစ်ကိုင်း ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ချင်းတွင်းမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် အလုံရေလမ်းအား ပထမဦးစားပေးအဆင့်အဖြစ် ဆောင်ရွက်လျက်ရှိရာ အကျိုးသက်ရောက်မှုအနေဖြင့် အလုံ-စစ်ပင် ရပ်ကွက်တွင် သဲသောင်များကျဆင်းလာပြီး အလုံကမ်းရင်းတွင် ရေနက်ကြောင်း ကပ်၍ စီးဆင်းနေမှုသည် မြစ်လယ်သို့ရွှေ့လျားသွားစေခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မုံရွာမြို့ အလုံရေလမ်းကောင်းမွန်ရေး မျောတိုင်တန်းကျောက်ဖြည့်ရေကာတာ အလျား ၉၅၂ ပေ တည်ဆောက်ထားမှုနှင့် ပြည်ထောင်စုသီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော အလုံ-စစ်ပင်ရပ်ကွက် ကမ်းပြိုကာကွယ်ရေး ကျောက်စီမြေထိန်းနံရံအလျား ပေ ၁၂၉၀ တည်ဆောက်ပြီးစီးမှု အခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက ဧပြီ ၉ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ကြေးမုံ စာတည်းရှုထောင့် ၂၀-၄-၂၀၁၄ (တနင်္ဂနွေနေ့)

သောက်ရေသန့်

"ဒလမြို့ကမာကဆစ်ဈေးအနီးရေကန်၌ ငါးများသေဆုံးမှုဖြစ်ပွား၍ ဓာတ်ခွဲစစ်ဆေး"ဟူသည့် သတင်းတစ်ပုဒ်ကိုဖတ်လိုက်ရသည်။ ရန်ကုန်တစ်ဖက်ကမ်းဒလမြို့နယ်တွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက စက်မြေရပ်ကွက် သုံးရေကန်၌ ငါးများသေဆုံးနေသည်ကိုတွေ့ရှိရာ အဆိုပါ ရေကန်မှ ရေနှင့်ငါးသေများကို ပညာရှင်များဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ကြသည်။ တွေ့ရှိချက်မှာ အဆိပ်မိ၍သေဆုံးခြင်းမျိုးမဟုတ်ဘဲ ကန်အောက်ခြေရေများညစ်ညမ်းပြီး ဓာတ်ငွေ့များထွက်နေသောကြောင့် ရေအပူချိန် ၂၈ ဒီဂရီစင်တီဂရိတ်ထိရှိနေရာ ငါးများသေဆုံးရသလို သောက်သုံးသူများအတွက်လည်း ဘေးအန္တရာယ်ရှိနိုင်ကြောင်း၊ ထို့ကြောင့် ကန်ရေသန့်ရှင်းကောင်းမွန်လာအောင်လုပ်ဆောင်ရမည့်အချက်များကို ဂဃနဏသေချာရှင်းပြပြီး အနီးအနားရှိရေကန်များကိုလည်း ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ပေးသွားကြကြောင်း သိရသည်။

ဒလအပါအဝင် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ တိုးချဲ့ကြည့်မြင်တိုင်မြို့နယ်တို့သည် လှိုင်မြစ်အနောက်ဘက်ကမ်း တစ်ကြောတွင် တစ်ဆက်တစ်စပ်တည်း တည်ရှိနေကြသည်။ ဒေသခံအားလုံးနီးပါး ရန်ကုန်ဘက်ကမ်းကိုမှီခိုလုပ်ကိုင်ပြီး နေ့နေ့ညည ကူးသန်းသွားလာရာတွင် အဆင်ပြေနိုင်ကြသော်လည်း အဆင်မပြေနိုင်ကြသည့် အခက်အခဲတစ်ရပ်မှာ ရေပြဿနာဖြစ်ပါသည်။ ပွင့်လင်းရာသီနွေရောက်ပြီဆိုသည်နှင့် ဒေသတစ်ကြောတွင် သောက်သုံးရေ ရှားပါး၊ ပြတ်လပ်မှုဒဏ်ကိုအမြဲလိုလိုခံစားနေကြရသည်။ မြေနုကျွန်းပေါ်ဒေသတွင် အဝီစိတွင်းတူးသော်လည်း သောက်သုံးရေချိုထွက်မလာပါ။ တချို့မှာ ရေချိုရနိုးနိုးနှင့် ရေတွင်းတူးရင်း ဓာတ်ငွေ့များပန်းထွက်လာသည့်အဖြစ်မျိုး ကြုံကြရသေးသည်။

သောက်ရေကို သဘာဝမိုးရေလှောင်ကန်များဖြင့် စုဆောင်းပြီး အသုံးပြုကြရာ တချို့မှာ လုံလောက်မှုရှိခဲ့သော်လည်း ယခုအခါ တစ်နေ့တခြား တိုးပွားလာနေသောလူဦးရေကြောင့် ရေအခက်အခဲကြုံတွေ့လာကြရခြင်း ဖြစ်ပါသည်။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းဖို့ကြိုးစားလာကြရာတွင် မြစ်ကမ်းအနီးအနားရှိ မိုးရေလှောင်ကန်များသို့ မြစ်ရေဖြည့်တင်းနေကြမှုမှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရှေးပြည်သာ၊ လှိုင်သာယာစက်မှုဇုန်များမရှိခင်က လှိုင်မြစ်ရေမှာ ပြဿနာမရှိခဲ့သော်လည်း ယခုအခါ စက်မှုဇုန်များမှထွက်ရှိသော ရေဆိုးရေညစ်များ၊ အက်စစ်များနှင့် အမှိုက်သရိုက်ပေါင်းစုံကြောင့် မသန့်ရှင်းတော့ပါ။ ထိုလှိုင်မြစ်ရေကို သောက်သုံးရေကန်များသို့ မောင်းတင်၍ လက်ကျန်မိုးရေနှင့် ရောနှောအနည်ထိုင်စေပြီး ထိုရေများကို သောက်သုံးနေကြသူများမှာ မည်ရွေ့မည်မျှအန္တရာယ်ဖြစ်နိုင်သည်ကို ကမာကဆစ်ရေကန်ပျက်စီးလာမှုက သက်သေပြနေသည်။

ရန်ကုန်မြို့တော်စည်ပင်မှလည်း အနောက်ဘက်ကမ်းနေပြည်သူများအပါအဝင် ရေအခက်ကြုံနေကြရသော ရန်ကုန်မြို့နေပြည်သူများအားလုံး သောက်သုံးရေဖူလုံစေရန်အတွက် ရေတိုရေရှည်စီမံချက်များ ရေးဆွဲကာ နေ့မနား ညမနားကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်။ ကုက္ကိုဝနှင့် တိုးမြစ်ရေသန့်စင်ခြင်းလုပ်ငန်းကို ဂျပန်မှ JAC အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရေတိုစီမံချက်များနှင့်လည်း သောက်ရေအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိနေသည်။ အနောက်ဘက်ကမ်းတစ်ကြောတွင် လှေသမ္ဗန်များဖြင့် ခေါက်တုံ့ခေါက်ပြန် စုန်ချည်ဆန်ချည်ဖြင့် မပြတ်ဖြန့်ဝေပေးလျက်ရှိနေသည်။ ကမ်းနှင့်အနီးအဝေးပေါ် မူတည်၍ အားလုံးမျှမျှတတ ရရှိကြရန်လည်း အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပေးနိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

လတ်တလော မင်္ဂလာရှိသည့်ရေသတင်းတစ်ပုဒ်မှာ ရန်ကုန်မြို့တော်အတွင်း သောက်သုံးရေ ခက်ခဲသည့်ဒေသများသို့ ရွေ့လျားရေသန့်စင်စက်ယာဉ်များဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဆိုခြင်းပင် ဖြစ်ပါသည်။ ဖေဖော်ဝါရီ ၁၉ ရက်က ဒေါပုံမြို့နယ် အသောကာရာမကျောင်းတိုက်ရှိ ကျောင်းရေကန်တွင် မသန့်ရှင်းသည့် ရေမှရေသန့်ထွက်လာသည်အထိ စမ်းသပ်ပြခဲ့မှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ကိုယ်တိုင် တက်ရောက်အားပေးပြီး သောက်သုံးပြခဲ့ကြောင်း သိရသည်။

ဂျပန်ကုမ္ပဏီ၏ Mobile Type Water Purfication System ရေသန့်စင်ထုတ်လုပ်ရေးနည်းပညာသုံးစက်များသည် (၁၅) နှစ်အထိ အာမခံပြီး ကုက္ကိုဝနှင့်တိုးမြစ်ရေသန့်စင်မှု ရေရှည်လုပ်ငန်းမပြီးမြောက်မီ အသုံးတည့်မည်မှာ အမှန်ပင်ဖြစ်ပါသည်။ သောက်သုံးရေမလုံလောက်မှု ကြုံတွေ့လာရသော မဟာရန်ကုန်၊ အထူးသဖြင့် လှိုင်မြစ်အနောက်ဘက်ကမ်းနေ ပြည်သူများအတွက် သုတိမင်္ဂလာသတင်းကောင်းတစ်ရပ်ဖြစ်ပါကြောင်း။ ။

သင်္ကြန်အပြီး ကုန်ဈေးနှုန်းများကျလာ

ရန်ကုန် ဧပြီ ၁၉

သင်္ကြန်ကာလအပြီး နှစ်ဆန်းတစ်ရက်အလွန် ဧပြီ ၁၈ ရက်တွင် ရန်ကုန်ဝါးတန်းကုန်စည်ဒိုင် (ဆန်)နှင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ပွဲရုံအများစု စတင်ဖွင့်လှစ်ရောင်းဝယ်ကြရာ မီးဖိုချောင်သုံးကုန်စည် အများအပြားဈေးကျလာကြောင်း၊ ကုန်စည်ဈေးနှုန်းများကျဆင်းမှုရှိသဖြင့် ဧပြီလကုန်လစာနှုန်းထားအသစ် ခံစားထုတ်ယူရမည့်ဝန်ထမ်းများအတွက် သတင်းကောင်းဖြစ်သည်ဟု ကုန်ရောင်းဝယ်သူများက ဆိုသည်။

ယနေ့စတင်ဖွင့်လှစ်သော ဝါးတန်းဆန်ကုန်စည်ဒိုင်တွင် ဝယ်သူ/ရောင်းသူ အနည်းငယ်သာလာရောက်ကြောင်း၊ ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်လာသော သင်္ဘောအနည်းငယ်တွင် သင်္ဘောသုံးစင်းတွင် ဆန်အိတ်ရေ ခုနစ်ထောင်ဝန်းကျင်သာပါရှိပြီး ရန်ကုန်ဆိပ်ကမ်းရှိ ဆန်ဂိုဒေါင်များတွင် ထည့်သွင်းထားသော ဆန်များထုတ်ရောင်းနေခြင်းဖြစ်ကြောင်း၊ ဆန်ဈေးနှုန်းအနေဖြင့် သင်္ကြန်မတိုင်မီ ဈေးနှုန်းအတိုင်း အတက်၊ အကျ မရှိဘဲ ဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်မှုနည်းကြောင်း၊ နွေဆန်တစ်အိတ်လျှင် ကျပ် ၁၆၀၀၀ ဝန်းကျင်၊ ပေါ်ကျွဲဆန် တစ်အိတ် ကျပ် ၁၈၅၀၀ ဝန်းကျင်၊ ပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၂၃၅၀၀ မှ ၂၇၅၀၀ အတွင်းသာရှိကြောင်း ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဧပြီ ၁၈ ရက်တွင် ကြက်သွန်နီကားအစီးရေ ၆၀၊ အာလူးကားအစီးရေ ၂၀ ဝန်းကျင် ဝင်ရောက်သော်လည်း ဈေးကွက်သို့ နယ်စုံပို့အဝယ်တော်များ စုံလင်စွာ လာရောက်ဝယ်ယူခြင်းမရှိသေးကြောင်း၊ ယနေ့ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီ၊ ကြူကုတ် ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်၊ ထန်းလျက်ဈေးနှုန်းများ သင်္ကြန်မတိုင်မီ ဈေးနှုန်းထက် များစွာကျဆင်းမှုရှိကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ကျပ် ၃၀၀-၄၀၀-၄၂၅-၄၅၀ နှုန်း၊ မြစ်သားကြက်သွန်နီ တစ်ပိဿာ ၃၅၀-၅၂၅-၆၂၅-၇၀၀ ကျပ်နှုန်းဈေးဖွင့်ထားသော်လည်း ဝယ်လိုအားနည်းသဖြင့် တစ်ပိဿာ ၂၅ ကျပ် စီထပ်မံဈေးလျှော့ပေးနေရကြောင်း၊ ဆင်ဖြူကျွန်းအာလူး A အမျိုးအစား တစ်ပိဿာ ကျပ် ၄၃၀၊ OK အမျိုးအစား ကျပ် ၅၃၀၊ ရှမ်းအာလူး A တစ်ပိဿာကျပ် ၄၀၀၊ OK တစ်ပိဿာ ကျပ် ၅၀၀ ဈေးဖွင့်ကြောင်း သိရသည်။ ဧပြီ ၁၁ ရက်နေ့တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ၃၅၀-၄၅၀-၄၇၅-၅၀၀ ကျပ်ဖွင့်ဈေးထက် ဈေးအနည်းငယ်ပိုပေးဝယ်ရပြီး အာလူး OK အမျိုးအစားမှာ ၆၅၀ ကျပ်နှုန်းထိဈေးမြင့်ခဲ့ကြောင်း သိရသည်။

ဧပြီ ၁၁ ရက်တွင် ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ၁၆၅၀-၁၆၇၅ ကျပ်နှုန်းရှိသော်လည်း သင်္ကြန်ပိတ်ရက်အတွင်း ရန်ကုန်ဈေးကွက်သို့ အဝင်များသဖြင့် ဖွင့်ရက်တွင် ၁၃၀၀-၁၃၅၀ ကျပ်ဈေးသို့ ဈေးချရောင်းလာကြောင်း၊ ဝါးခယ်မ ငရုတ်ရှည်များမှာ ဧပြီ ၁၁ ရက် တွင် တစ်ပိဿာ ကျပ် ၂၁၀၀ သာရှိခဲ့ပြီး ဧပြီ ၁၈ ရက်တွင် ၁၉၀၀-၁၉၅၀ ကျပ်နှုန်းသို့ ဈေးကျလာကြောင်း ဈေးကွက်မှ သိရသည်။

ဧပြီ ၁၁ ရက်တွင် ညောင်ဦးဆေးခတ် တစ်ပိဿာ ကျပ် ၁၁၀၀ နှုန်း၊ မလိုင်ကြမ်း တစ်ပိဿာ ၁၀၅၀ ကျပ်၊ မလိုင် ၁၀၈၀ ကျပ်နှုန်းရှိပြီး နေ့လယ်ပိုင်းတွင် ညောင်ဦးဆေးခတ်ထန်းလျက် အဝင်များသဖြင့် တစ်ပိဿာ ကျပ် ၉၀၀ နှုန်းသို့ ဈေးချရောင်းပြီး မလိုင်ထန်းလျက်များဈေးမကျကြောင်း၊ သင်္ကြန်အပြီး ဖွင့်ရက် ဧပြီ ၁၈ ရက်တွင် ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာ ကျပ် ၉၀၀၊ မလိုင်ထန်းလျက် တစ်ပိဿာ ၈၆၅-၈၇၀ ကျပ်နှုန်းဖြင့် ဈေးဖွင့်ရောင်းချကြောင်း သိရသည်။ ထန်းလျက်ဈေးနှုန်းများတွင် မလိုင်ဈေးနှုန်းသည် ညောင်ဦးဆေးခတ်ဈေးနှုန်းအောက်တွင်သာရှိကြောင်း ထန်းလျက်ရောင်းသူတစ်ဦးက ဆိုသည်။

(မောင်စေအောင်)

Tohatsu အပေါ့စား မီးသတ်စက်များအား ဂျပန်ပညာရှင်များ လာရောက်ပြုပြင်

ရန်ကုန် ဧပြီ ၁၉

ဂျပန်-မြန်မာသံတမန်ဆက်ဆံရေး နှစ် (၆၀)ပြည့်နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ Tohatsu အပေါ့စား မီးသတ်စက်များ သုံးစွဲသည့် နှစ် (၃၀) ပြည့်အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံ Tohatsu Corporation နှင့် Myanmar Trillion Group Co.,Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်အင်ဂျင်နီယာပညာရှင်များသည် မီးသတ်တပ်ဖွဲ့တွင် အသုံးပြုလျက်ရှိသော Tohatsu အပေါ့စား မီးသတ်စက်များအား ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းနှင့် လက်တွေ့ပြုပြင်ပေးခြင်းများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ပြုလုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တွင် အဆိုပါ Tohatsu အပေါ့စား မီးသတ်စက်များသည် ၁၉၈၃ ခုနှစ်မှ စတင်၍ သုံးစွဲခဲ့ပြီး အရည်အသွေးမြင့်မားမှု၊ ပေါ့ပါးမှုနှင့် ကြာရှည်အသုံးခံနိုင်မှုတို့ကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ယုံကြည်စိတ်ချမှုကို ရရှိသော အပေါ့စားမီးသတ်စက်များဖြစ်သည်။

ယခုကဲ့သို့ ဂျပန်အင်ဂျင်နီယာပညာရှင်များဖြင့် လာရောက်သင်ပြခြင်း၊ ပြုပြင်ခြင်းဖြင့် မီးသတ်စက်များ အရည်အသွေး ထိန်းသိမ်းနိုင်ပြီး တပ်ဖွဲ့ဝင်များမှာလည်း ပြုပြင်ထိန်းသိမ်းမှု၊ သုံးစွဲမှုနည်းပညာများရရှိပြီး ယင်းစက်များ ကြံ့ခိုင်မှုအပြည့်ဖြင့် မီးငြိမ်းသတ်ရေးတွင် များစွာအထောက်အကူဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတော်သမ္မတရုံး စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ ဓမ္မသဘင်ပွဲတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်

နေပြည်တော် မေ ၁၉

နေပြည်တော် ပျဉ်းမနားမြို့ ရာဇဌာနီလမ်းနှင့် ပန်းခင်းလမ်းဆုံရှိ မင်္ဂလာဗျူဟာ သာသနဗိမာန်တော်ကြီး၌ နိုင်ငံတော်သမ္မတရုံး၏ စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ ဓမ္မသဘင်ပွဲကို ညစဉ် ၈ နာရီမှစတင်၍ ကျင်းပလျက်ရှိရာ ပထမနေ့ (မေ ၁၅ ရက်)တွင် သာသနဓဇသဒ္ဓမ္မ နေပုည၊ သာသနဇောတိပါလ ဓမ္မာစရိယ မဟာဓမ္မကထိက ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ အရှင်သူမြတ်ကလည်းကောင်း၊ ဒုတိယနေ့ (မေ ၁၆ ရက်)တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ အရှင်သူမြတ်ကလည်းကောင်း၊ တတိယနေ့ (မေ ၁၇ ရက်)တွင် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ သဲကုန်းသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အရှင်သူမြတ်က လည်းကောင်း၊ စတုတ္ထနေ့ (မေ ၁၈ ရက်)တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ အရှင်သူမြတ်**(ယာပုံ)**က လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ **ဇမ္ဗူသီရိမှ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် ပုလဲသွယ်စပ်မျိုး နွေစပါးစိုက်ကွင်းများ၌ သိပ္ပံနည်းကျချက်ချင်းနုတ်၊ ချက်ချင်းစိုက် စိုက်နည်းစနစ်များဖြင့် စိုက်ပျိုးနေကြသော ကောက်စိုက်လုံမေများအား အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီးရှိ သက်တမ်းတို အရည်အသွေးကောင်း ဂျပန်မူရင်းစပါးမျိုးစိုက်ခင်း၌ သက်တမ်း ၅၉ ရက်သားတွင် အနှံများစုံညီစွာ ထွက်ရှိနေသော ကိုရှီဟီကာရီစပါးစိုက်ခင်း၏ ဖြစ်ထွန်း အောင်မြင်နေမှုများနှင့် ဆာဆာနီရှီကီစပါး စိုက်ခင်းများကို ကြည့်ရှုသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် တောင်သူပညာပေးစိုက်ကွင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေသော ဂျပန်မူရင်းမျိုးပိန်းဥစိုက်ခင်းများ၊ ကညွတ်စိုက်ခင်းနှင့် နေကြာ ရောနှောသီးနှံစိုက်ခင်းများကို ကြည့်ရှုပြီး လယ်ယာလုပ်သား လုလင်များ၊ ကောက်စိုက်လုံမေများအား ကျားဝတ်စုံ၊ မဝတ်စုံများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအား စိုက်ပျိုးထုတ်လုပ်ကြသော တောင်သူလယ်သမားများ အပါအဝင် လယ်မဲ့၊ ယာမဲ့ကျေးရွာသားများအတွက်လည်း ကိုင်းကျွန်းမြေ၊ ကျွန်းကိုင်းမြေဆိုသကဲ့သို့ ၁၂ ရာသီကာလပတ်လုံး အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများရရှိစေနိုင်သည့် လက်တွေ့ကျသော အကျိုးကျေးဇူးများဖြစ်သည်ကို ပြည်သူများသိရှိပျံ့နှံ့အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

သာယာဝတီခရိုင်အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း တရားမဝင်သစ်များ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးကို သာယာဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း ဦးဆောင်လျက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိများဖြစ်ကြသော ဦးဇော်ဝင်းအောင်၊ ဦးစောစီးလာ၊ ဦးမင်းဆွေ၊ ဦးဝင်းနိုင်၊ ဦးမြင့်သိန်းဦး၊ ဦးသန့်ရှင်းနှင့် အဖွဲ့သည် မြောက်ဇာမဏီကြိုးဝိုင်းနှင့် တောင်ညိုကြိုးဝိုင်းတို့အတွင်း မေ ၉ ရက်မှ ၁၅ ရက်အထိ တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးရေးအတွက် တောနင်းရှာဖွေခဲ့ရာ ကျွန်းသစ်စုစုပေါင်း ၂၉၄ လုံး (၇၂ ဒသမ ၈၄၂ တန်)၊ ကျွန်းခွဲသား အချောင်း ၄၀ (၃ ဒသမ ၄၂၃၂ တန်)၊ ပျဉ်းကတိုး ၃၆ လုံး (၁၃ ဒသမ ၄၀၃ တန်)၊ အခြားသစ်စုစုပေါင်း ၁၀၄ လုံး (၁၉ ဒသမ ၂၃၈ တန်)၊ ၄၅ ပေါင်ဝင်မီးသွေးအိတ် အလုံး ၅၀ (၇ ဒသမ ၇၄ တန်)၊ ယာဉ်အမှတ်မပါရှိသော LIFAN ခြောက်ဘီးယာဉ်နှစ်စီး၊ ဆိုင်ကယ်တစ်စီး၊ စက်လွှနှစ်လက်တို့ကို တောအတွင်းမှ ပိုင်ရှင်မဲ့ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(ကျော်ကြီး)

❒ **ရွှေဖုံးမှ**

မုံရွာမြို့ အလုံရေလမ်းကောင်းမွန်ရေး မျှောတိုင်တန်းကျောက်ဖြည့်ရေကာတာ အလျား ၉၅၂ ပေကို ဇန်နဝါရီလဆန်းတွင် စတင်တည်ဆောက်ရာ မေလတွင် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သလို အလုံ-စစ်ပင်ရပ်ကွက် ကမ်းပြိုကာကွယ်ရေးကျောက်စီမြေထိန်းနံရံ အလျားပေ ၁၂၉၀ တည်ဆောက်မှုကို ဖေဖော်ဝါရီ ၁၅ ရက်က စတင်ရာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ရေကာတာနှင့် မြေထိန်းနံရံများကို တည်ဆောက်ပေးခဲ့မှုကြောင့် လာမည့်နှစ်ရေနည်းချိန်တွင် မျှော်မှန်းထားသော ပင်မစီမံချက်ပါမြစ်ကြောင်း ပုံစံအတိုင်း ဖြစ်ပေါ်လာမည်ဖြစ်သလို အလုံ-စစ်ပင်ရပ်ကွက်တွင် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ထားမှုကြောင့် ကမ်းပါးအနီးရှိ လူနေအိမ်များနှင့် အလုံတာရိုးအား မိုးရာသီရေများချိန် ချင်းတွင်းမြစ်ရေ ဦးထိုးတိုက်စားမှုမှ အထူးကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ မိုးရွာကျလာသော မိုးရေ (ရေအရင်းအမြစ်)အများစုသည် မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်အားဖြင့် သော်လည်းကောင်း၊ မြေပြင်ဆင်းရေအဖြစ်လည်းကောင်း၊ မြေအောက်ရေစီးကြောင်းများမှတစ်ဆင့်သော်လည်းကောင်း ရောက်ရှိသွားကြပြီး ပင်လယ်သို့ ဦးတည်စီးဆင်းရာတွင် အကြောင်းကိစ္စသုံးရပ်ကြောင့် မြစ်ရေကို ထိန်းကျောင်းပေးရန်လိုအပ်လာကြောင်း သိရသည်။ မြစ်ရေထိန်းကျောင်းမှုလုပ်ငန်းများအနက် ပထမဦးဆုံးလုပ်ဆောင်သည့်လုပ်ငန်းမှာ မြစ်ရိုးတစ်လျှောက် မြစ်ရေများစီးဝင်မလာအောင် ကာပေးထားသည့်တာ (Enbankment) များ တည်ဆောက်ပေးခြင်းဖြစ်သည်။ မြစ်ကမ်းစပ်မှရေများ မြစ်ရေတက်ချိန်၌ လူနေရပ်ကွက်များ၊ လယ်ယာစိုက်ခင်းများအတွင်းသို့ စီးဝင်မလာနိုင်စေရန် မြစ်ရိုးတစ်လျှောက် မြစ်ရေကို ကာထားပေးသည့် ရေကာတာများအား မြင့်သည်ထက်မြင့်အောင် ဖို့ပေးခြင်းဖြင့် မြစ်ရေကို မြစ်ကြောင်းအတွင်း၌သာ စီးဆင်းစေရန် စီမံဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

မြစ်ရေထိန်းကျောင်းရန်အတွက် လူသားတို့၏ နောက်ထပ်ကြိုးပမ်းမှုမှာ မြောင်းဖြစ်အောင် တူးဖော်ထားသော တူးမြောင်း(ခ) ရေလမ်းကြောင်းဖြစ်ပြီး ခြောက်သွေ့သော ဒေသများတွင် မြစ်ရေကို တူးမြောင်းငယ်များဖြင့် လယ်ယာစိုက်ကွင်းများအတွင်းသို့ သွင်းယူစိုက်ပျိုးလာခဲ့ကြသလို ရေလမ်းနှစ်ခုကို ဆက်သွယ်နိုင်သည့် တူးမြောင်းကြောင့် ကွေ့ကောက်လှည့်ပတ်သွားရသော ခရီးရှည်ကို တိုသွားစေနိုင်သည်။

မြစ်ရေထိန်းကျောင်းသည့် တတိယအဆင့်ဖြစ်သော အဆင့်မြင့်နည်းမှာ မြစ်ရေစီးကြောင်းတစ်ခုလုံးကို တမံကြီးတစ်ခုဖြင့် ကန့်လန့်ဖြတ်တားဆီးကာ မြစ်ရေကို ဆည်အတွင်းတွင် သိုလှောင်ထားရှိပြီး လိုအပ်သလို ရေထုတ်လွှတ်ပေးသည့် ရေထုထည်စီးနှုန်းကွပ်ကဲရေးစနစ် (Discharge regulation) အသုံးပြုရန်ဖြစ်ကြောင်း သိရသည်။ ဤစနစ်ကို အခြေခံနည်းစနစ်ဖြင့် ဆောင်ရွက်၍ မရနိုင်တော့သည့် အခြေအနေမျိုးတွင်သာ အသုံးပြုလေ့ရှိပြီး အကြောင်းမှာ ဤစနစ်အတွက် ဆောင်ရွက်ရသည့် လုပ်ငန်းပမာဏနှင့် ရင်းနှီးရသည့် ငွေကြေးပမာဏမှာ ကြီးမားလှသောကြောင့်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုကြီးမားသော်လည်း ရရှိသည့်အကျိုးကျေးဇူးများမှာ ရေနည်းချိန်တွင် လိုအပ်သောရေပမာဏအနက် ရရှိစေနိုင်ခြင်း၊ ဆည်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ မြို့ပြသုံးရေ၊ အိမ်တွင်းသုံးရေနှင့် စက်ရုံသုံးရေများ ပေးဝေနိုင်ခြင်း၊ တမံ၏အောက်ဘက်ရှိ ယခင်က မြစ်ရေကြီးတတ်သည့် ဒေသများကို မြစ်ရေကြီးမှုမှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပင်လယ်ရေကြောင်းဆိုင်ရာ ကင်းထောက်လုပ်ငန်းများအတွက် အာဆီယံကို ဂျပန်နှင့်အမေရိကန်တို့ကူညီမည်

တိုကျို ဧပြီ ၁၉

ပင်လယ်ရေကြောင်းဆိုင်ရာ ကင်းထောက်လုပ်ငန်းများအား မြှင့်တင်နိုင်ရေးအတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နိုင်ငံများကို ဂျပန်နှင့်အမေရိကန် ပြည်ထောင်စုတို့က အကူအညီပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံတွင်ထုတ်ဝေသော ယိုမီယူရီရှင်ဘွန်းသတင်းစာက ဧပြီ ၁၉ ရက်တွင် ရေးသားဖော်ပြသည်။

ဂျပန်ကမ်းရိုးတန်းစောင့် တပ်ဖွဲ့ဝင်များ ပင်လယ်ဓားပြချေမှုန်းရေး စစ်ရေးလေ့ကျင့်ကြစဉ်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ဂျပန်နိုင်ငံသို့ လာမည့်ရက်သတ္တပတ်တွင် လာရောက်သည့်အခါ ဂျပန်ဝန်ကြီးချုပ်နှင့် ထိပ်သီးဆွေးနွေးပွဲကျင်းပမည်ဖြစ်ပြီး အာဆီယံနိုင်ငံများအား ပင်လယ်ရေကြောင်းဆိုင်ရာ ကင်းထောက်လုပ်ငန်းများနှင့် ပတ်သက်၍ အကူအညီပေးရေးကိစ္စကို ဆွေးနွေးမည်ဖြစ်ကြောင်း ယိုမီယူရီရှင်ဘွန်းသတင်းစာတွင် ဖော်ပြသည်။

အာဆီယံနိုင်ငံများအား ဂျပန်နှင့်အမေရိကန်နိုင်ငံတို့က ပူးပေါင်းအကူအညီပေးရေး အစီအစဉ်အရ ပင်လယ်ရေကြောင်း ကင်းထောက်လုပ်ငန်းအတွက် ကင်းလှည့်ရေယာဉ်များကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အမည်မဖော်သောသတင်းရပ်ကွက်ကို ကိုးကားလျက်သတင်းစာတွင် ရေးသားဖော်ပြသည်။

အာဆီယံအဖွဲ့အနေဖြင့် ပင်လယ်ရေကြောင်း ကာကွယ်ရေးစွမ်းပကားများ တိုးတက်မြင့်မားလာစေခြင်းဖြင့် ပင်လယ်ဓားပြတိုက်ဖျက်ရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ပင်လယ်ဓားပြနှိမ်နင်းရေးနှင့် မသင်္ကာဖွယ်ရာသင်္ဘောများ သွားလာမှုနှင့်ပတ်သက်၍ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး အစီအစဉ်တစ်ရပ်အတွက်လည်း ဂျပန်နှင့်အမေရိကန်တို့က အကူအညီပေးမည်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။ **ကျော်ဒိုး။**

တရုတ်နိုင်ငံတွင် ကျောက်မီးသွေးတွင်း ပြိုကျမှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံး

ပေကျင်း ဧပြီ ၁၉

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေကျိုးပြည်နယ်တွင် ကျောက်မီးသွေးတွင်း ပြိုကျမှုဖြစ်ပွားရာ အလုပ်သမားခုနစ်ဦး သေဆုံးကြောင်း ဧပြီ ၁၉ ရက်သတင်းတွင် ဖော်ပြသည်။

ဧပြီ ၁၈ ရက်က လီယူပန်ရှီးမြို့ရှိ ဝမ်တီယန် ကျောက်မီးသွေးတွင်း၏ မြေအောက်တွင် မိုင်းအလုပ်သမား ၁၃ ဦး အလုပ်လုပ်နေစဉ် ပြိုကျခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာန ဆင်ဟွာက ဖော်ပြသည်။

ဆေးကုသပေး

ကျောက်မီးသွေးတွင်း၏ အမိုးပြိုကျမှု ဖြစ်ပွားခဲ့ရာတွင် အလုပ်သမားခုနစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း၊ ခြောက်ဦးအသက်ဘေးမှ လွတ်မြောက်သွားကြောင်း၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့တင်ပို့ကုသပေးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ယူနန်ပြည်နယ် ဆီယာဟိန်တီ ကျောက်မီးသွေးတွင်း၌ ဧပြီ ၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရေလွှမ်းမိုးမှုဖြစ်ပွားရာ တွင်းအလုပ်သမား ၂၂ ဦး ပိတ်ပိနေပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိသည်။ **ဆင်ဟွာ။**

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ နစ်မြုပ်ခဲ့သော ကူးတို့သင်္ဘောကိုတွေ့ရစဉ်။

နစ်မြုပ် တောင်ကိုရီးယား ကူးတို့သင်္ဘော၏ ရေယာဉ်မှူးနှင့် သင်္ဘောသားနှစ်ဦးကို ဖမ်းဆီး

ဂျင်ဒို(တောင်ကိုရီးယား) ဧပြီ ၁၉

တောင်ကိုရီးယားနိုင်ငံတွင် နစ်မြုပ်သွားသည့် ကူးတို့သင်္ဘော၏ ရေယာဉ်မှူးနှင့် သင်္ဘောသားနှစ်ဦးကို စနေနေ့စောစောပိုင်းတွင် ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အစိုးရရှေ့နေများ၏ အဆိုအရ ရေယာဉ်မှူး လီဂျန်ဆုတ် (၆၉ နှစ်)အပေါ် စွဲဆိုထားသော စွပ်စွဲချက်များတွင် ခရီးသည်များဒုက္ခနှင့် ရင်ဆိုင်နေရချိန်တွင် ၎င်းက သင်္ဘောကို စွန့်ခွာသွားခဲ့သည်ဟူသော စွပ်စွဲချက် ပါဝင်သည်။

မစ္စတာလီကဲ့သို့ပင် တတိယရေယာဉ်မှူးဖြစ်သော အသက် (၂၆ နှစ်)ရှိ အမျိုးသမီးတစ်ဦးနှင့် အခြားသင်္ဘောသားတစ်ဦးတို့ကို တရားသူကြီးက ဖမ်းဆီးခွင့်ဝရမ်းအား အတည်ပြုပေးပြီးနောက် လက်ထိတ်ခတ်ကာအချုပ်ခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ အဆိုပါ တတိယရေယာဉ်မှူးသည် ဗုဒ္ဓဟူးနေ့ သင်္ဘောနစ်မြုပ်သည့်အချိန်တွင် ပဲ့ကိုင်တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

ပြည်သူများနှင့် ကြေကွဲဝမ်းနည်းနေကြသော ပြည်သူများကို ဦးညွှတ်၍ တောင်းပန်ပါကြောင်း မစ္စတာလီက ၎င်းကို အချုပ်ခန်းသို့ ခေါ်ဆောင်သွားစဉ် သတင်းထောက်များအား ပြောကြားခဲ့သည်။ **နယူးယောက်တိုင်း(မ်)။**

ပီရူးတောင်ပိုင်းရှိ ယူဘီနာ့စ်မီးတောင် လှုပ်ရှားမှုပြင်းထန်လာ

လီမာ ဧပြီ ၁၉

ပီရူးနိုင်ငံတောင်ပိုင်းရှိ ယူဘီနာ့စ်မီးတောင်လှုပ်ရှားမှုများ ပြင်းထန်လာခြင်းကြောင့် ယင်းမီးတောင်အနီးနေထိုင်သူများကို ရွှေ့ပြောင်းပေးလျက်ရှိကြောင်း အာဏာပိုင်များက ဧပြီ ၁၉ ရက်တွင် ပြောကြားသည်။

မီးတောင်တည်ရှိရာအနီး၌ နေထိုင်သူဒေသခံ ၄၀၀၀ နှင့် မွေးမြူရေး တိရစ္ဆာန်များကို ဘေးကင်းရာသို့ သုံးရက်ကြာမျှရွှေ့ပြောင်းပေးရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ယူဘီနာ့စ်မီးတောင်သည် ပီရူးနိုင်ငံတွင် လှုပ်ရှားမှုအများဆုံးမီးတောင်ဖြစ်ပြီး မကြာသေးမီရက်များအတွင်း မီးတောင်ပြာမှုန်များကို လေထုအတွင်းသို့ အမြင့်လေးကီလိုမီတာ (နှစ်မိုင်)အထိ မှုတ်ထုတ်ခဲ့သည်။

မီးတောင်ပြာမှုန်များကို ရှူရှိုက်မိရာမှ မျက်စိရောင်ရမ်းဝေဒနာနှင့် ဝမ်းဗိုက်နာကျင်မှုဝေဒနာ ခံစားကြရသူ ၄၀ ခန့်ကို ဆေးဝါးကုသပေးခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၆ ခုနှစ်အတွင်း အဆိုပါ မီးတောင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိပ်ဓာတ်ငွေ့များပျံ့လွင့်မှုကြောင့် မွေးမြူရေး တိရစ္ဆာန်များ သေဆုံးခဲ့ရသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း မီးတောင်ရပ်ဝန်းဒေသ၌ အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

မီးတောင်အနီးနေထိုင်သူဒေသခံများနှင့် ၎င်းတို့ပိုင်မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၃၀၀၀၀ ခန့်ကို မီးတောင်ဒေသမှ ကီလိုမီတာ ၂၀(၁၂ မိုင်) အကွာသို့ ရွှေ့ပြောင်းကြရန် စိုက်ပျိုးရေးဝန်ကြီးဌာနက ညွှန်ကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ဘေးဒုက္ခရောက်ရသော ပြည်သူများအား ဘဏ္ဍာရေး အကူအညီများပေးရန် စီစဉ်ထားကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

အမြင့် ၁၈၆၀၉ပေရှိသည့် အဆိုပါ မီးတောင်သည် ပီရူးနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ အရီကျူပီနာ၏ အရှေ့ဘက် ကီလိုမီတာ ၁၀၀ အကွာတွင် တည်ရှိသည်။ **ဘီဘီစီ။**

အမေရိကန်နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ နယ်စပ်ဒေသ၌ လုံခြုံရေး ဆောင်ရွက်စဉ်။

အမေရိကန် တက္ကဆက်ပြည်နယ် နယ်စပ်ဒေသ၌ ခိုးဝင်လာသူ ၈၀ ခန့် ဖမ်းဆီးရမိ

ဝါရှင်တန် ဧပြီ ၁၉

တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ၈၀ ခန့်ကို အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် နယ်စပ်ဒေသ၌ ဖမ်းဆီးရမိကြောင်းဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူများကို တက္ကဆက်ပြည်နယ်တောင်ပိုင်းရှိ ယာယီထိန်းသိမ်းရေးစခန်း၌ ထိန်းသိမ်းထားရှိသည်။

၎င်းတို့သည် တင်းနစ်ကွင်းဟောင်းအနီးရှိ ချုံတောတစ်နေရာတွင် ရွက်ဖျင်တဲများထိုးကာ စခန်းချနားနေလျက်ရှိချိန်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ကင်းလှည့်အဖွဲ့က ရှာဖွေတွေ့ရှိရကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒင်နီတီရာဒိုက ပြောကြားသည်။

ယင်းသို့ဖမ်းဆီးရမိခဲ့ပြီးနောက် မကြာမီတွင် နယ်စပ်ဒေသ အယ်လ်တန်မြို့ရှိ အဆောက်အအုံနှစ်လုံးမှ တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ၁၃၂ ဦးကို နယ်ခြားစောင့်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိသည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။

အမေရိကန်-မက္ကဆီကိုနယ်စပ်ဒေသ၌ လွန်ခဲ့သည့်နှစ်က ဥပဒေမဲ့ခိုးဝင်လာသူ လူပေါင်း ၁၅၄,၀၀၀ကျော်အထိ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **ပီတီအိုင်။**

ဗီယက်နမ်-တရုတ်နယ်စပ်တွင် ပစ်ခတ်မှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံး

ဟနွိုင်း ဧပြီ ၁၉

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကွမ်နင်းပြည်နယ်နယ်စပ်တွင် ဧပြီ ၁၈ရက်က ပစ်ခတ်မှုဖြစ်ပွားရာ တရုတ်လူမျိုးငါးဦးနှင့် ဗီယက်နမ် နှစ်ဦး သေဆုံးကြောင်း၊ သေဆုံးသူ ဗီယက်နမ်နှစ်ဦးမှာ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ ဖြစ်ကြကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

တရားမဝင်ရွှေ့ပြောင်းလို

တရုတ်လူမျိုးငါးဦး ပါဝင်သော အုပ်စုမှာ ဗီယက်နမ်နိုင်ငံအတွင်းသို့ တရားမဝင် ရွှေ့ပြောင်းနေထိုင်ရန် ကြိုးစားသူများဖြစ်ကြကြောင်းသတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသူများကို ဗီယက်နမ် အစိုးရက လုပ်ထုံးလုပ်နည်းအတိုင်း နေရင်းနိုင်ငံသို့ ပြန်ပို့ရန် ကြိုးစားစဉ် အစောင့်တစ်ဦး၏ သေနတ်ကို ဆွဲလု၍ ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်နယ်ခြားစောင့် တပ်ဖွဲ့ဝင်တစ်ဦး ချက်ချင်းပင် သေဆုံးသွားကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

မြေးချီရတော့မည့်အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်းဟီလာရီကလင်တန်

နယူးယောက် မေ ၁၉

အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်တို့၏သမီး ချယ်လ်ဆီးကလင်တန်သည် ပထမဆုံးအကြိမ် ကိုယ်ဝန်ဆောင်လွယ်ထားရပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည့်အတွက် သမ္မတဟောင်းနှင့် သမ္မတဖြစ်နိုင်ခြေရှိသူ ဟီလာရီကလင်တန်တို့သည် မြေးဦးချီမည့် အဘိုးအဘွားများအဖြစ် ပြင်ဆင်ထားကြရတော့မည်ဖြစ်သည်။

အသက် (၃၄)နှစ်ရှိ ချယ်လ်ဆီးကလင်တန်နှင့် ၎င်း၏ခင်ပွန်း မက်မက်ဇ်ဗင်စကီတို့သည် အလွန်စိတ်လှုပ်ရှားလျက်ရှိပြီး မိသားစုဘဝထဲသို့ ကလေးတစ်ယောက် ဝင်ရောက်လာရန်ကြိုဆိုရခြင်းမှာ ကံကောင်းသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

"ကျွန်မအမေက ကျွန်မအတွက် မိခင်ကောင်းတစ်ယောက်ဖြစ်ခဲ့သလို ကျွန်မကလေးအတွက် ကျွန်မလည်းမိခင်ကောင်းတစ်ယောက်ဖြစ်မယ်လို့မျှော်လင့်ပါတယ်"ဟု ချယ်လ်ဆီးကလင်တန်က မိခင်ဟီလာရီကလင်တန်ကို ဂုဏ်ယူစွာကြည့်၍ပြောကြားခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ချယ်လ်ဆီးကလင်တန်၏ ကိုယ်ဝန်ဆောင်လွယ်ခြင်းမှာ မိခင် ဟီလာရီကလင်တန်အနေဖြင့် ၂၀၁၆ သမ္မတရွေးကောက်ပွဲတွင် ဒုတိယအကြိမ် သမ္မတလောင်းအဖြစ် ဝင်ရောက်အရွေးချယ်ခံရန် စဉ်းစားချိန်ဆနေသည့်ကာလနှင့် တိုက်ဆိုက်လျက်ရှိသည်။

" ယောကျ်ားလေးဖြစ်ဖြစ် မိန်းကလေးဖြစ်ဖြစ် ကျွန်မကတော့ အရမ်းဝမ်းသာပါတယ်။ ဒီနှစ်နှောင်းပိုင်းမှာ သူဟာ ကျွန်မတို့မိသားစုဘဝထဲကို ကံကောင်းခြင်းတွေ ယူဆောင်လာပါလိမ့်မယ်" ဟု ချယ်လ်ဆီးကလင်တန်က ပြောကြားသည်။ **(ဝါရှင်တန်ပို့စ်)**

ဗြိတိန်နံပတ်တစ်တင်းနစ်မယ်ရော့ဘ်ဆင်ပြင်သစ်အိုးပင်းနှင့်ဝင်ဘယ်ဒန်ပြိုင်ပွဲလွဲချော်မည်

လန်ဒန် မေ ၁၉

ဗြိတိန်နံပတ်တစ် တင်းနစ်မယ် ရော့ဘ်ဆင်သည် လက်ကောက်ဝတ်ဒဏ်ရာခွဲစိတ်ကုသမှုခံယူထားရ ခြင်းကြောင့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတို့တွင် ပါဝင်ကစားနိုင်မည်မဟုတ် ဘဲ လွဲချော်လိမ့်မည်ဖြစ်သည်။

အသက်(၂၀)အရွယ်ရှိ ဗြိတိန်တင်းနစ်မယ် ရော့ဘ်ဆင်သည် ယခု ၂၀၁၄ ခုနှစ်တွင် တစ်ပွဲသာလျှင် ပါဝင်ကစားထားနိုင်ခဲ့သည်။ ယင်းပွဲမှာလည်း ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဖြစ်ပြီး အဆိုပါဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပထမအဆင့်၌ပင် ကာစတန်ဖလစ်ကန်အား ရှုံးနိမ့်ခဲ့သည်။ယင်းပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် (၆၄) နေရာသို့ ကျဆင်းခဲ့ရသည်။

ရော့ဘ်ဆင်သည် ၂၀၁၃ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း လက်ရှိတွင် ၎င်း၏ လက်ကောက်ဝတ်ဒဏ်ရာကို ဒေါက်တာရစ်ချက်ဘာဂါနှင့် ကုသလျက်ရှိပြီး ၂၀၁၄ ခုနှစ် ဇွန် ၂၃ ရက်မှ ဇူလိုင် ၅ ရက်အထိ ယှဉ်ပြိုင်ကစားမည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင်မှု လွဲချော်ရလိမ့်မည် ဖြစ်သည်။

ရော့ဘ်ဆင်သည် ၂၀၁၂ နှင့် ၂၀၁၃ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတို့တွင် ပထမအဆင့်နှင့်ပင် ထွက်ခဲ့ရသူဖြစ်ပြီး ၂၀၁၂ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ၁၆ ဦးအဆင့်နှင့်ပင် ကျေနပ်ခဲ့ရသည်။ သို့ရာတွင် ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်တို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်မှု အမျိုးသမီးတစ်ဦးချင်းနောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည်။ **(ဘီဘီစီ)**

အာဂျင်တီးနားဘောလုံးပြိုင်ပွဲ ပရိသတ်နှင့် ရဲတပ်ဖွဲ့များ ခိုက်ရန်ဖြစ်ပွား

ဗျူနိုအေရိစ် မေ ၁၉

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ် စီရင်စုနယ်မြေ ဘာရစ်ဆိုမြို့တွင် မေ ၁၈ ရက်က ဘောလုံးပြိုင်ပွဲတစ်ခုတွင် ပရိသတ်နှင့် ရဲတပ်ဖွဲ့များ ရုန်းရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားခဲ့ပြီး အနည်းဆုံး ရဲအရာရှိသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပရိသတ်နှစ်ဦးကို ဖမ်းဆီးထားသည်။

ဒုတိယတန်းပြိုင်ပွဲ ပွဲစဉ်တစ်ခုဖြစ်သည့် ဗီလာဆန် ကားလို့စ်အသင်းအနှင့် ဘိုကာ ယူနီဒိုစ် ဒီ ကော်ရီးရန့်စ် အသင်းတို့ယှဉ်ပြိုင်သည့် ပွဲစဉ်တွင် ပထမပိုင်း မပြီးဆုံးမီ နာကျင်အချိန်ပို ပိုမိုမပေးရန် တားမြစ်ရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အရန်အတားများကို ရိုက်ချိုးဖျက်စီးခြင်းနှင့် အိမ်ရှင်အသင်းဖြစ်သည့် ဗီလာဆန် ကားလို့စ်အသင်း၏ ဘာရစ်ဆိုမြို့ရှိ ဘောလုံးကွင်းဘေးတွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး အိမ်ရှင်အသင်းက အဝေးကွင်းလာရောက်ယှဉ်ပြိုင်ကစားသည့် ဘိုကာ ယူနီဒိုစ် ဒီ ကော်ရီးရန့်စ်အသင်းကို ၄၄ မိနစ်တွင် နှစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်လျက်ရှိသည်။ ရဲတပ်ဖွဲ့များက လူအုပ်ကြီးကို ထိန်းချုပ်ရန် ရော်ဘာကျည်ဆန်များနှင့် မျက်ရည်ယိုဓာတ်ငွေ့များကို နာရီဝက်ခန့်ကြာ အသုံးပြုထိန်းချုပ်ခဲ့ရသည်။

ဒိုင်လူကြီးအဖြစ်ဆောင်ရွက်သည့် ရာမီယို လိုပက်ဇ်က လုံခြုံရေးအခြေအနေ ဆိုးရွားမှုကြောင့် ပြိုင်ပွဲကို ဆိုင်းငံ့ထားလိုက်သည်။ ဗီလာဆန် ကားလို့စ်အသင်းမှာ လောလောဆယ် အမှတ်ပေးဇယားအောက်ဆုံးနေရာတွင် ရပ်တည်နေပြီး တတိယတန်းပြိုင်ပွဲသို့ တန်းဆင်းရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် အသင်းဖြစ်သည်။ **(ဆင်ဟွာ)**

အမေရိကန်ရေတပ်အကယ်ဒမီ ဘောလုံးအသင်းမှ လက်ဆောင်အဖြစ် ပေးအပ်သော ဂျာစီအား အမေရိကန် သမ္မတအိုဘားမား အိမ်ဖြူတော်၌ ပြသစဉ်။ (ဆင်ဟွာ)

မြန်မာ နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ် တည်လိုက်သည်နှင့် အနှစ်နှစ်အလလက ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အထစ်အငေါ့များမှာ လုံးဝမဟုတ်သေးသည့်တိုင် အတော်ပင်လမ်းပွင့်သွားခဲ့ပြီ ဖြစ်ပါသည်။ နိုင်ငံတကာ၏ ပိတ်ဆို့မှုများ၊ စီးပွားရေးဒဏ်ခတ်မှုများ လျော့ပါးလာသည်နှင့်အမျှ နိုင်ငံတကာနှင့်ဆက်ဆံရေးမှာ အရှိန်မြင့်လာလျက် နိုင်ငံတော်၏ပြုပြင်တည်ဆောက်မှုအတွက် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများမှာ အံ့သြဖွယ်တိုးတက်မှုရှိခဲ့သည်ကို မြင်ရသည်။ နိုင်ငံတကာက မြန်မာနိုင်ငံ၏ ပကတိသွင်ပြင်ကို တွေ့လာရသည်နှင့်အမျှ မြန်မာအပေါ် ယခင်ကတစ်ဖက်သတ်ရှုမြင်မှုများသည် အပေါင်းလက္ခဏာဆောင်သော အကောင်းမြင်ရှုထောင့်သို့ ပြောင်းလဲလာခဲ့သည်။ တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည့်နည်းတူ ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် နိုင်ငံခြားသားဝင်၊ ထွက်မှုများမှာလည်း အချိန်တိုအတွင်း ကိန်းဂဏန်းများ တိုးပွားလာသည်ကို တွေ့ရှိရသည်။

ရေစီးထဲက ဒိုက်ဖတ်များ

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ အမျိုးသားဝင်ငွေရလုပ်ငန်းဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး GDP (Gross Domestic Product)ကို များစွာအထောက်အပံ့ ဖြစ်စေသည်။ ကမ္ဘာလုံးဆိုင်ရာအနေဖြင့်ဆိုရလျှင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းအထိပင်ရှိသည်ဟု ဆိုသည်။ ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့၏ ၂၀၁၂ ခုနှစ် အစီရင်ခံစာအရ ၂၀၁၁ ခုနှစ်က ကမ္ဘာတစ်ဝန်းလုံးတွင် လူဦးရေသန်း ၁၀၀၀ ကျော် ခရီးသွားခဲ့ကြပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၁၂၀၀ သုံးစွဲခဲ့ကြသည်ဟု ဆိုသည်။

၂၀၁၁-၂၀၁၂ စာရင်းဇယားအရ အရှေ့တောင်အာရှနိုင်ငံများအနက် မလေးရှားနိုင်ငံသည် ခရီးသည် ၂၃ သန်း ဝင်ရောက်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၈ ဒသမ ၇ ဘီလီယံရှိခဲ့သည်။ အလားတူပင် ထိုင်းနိုင်ငံက ခရီးသည် ၂၀ သန်းထံမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ၊ စင်ကာပူခရီးသည် ၁၂ ဒသမ ၅ သန်းဝင်ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ အသီးသီးရရှိခဲ့ကြသည်။ မြန်မာနိုင်ငံ၏အခြေအနေမှာ ၂၀၁၀ ခုနှစ်တွင် ခရီးသည် ခြောက်သိန်းကျော်၊ ၂၀၁၁ ခုနှစ်တွင် ရှစ်သိန်းကျော်၊ ၂၀၁၂ ခုနှစ်တွင် ၁၂ သိန်းကျော်၊ ၂၀၁၃ ခုနှစ်တွင် ၁၅ သိန်းကျော်စသည်ဖြင့် တိုးတက်ဝင်ရောက်ခဲ့ကြောင်း တွေ့ရသည်။ သို့သော် ဤကိန်းဂဏန်းများသည် မိမိ ဝန်းကျင်ရှိနိုင်ငံများ၏ အစွန်းထွက်မျှသာ ရှိနေသေး သည်ကို တွေ့ရပေသည်။

နိုင်ငံခြားသားခရီးသည်များ သွားလာမှုလွယ်ကူစေရေးအတွက် ယခင်က မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်ဆိပ်ကမ်း ဝင်ပေါက်သာရှိခဲ့ရာမှ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် မြန်မာ-ထိုင်းနယ်စပ်ဝင်ထွက်ပေါက် (တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ ဘုရားသုံးဆူ၊ လမ်တောင်၊ဝမ်ပုံ) ခြောက်ပေါက်နှင့် မြန်မာ-တရုတ်နယ်စပ်ဝင်၊ ထွက်ပေါက် (မူဆယ်၊ လောက်ကိုင်၊ ကွမ်းလုံ၊ မိုင်းလား၊ လွယ်ဂျယ်၊ ပန်ခမ်း) ခြောက်ပေါက်ကို တိုးမြှင့်ခွင့်ပြုဖွင့်လှစ်ပေးခဲ့သည်။

တရုတ်နိုင်ငံခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန် ပြောခဲ့သည့် အဆိုအမိန့်အတိုင်း တံခါးဖွင့်လိုက်သောအခါ အလင်းရောင်ဝင်လာသကဲ့သို့ ယင်ကောင်များ၊ ဖုန်မှုန့်များလည်း ပါလာမည်ဆိုခြင်းကိုလည်း မမေ့အပ်ပါ။ နိုင်ငံခြားသားဧည့်သည်တိုင်း ရွှေဧည့်သည်ချည်း မဟုတ်ပါ။ ခဲမူးစေ့များလည်း ပါလာတတ်ပါသည်။ အကျင့်ပျက်ဧည့်သည်များနှင့်အတူ အကြမ်းဖက်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုများ၊ လောင်းကစားလုပ်ငန်းများ၊ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ၊ ယဉ်ကျေးမှုအနုပညာပစ္စည်းခိုးထုတ်မှုများ၊ မိမိယဉ်ကျေးမှုပျက်စီးခြင်းများနှင့် အခြားသောနိုင်ငံတကာနှင့်ဆက်စပ်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ ဖြစ်ပွားတတ်ပါသည်။

> **ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားဆိုပြီး မျက်စိမှိတ်အထင်မကြီးပါနှင့်၊ သူတို့လည်း လူထဲက လူသာ ဖြစ်ပါသည်။ လူကောင်းရှိသလို လူဆိုးလည်း ရှိကြပါသည်။ ဖြောင့်မတ်သူရှိသလို ကောက်ကျစ်ယုတ်မာသူများလည်း ရှိပါသည်။**

ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ (Tourist Police) ကို ၁၄-၂-၂၀၁၃ ရက်တွင် စတင်ဖွဲ့စည်းခွင့်ရခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားများ၏ ပစ္စည်းလုယက်ခံရမှုများ၊ အခိုးခံရမှုများ၊ ပျောက်ဆုံးမှုများကို ကူညီစုံစမ်းဖော်ထုတ်ပြီး ပြန်လည်ပေးအပ်ခြင်း၊ သတ်မှတ်နယ်မြေအတွင်း လှည့်လည်သွားလာလေ့လာမှုများတွင် အဆင်ပြေချောမွေ့မှုရှိစေရန် ကူညီပေးခြင်း၊ လူလိမ်များ၏ဘေးမှ ကင်းဝေးစေရန်နှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုရှိစေရန် ကူညီဆောင်ရွက်ပေးခြင်းများကို ပြုလုပ်ပေးနိုင်ခဲ့သည်။ ထိုသို့ မိမိဘက်မှ အကောင်းမြင်စိတ်ဖြင့် အိမ်သာမှဧည့်လာစေရေးအတွက် အကောင်းဆုံးကူညီမှုများ ပေးနေသည့်တိုင် ဤကမ္ဘာလှည့်ခရီးသွားများထဲ၌ ခဲမူးစေ့ဖွတ်ဧည့်သည်များ ပါဝင်လာသည်ကို တွေ့နေရပါသည်။

၉-၄-၂၀၁၄ ရက် ၁၀ နာရီခွဲအချိန်က ရန်ကုန်မြို့ ပြည်လမ်းနှင့် ကျွန်းတောလမ်း Junction Square ရှိ ကျောက်မျက်ရတနာဆိုင်သို့ နိုင်ငံခြားသား နှစ်ဦးရောက်ရှိလာခဲ့ပြီး ရတနာများဝယ်ယူမည့်အသွင်ဖြင့် စိန်ထည်များကို ပြသစေပြီး ကြည့်ရှုခဲ့သည်။ ထို့နောက် ပစ္စည်းမကြိုက်ကြောင်းပြောပြီး ထွက်သွားခဲ့သည်။ ၎င်းတို့ ထွက်သွားပြီးနောက် ပစ္စည်းများကို ပြန်စစ်ကြည့်ရာ စိန်ထည်ပစ္စည်း နှစ်မျိုး စုစုပေါင်း ကျပ်သိန်း ၂၀၀ ကျော်ဖိုး ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။ ရဲတပ်ဖွဲ့က အခင်းဖြစ်ဆိုင်ရှိ CCTV ကင်မရာမှ မှတ်တမ်းများကို ပြန်လည်စစ်ဆေးခဲ့၍ ပြစ်မှုကျူးလွန်သူကို အတည်ပြုဖော်ထုတ်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရှာဖွေစစ်ဆေးခဲ့သဖြင့် ထိုင်းလေကြောင်းလိုင်းဖြင့် ပြည်ပသို့ပြန်ထွက်ရန် ပြင်ဆင်နေသော ပါကစ္စတန်နိုင်ငံသား နှစ်ဦးအား ခိုးရာပါသက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် ၎င်းတို့ထံမှ ရွှေထည်ပစ္စည်းမျိုးစုံ ၈၉ မျိုးကိုပါ တွေ့ရှိသိမ်းဆည်းရရှိခဲ့သဖြင့် သတင်းဆက် စစ်ဆေးဖော်ထုတ်ခဲ့ရာမှ ၎င်းတို့နှစ်ဦးသည် ပြည်တွင်းသို့ ရန်ကုန်လေဆိပ်မှ ဝင်လာခဲ့ပြီးနောက် ကားတစ်စီးငှားလျက် ပျဉ်းမနားမြို့ မြို့မဈေးရှိ ရွှေဆိုင်မှ ရွှေထည်ခြောက်မျိုး (၄ ကျပ်သား ၁၀ ပဲသားခန့်)၊ မန္တလေးမြို့ ကျောက်သပိတ်ဈေး ရွှေဆိုင်မှ ရွှေထည်ပစ္စည်းမျိုးစုံ ၅၈ မျိုး (၈ ကျပ်သား ၂ ပဲ ၄ ရွေး)၊ မန္တလေးမြို့ ရတနာပုံဈေးရှိ ရွှေဆိုင်မှ ရွှေထည်လေးမျိုး (၅ကျပ်သား ၁၀ ပဲ ၃ ရွေး)တို့ကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။ ကျောက်သပိတ်ဈေးနှင့် ရတနာပုံဈေးတို့မှ ခိုးယူခဲ့မှုများမှာ သက်ဆိုင်ရာရဲစခန်း၌ အမှုဖွင့်ထားခဲ့ခြင်းမရှိဘဲ ယခုစစ်ဆေးချက်အရ ပေါ်ပေါက်မှသာ အမှုဖွင့်အရေးယူမှုများ ပြုလုပ်ခဲ့ရခြင်းဖြစ်သည်။

ထက်ခေါင်

ထိုသို့သောဖြစ်စဉ်မှာ ၂၂-၃-၂၀၁၃ ခုနှစ်ကလည်း မန္တလေးမြို့တွင် ဖြစ်ပွားခဲ့ဖူးသည်။ ထိုစဉ်က အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံသားဟုဆိုသူ နှစ်ဦးက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရတနာဆိုင်ကြီးတစ်ဆိုင်တွင် ရတနာများဝယ်ယူမည်ဟုပြောဆို၍ စိတ်ကြိုက်ရတနာလက်ဝတ်ပစ္စည်းမျိုးစုံ ကျပ်သိန်းပေါင်း ၁၅၀၀ ဖိုးခန့်ကို ရွေးချယ်ချိပ်ပိတ်ကာ နောက်နေ့တွင် ငွေပေးချေပြီး လာယူမည်ဟုပြော၍ အဆိုပါရတနာထုပ်ကို ဆိုင်၌ပင် အသင့်သိမ်းပေးထားရန် အယုံသွင်းကာပြန်လည်အပ်နှံထားခဲ့ခြင်းဖြစ်သည်။ နောက်တစ်နေ့တွင် ပစ္စည်းလာမယူသဖြင့် ဖွင့်ကြည့်ရာ ဆိုင်မှထုပ်ပိုးပေးထားသော ကျောက်မျက်များအစား ကျောက်မျက်ရတနာအတုများ ဖြစ်နေသည်ကို တွေ့ရသဖြင့် လိမ်လည်သွားသူ အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံသား နှစ်ဦးကို အရေးယူပေးရန် တိုင်ကြားခြင်း ဖြစ်သည်။ သို့သော် အမှုဖွင့်ရက်မတိုင်မီမှာပင် အဆိုပါနှစ်ဦးမှာ ထိုင်းလေကြောင်းလိုင်းဖြင့် ဗန်ကောက်သို့လစ်ထွက်သွားပြီဖြစ်၍ ဖမ်းဆီးရမိခြင်းမရှိဘဲ ခြေရာပျောက်သွားခဲ့သည်။

အခြားအမှုတစ်ခုမှာ မြန်မာနိုင်ငံသို့ ကလေးသူငယ်များကို လိင်အလွဲသုံး (Child Sex Abuse) ပြုလုပ်ရန် ဝင်ရောက်ခဲ့သော ကမ္ဘာလှည့်ခရီးသွားပုဂ္ဂိုလ်ဖြစ်သည်။ အဆိုပါတရားခံအား အင်တာနက်မှတစ်ဆင့် ခြေရာခံမိပြီး ၎င်း၏မိခင်နိုင်ငံ ဂျာမနီနိုင်ငံက ဖမ်းဆီးအရေးယူခဲ့မှု ဖြစ်သည်။ ထိုမျှသာမကသေး မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းလုပ်ရန် အကြောင်းပြလာရောက်လျက် မိမိနိုင်ငံသားများထံမှ အမေရိကန်ဒေါ်လာ သိန်းသန်းချီ၍ လိမ်လည်မှုကျူးလွန်ခဲ့ကြသော နိုင်ငံခြားသားများလည်း ရှိသည်။ နိုင်ငံခြားသားဆိုလျှင် အထင်ကြီးကြရာမှ ပြစ်မှုဖြစ်ပွားခြင်းဖြစ်၏။

ထို့ကြောင့် နိုင်ငံအနေဖြင့် မီးခိုးမထွက်သော စက်ရုံအဖြစ်တင်စားထားသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်ရေးကို နိုင်ငံဝင်ငွေတိုးတက်စေရန်အတွက် တိုးမြှင့်ဆောင်ရွက်ခြင်းမှာ အလွန်ကောင်းပါသည်။ သို့သော် အားလုံးသည် ရွှေဧည့်သည်များချည်းမဟုတ်ပါ။ မိမိဆီမှ အဖိုးမဖြတ်နိုင်သော ပဲ့ပါသွားနိုင်သည့် ဆုံးရှုံးနိုင်မှုများကိုလည်း ပြည်သူတစ်ရပ်လုံး သတိထားသင့်ကြပါ၏။ ပြစ်မှုဖြစ်လာမှ ရဲတိုင်ရုံဖြင့် မပြီးပါ။ ကိုယ်စီအသိဖြင့် ကြိုတင်ကာကွယ်မှုများ လုပ်ကြရပါမည်။ အထက်ပါရတနာခိုးယူသူ ပါကစ္စတန်နိုင်ငံသားကိုမိခဲ့ခြင်းမှာ ဆိုင်၌ လုံခြုံရေးကင်မရာ CCTV တပ်ဆင်ထားရာမှ ခြေရာခံဖမ်းဆီးနိုင်ခြင်းဖြစ်ပါသည်။ ဆိုင်ကြီးများ၊ ဟိုတယ်များသည် ဆင်ဝယ်ပြီးမှ ချွန်းဖိုးမနှမြောသင့်ပါ။ အချို့စီးပွားရေးလုပ်ငန်းရှင်များသည် သောင်းဂဏန်း၊ သိန်းဂဏန်းမျှသာ ကုန်ကျမည့် CCTV လုံခြုံမှုစနစ်ကို ယနေ့တိုင်တပ်ဆင်ခြင်း မရှိသေးပါ။ ဤကိစ္စသည် ရဲကခိုင်း၍သာ လုပ်ရမည့် အလုပ်မျိုးမဟုတ်ပါ။ မိမိ၏ လုပ်ငန်းလုံခြုံရေးအတွက် အထောက်အပံ့ဖြစ်ကြောင်း သတိချပ်သင့်ပါသည်။

CCTV ကင်မရာတပ်ဆင်ထားခြင်းကြောင့် ဟိုတယ်နာမည်ပျက်မှုမှ ကာကွယ်နိုင်ခဲ့ပုံ သာဓကရှိပါသည်။ ၁၂-၂-၂၀၁၄ ရက် ည ၇ နာရီခွဲက အမှတ်(၁၃၂) အစုန် လားရှိုး-မန္တလေးရထားဖြင့် လိုက်ပါလာသော အင်္ဂလန် နိုင်ငံသားခရီးသည်က ၎င်း၏ ကင်မရာများ၊ ကင်မရာ မှန်ဘီလူးများနှင့် ipad တို့ထည့်ထားသော စုစုပေါင်း ကာလတန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၀၅၁ ရှိ (မြန်မာငွေကျပ် ၁၁၈ သိန်းကျော်ဖိုး) အနက်ရောင် ခရီးဆောင် ကျောပိုးအိတ် အသေးတစ်လုံးမှာ နောင်ချိုဘူတာသို့ ရောက်ချိန်တွင် ပျောက်ဆုံးသွားသဖြင့် ထောက်ခံစာ လုပ်ပေးပါရန် မန္တလေးရဲစခန်းသို့ အမှုတိုင်ခဲ့ပါသည်။ အမှုအား ရထားရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခဲ့ရာ ၎င်းနိုင်ငံခြားသားသည် ရထားပေါ်တက် လာစဉ်နှင့် ရထားပေါ်မှ ဆင်းသွားချိန်တို့တွင် အသားရောင်နှင့် အနက်ရောင်ခရီးဆောင်ကျောပိုးအိတ် နှစ်လုံးသာပါရှိခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ပါသည်။ ဆက်လက်၍ သီပေါတွင် ၎င်းတည်းခိုခဲ့သော တည်းခိုခန်းနှင့် မန္တလေးသို့ ရောက်ရှိလာစဉ် တည်းခိုခဲ့သော ဟိုတယ်တို့မှ CCTV လုံခြုံရေးကင်မရာ မှတ်တမ်းကိုစိစစ်ခဲ့ရာ လာရောက်တည်းခိုစဉ်မှ ပြန်ထွက်သွားသည်အထိ ၎င်းတွင် အသားရောင်နှင့် အနက်ရောင် ကျောပိုးအိတ်နှစ်လုံးသာ ပါရှိကြောင်း အခိုင်အမာတွေ့ရှိခဲ့ရပြီး ပစ္စည်းပျောက်ဆုံးမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ တိုင်ကြားခဲ့မှုမရှိကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် နိုင်ငံအတွင်းဝင်လာစဉ် အကောက်ခွန်ကြေညာလွှာ၌လည်း မည်သည့်ပစ္စည်းမျှ ပါမလာကြောင်းဖြည့်သွင်းထားသည်ကို စိစစ်တွေ့ရှိရပါသည်။ ထို့ကြောင့် အဆိုပါ အင်္ဂလန်နိုင်ငံသားသည် ၎င်းပျောက်ဆုံးသည်ဟု အမှုဖွင့်ခဲ့သည့် အနက်ရောင်ကျောပိုးအိတ်အသေးဆိုသည်မှာ မူလကပင် ပါရှိလာခြင်းမရှိဘဲ လိမ်လည်အမှုဖွင့်၍ ထောက်ခံချက်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဤသို့သော ဒိုက်ဖတ်ခရီးသွားများသည် ၎င်းတို့အကျိုးအတွက် မိမိနိုင်ငံကို ခုတုံးလုပ်ပြီး ဂုဏ်သိက္ခာကျဆင်းအောင်လုပ်ကြသည့် ဖွတ်ဧည့်သည်များဖြစ်ကြပါသည်။ ထိုသို့သော ပုဂ္ဂိုလ်မျိုးများကို မိမိနိုင်ငံ၏တည်ဆဲဥပဒေများအရ အားမနာတမ်း ပြန်လည်အရေးယူကြရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားဆိုပြီး မျက်စိမှိတ်အထင်မကြီးပါနှင့်၊ သူတို့လည်း လူထဲက လူသာ ဖြစ်ပါသည်။ လူကောင်းရှိသလို လူဆိုးလည်း ရှိကြပါသည်။ ဖြောင့်မတ်သူရှိသလို ကောက်ကျစ်ယုတ်မာသူများလည်းရှိပါသည်။ နိုင်ငံခြားသားများ အဖိုးတန်ပစ္စည်းလာဝယ်လျှင် စေ့စပ်သေချာစွာပြသပါ။ စနစ်တကျပြန်သိမ်းပါ၊ ပျောက်ဆုံးလျှင် ချက်ချင်းရဲစခန်းသို့ တိုင်ချက်ဖွင့်ပါ၊ (အချို့မှာ နိုင်ငံတကာလှည့်ပြီး လိမ်လည်နေကြသူများဖြစ်သဖြင့် အချိုကြီးရပြီးသည်နှင့် ချက်ချင်း နိုင်ငံပြင်ပသို့ ပြန်ထွက်ကာ ခြေရာဖျောက်ကြပါသည်) မိမိအဆောက်အအုံ၊ မိမိဟိုတယ်၊ မိမိဆိုင်ကြီးများတွင် CCTV လုံခြုံရေးကင်မရာများ၊ အခြားသောခေတ်မီလုံခြုံရေးအထောက်အကူပြုကိရိယာများ တပ်ဆင်အသုံးပြုကြခြင်းဖြင့် ခဲမူးစေ့တို့၏မှုခင်းကျူးလွန်မည့် အခြေအနေမှ ကြိုတင်ကာကွယ်ကြရန်လိုပါသည်။ နိုင်ငံတော်သည် ပွင့်လင်းမြင်သာမှုဖြင့် ဒီမိုကရေစီရေစီးကြောင်းလမ်းဖောက်၍ ကမ္ဘာလှည့်ခရီးသွားတို့ကို ဖိတ်ခေါ်နေပါပြီ။ ထိုရေစီးကြောင်းထဲ၌ အမှိုက်သရိုက်ဒိုက်ဖတ်များလည်း ရောနှောစီးဝင်လာလျက်ရှိကြောင်း သတိပြုနိုင်ကြစေရန် တင်ပြလိုက်ရပါသည်။ ။



မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် ဆူဒိုအက်ဖီဒရင်းအာနိသင်ပါဆေးပြားများနှင့် အက်ဖီဒရင်း ဟိုက်ဒရိုကလိုရိုက် အာနိသင်ပါဆေးပြားများ သိမ်းဆည်းရမိ

မန္တလေး မေ ၁၉

မူးယစ်တပ်စု (၁၇) မန္တလေး (မြောက်)မှ တပ်ဖွဲ့ဝင်များသည် မေ ၁၇ ရက် ညနေ ၆ နာရီ မိနစ် ၅၀က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အကွက် (၂၆၅) ပြည်ကြီးပျော်ဘွယ် အနောက်ရပ် လမ်း (၉၀) (၃၂×၃၃) လမ်းကြားနေ ဇော်ဝင်းနိုင် နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ဇော်ဝင်းနိုင်နှင့် မထွားမီးတို့အား တွေ့ရှိပြီး နေအိမ်ခြံဝင်းအတွင်းမှ ဆူဒိုအက်ဖီဒရင်း အာနိသင်ပါ ဆေးပြားဆာလာအိတ်သေး ကိုးအိတ်နှင့် ဇော်ဝင်းနိုင် မောင်းနှင်လာသည့် ၄င/-- PARADO ယာဉ်ပေါ်မှ ဆူဒိုအက်ဖီဒရင်း အာနိသင်ပါဆေးပြားဆာလာအိတ်ကြီး ၁၂ အိတ် စုစုပေါင်း ဆာလာအိတ် ၂၁ အိတ်အတွင်းမှ ဆူဒိုအက်ဖီဒရင်းအာနိသင်ပါ ဆေးပြား ၇၉ ဒသမ ၇၉၁ သိန်း (အလေးချိန် ၇၉၇ ဒသမ ၉၁ ကီလို)အား ဖမ်းဆီးရမိခဲ့သည်။ ဆူဒိုအက်ဖီဒရင်းဆေးပြားများအား လက်ခံသိမ်းဆည်းထားသူ အောင်ဇော်ထွန်းအား မဟာအောင်မြေမြို့နယ်၌ လည်းကောင်း၊ ဆူဒိုအက်ဖီဒရင်းဆေးပြားများပိုင်ရှင် ဆန်သီးဗဟာဒူး(ခ)မျိုးအောင်ကို စစ်ကိုင်းမြို့ နန်းဦးမြို့သစ် မရှိခဏ ဘုရားအနီး၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ထို့ကြောင့် အဆိုပါ အမှုမှ ဇော်ဝင်းနိုင်(၄၉)နှစ် ပြည်ကြီးပျော်

ဘွယ်အနောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ထွားမီး(၄၇) နှစ် ကြို့သုံးပင်ရပ်ကွက် ကလေးမြို့ ဆန်သီးဗဟာဒူး(ခ)မျိုးအောင်(၄၆) နှစ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့နှင့် အောင်ဇော်ထွန်း(ခ) ဝမ်းတူးဖိုက် (၃၁)နှစ် မဟာအောင်မြေမြို့နယ် မန္တလေးမြို့နေသူတို့လေးဦးအား အမှတ်(၆)နယ်မြေရဲစခန်း(မန္တလေး) က မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဆက်လက်၍ မှုခင်းသတင်း ကွင်းဆက်များကို ဖော်ထုတ်ခဲ့ရာ မေ ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အကွက်(၃၂၃) ဖောင်တော်ရပ် စိန်ပန်းရပ်ကွက်နေ ညိုမောင်၏နေအိမ်အောက်ထပ် အိပ်ခန်းအတွင်းမှ မြွေရေခွံအိတ်ဖြင့် ထည့်လျက် Asmapax depot တံဆိပ်အက်ဖီဒရင်း ဟိုက်ဒရိုကလိုရိုက် အာနိသင်ပါဆေးပြား ၂ ဒသမ ၆၈၅ သိန်း (အလေးချိန် ၁၃၄ ဒသမ ၂၅ ကီလို)အား သိမ်းဆည်းရမိခဲ့သည်။ သို့ဖြစ်၍ ညိုမောင်(၆၂)နှစ် စိန်ပန်းရပ်ကွက် မဟာအောင်မြေမြို့နယ် နေသူနှင့် ဇော်ဝင်းနိုင်၊ ထွားမီး၊ ဆန်သီးဗဟာဒူး (ခ)မျိုးအောင်နှင့် အောင်ဇော်ထွန်း(ခ)ဝမ်းတူးဖိုက်တို့ ငါးဦးအား အမှတ်(၇)နယ်မြေရဲစခန်း (မန္တလေး)က မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

အိပ်ပျော်နေသော ဇနီးမောင်နှံ ဓားမဖြင့်အခုတ်ခံရ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

ယင်းမာပင် မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မြောက်နိုးကျေးရွာတွင် မေ ၁၈ ရက် နံနက် ၄ နာရီခွဲက နေအိမ်အတွင်း၌ အိပ်ပျော်နေသည့် ဇနီးမောင်နှံအား ဓားမဖြင့် ဝင်ရောက်အခုတ်ခံရ၍တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့ကြောင်း ယင်းမာပင်မြို့မ ရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ ဦးကျော်ရွှေ အသက် (၅၃)နှစ်နှင့် ၎င်း၏ဇနီးဒေါ်ဆယ် အသက်(၅၃)နှစ်တို့ နေအိမ်၌ အိပ်ပျော်နေစဉ် ယခင်က ၎င်းတို့နှင့် အမှုအခင်းဖြစ်ပွားခဲ့ပြီး ရန်ငြိုးရန်စ ရှိခဲ့သူ တစ်ရွာတည်းနေ ကိုသုမောင်ဆိုသူက ဓားမဖြင့် ဝင်ရောက်ခုတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေါ်ဆယ်၏ တိုင်တန်းချက်အား ရဲစခန်းမှ မှတ်တမ်းများ ရယူခဲ့ခြင်းဖြစ်သည်။

ယခင်က ရန်ငြိုးရန်စရှိခဲ့သူ၏ လက်စားချေတုံ့ပြန်မှုကြောင့် ဦးကျော်ရွှေမှာ ဦးခေါင်းကြေမွဒဏ်ရာ၊ လည်ကုပ်တွင် နှစ်လက်မခန့် ပြတ်ရှဒဏ်ရာများဖြင့် အိပ်ရာပေါ်တွင် သေဆုံးခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ဇနီးဒေါ်ဆယ်မှာ နဖူးထိပ်ပြတ်ရှဒဏ်ရာတစ်ချက်၊ ပါးပြင်ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် ယင်းမာပင် ပြည်သူ့ဆေးရုံကြီး၌အတွင်း လူနာအဖြစ်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ ယင်းမာပင် မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(တိုးတိုးဝင်း)

ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်တွင် သေမှုသေခင်းဖြစ်ပွား

နေပြည်တော် မေ ၁၉

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် တိုက် (၁၃၈၄) အခန်း (၃၆) နေ မဖြူဖြူထွန်း အသက် (၂၅) နှစ်သည် ဓနသိဒ္ဓိရပ်ကွက် အထက (၇) ကျောင်းဘေးရှိ ရေကန်အတွင်း၌ မိမိကိုယ်ကိုသေကြောင်းကြံစည်၍ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူသည် အစ်ကိုဖြစ်သူ မိသားစုနှင့်အတူ နေထိုင်ပြီး ယနေ့နံနက် ၉ နာရီခွဲခန့်တွင် နေအိမ်တိုက်ခန်းမှ ထွက်သွားကြောင်း၊ နေ့လယ်အထိ ပြန်ရောက်လာခြင်းမရှိ၍ ၎င်းကိုင်ဆောင်သောလက်ကိုင်ဖုန်းအား ဆက်သွယ်မေးမြန်းစဉ် အမည်မသိအမျိုးသမီးက ပြန်လည်ဖြေကြားခဲ့ရာ ၎င်းဖုန်းအား ရေကန်အနီးတွင် တွေ့ရှိ၍ ကောက်ယူခဲ့ခြင်းဖြစ်ပြီး ဖုန်းနှင့်အတူ ဖိနပ်တစ်ရန်၊ စာတစ်စောင်တွေ့ရှိ၍ ကောက်ယူသွားခြင်းဖြစ်ကြောင်း ပြောကြားချက်အရ စာတစ်စောင်အား ရှာဖွေတွေ့ရှိရာ မဖြူဖြူထွန်း ရေးသားသော စာဖြစ်ကြောင်း၊ ၎င်းစာအရ ရေကန်အတွင်း သတ်သေသည်ဟု ယူဆ၍ ရေကန်အတွင်းဆင်း၍ ရှာဖွေကြရာ မွန်းလွဲ ၂ နာရီခွဲတွင် ၎င်းအား သေဆုံးလျက်ရှာဖွေတွေ့ရှိသည်။ အလောင်းအား နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံသို့ ပို့အပ်ပြီး အမှတ် (၃) ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁/၂၀၁၄ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဦး (လေးမျက်နှာ)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်။

တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၉

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ရခိုင်ပြည်နယ်အတွင်းရှိမြစ်ချောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် ဒေသတွင်း သွားလာပို့ဆောင်မှုလွယ်ကူချောမွေ့လာမည်

နေပြည်တော် မေ ၁၉

ရခိုင်ပြည်နယ်အတွင်းရှိမြစ်ချောင်းများ ကမ်းပြိုမှုမှကာကွယ်ရေးနှင့် ရေလမ်းကြောင်း ကောင်းမွန်ရေး လုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီး ဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိသည့်အနက် ဆတ်ရိုးချောင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် ရေလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရ၏ ဖြည့်စွက်ရန်ပုံငွေနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရန်ပုံငွေ ဖြင့်လည်းကောင်း၊ ကုလားတန်မြစ် ရေလမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံနှင့်ပူးပေါင်း၍ အိန္ဒိယနိုင်ငံ၏အကုန်အကျခံမှုဖြင့်လည်းကောင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလားတန်မြစ် မြစ်ကြောင်းထိန်းသိမ်းရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ကုလားတန်မြစ်နှင့် ဆတ်ရိုးချောင်းဆုံရာနေရာ ဆတ်ရိုးချောင်းဝတွင် ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် သောင်တူးလုပ်ငန်းပမာဏ ၃၉၇၅၈ ကုဗမီတာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆတ်ရိုးချောင်းအတွင်း သောင်တူးဖော်ခြင်း၊ ချောင်းဘေးနှစ်ဖက်ရှိ လိုအပ်သော နေရာများတွင် တာပေါင်များ တည်ဆောက်ခြင်းနှင့် ချောင်းဝတွင် Guide Wall နှစ်ခုတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုသီးသန့်ရန်ပုံငွေမှကျခံသည့် ကျပ်သန်း ၁၅၀၀ ဖြင့် ဦးစီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သောင်တူးခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် မင်းဂံတံတားမှ ဆတ်ရိုးချောင်းဝ အထိ အလျား ၃ ဒသမ ၅ မိုင်၊ အကျယ် ၃၀ မီတာနှင့် အနက် ရေစစ်မျဉ်းအောက် ၂ ဒသမ ၅ မီတာ အနည်းဆုံးရရှိအောင် သောင်တူးရေယာဉ်များနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နိုင်ခြင်းကြောင့် ဆတ်ရိုးချောင်းအတွင်း ရေစီးရေလာကောင်းမွန်ပြီး ရေယာဉ်များ အချိန်မရွေး လုံခြုံချောမွေ့စွာ ဝင်ထွက် သွားလာနိုင်ရန်အတွက် လုံလောက်သောရေအနက်ရရှိခြင်း၊ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ခြင်းနှင့် လိုအပ်သည့်အချိန်တွင် ရေစူးများသော သင်္ဘောကြီးများ ချောင်းအတွင်း မုန်တိုင်းအန္တရာယ်ကို ရှောင်ရှားနိုင်ခြင်း၊ ရေလမ်းကြောင်း ကောင်းမွန်သဖြင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေကာ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ အရေးပါသောမြစ်တစ်စင်းဖြစ်သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ပလက်ဝတွင် တူးလိုင်းအလျား မီတာ ၇၅၀၊ လောင်းဂဒူးတွင် တူးလိုင်းအလျား မီတာ ၃၅၀၊ အထက်တင်းမတွင် တူးလိုင်းအလျားမီတာ ၃၀၀၊ စံကားတောင်တွင် တူးလိုင်းအလျားမီတာ ၄၀၀၊ စုစုပေါင်းသောင်တူးခြင်း လုပ်ငန်း အလျားမီတာ ၁၈၀၀ တူးဖော်ဆောင်ရွက်လျက်ရှိသည်။ ကုလားတန်မြစ်ကြောင်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းအတွက် သောင်တူးခြင်းလုပ်ငန်းကို အိန္ဒိယ နိုင်ငံ၏အကုန်အကျခံမှုဖြင့် အိန္ဒိယ ESSAR Company နှင့် မြန်မာနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။

ဆတ်ရိုးချောင်းသည် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ စစ်တွေမြို့ကိုဖြတ်သန်းစီးဆင်းနေပြီး အလျား ၉ ဒသမ ၄ မိုင်ခန့်ရှိသည်။ ကုလားတန်မြစ်နှင့် မင်းဂံချောင်း တို့ကို ဆက်စပ်ပေးထားပြီး စစ်တွေမြို့မှ ဒေသတွင်းရှိ မြို့ရွာများသို့ ရေကြောင်းဖြင့် သွားလာရာတွင် အရေးပါသော ရေလမ်းကြောင်းဖြစ်သည်။ ချောင်းကမ်းပါးတစ်လျှောက် ဆိပ်ခံတံတား များပြားလာခြင်းနှင့် ချောင်းအတွင်း အနည်ကျမှုများပြားလာခြင်းတို့ကြောင့် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ဆတ်ရိုးချောင်း၏ ချောင်းကြမ်းပြင်မှာ ၂ ဒသမ ၅ မီတာခန့်မြင့်တက်လာသောကြောင့် ရေကြောင်းသွားလာရေးအတွက် အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။

(ကြေးမုံ)

ပန်းကောင်းပန်ဖို့ ကြိုးစားစို့

- ❀ မြတ်ပညာလမ်း၊ ဖြောင့်ဖြောင့်တန်းဖို့ စည်းကမ်းစိတ်ဓာတ်၊ မြင့်မားအပ်၏။
- ❀ စည်းကမ်းဟူသည် လူ၏တန်ဖိုးသတ်မှတ်ရိုးမို့ တိုး၍လိုက်နာ၊ စောင့်ထိန်းရာ၏။
- ❀ စိတ်ဓာတ်ဟူသည် လူ၏ဘဝ၊ ကြံတိုင်းရ၍ ဆန္ဒရှေ့ဆောင်၊ အမြဲအောင်၏။
- ❀ ကိုယ့်ဘဝမှာ၊ ဖြစ်ချင်ရာကို သေချာသတ်မှတ်၊ ရည်မှန်းအပ်၏။
- ❀ စိတ်ဓာတ်စည်းကမ်း၊ ပညာလမ်းဝယ် အောင်ပန်းဆွတ်ခူး၊ ပညာထူး၍ ချီးကျူးဖွယ်လွန်၊ လူရည်ချွန်သည့် ပြည့်မွန်သားကောင်း၊ ဖြစ်စေကြောင်းတွက် ပန်းကောင်းပန်ဖို့၊ ကြိုးစားစို့။ လမ်းကောင်းမှန်ဖို့၊ နိုးကြားစို့။ ။

တက္ကသိုလ်ညို့ညိုညန့်

t awGt a&;

မြန်မာသံစဉ်သီချင်းလေး ကြားပါရစေ

အောင်ဆွေဦး

ကျွန်တော်က မြန်မာသံစဉ်သီချင်းချစ်သူဖြစ်သည်။ ငယ်စဉ်ကတည်းက မော်ကျွန်းမြို့၏ မြန်မာသံအဆိုတော် "မော်ကျွန်းငြိမ်းငြိမ်း"နှင့်အတူ နေခဲ့ရပြီး "ဂီတကောင်စီ၊ စိမ်းလဲ့ကန်သာ၊ ပန်းဟေဝန်" မြန်မာသံစဉ်သီချင်းတီးဝိုင်းများတွင် စန္ဒရားဘိုတာထွန်းညွန့် (ငယ်စဉ်က)နှင့် တွဲဖက်သီဆိုခဲ့ရသည်။ မြန်မာသံ သီချင်းတော်တော်များများကို ရင်းနှီးကျွမ်းဝင်ပြီး မြတ်နိုးစွဲလမ်းနေဆဲ ဖြစ်ပါသည်။

ယခုတော့ မြန်မာသံစဉ်သီချင်းများ ကွယ်ပျောက်လုနီးပါးဖြစ်နေပါပြီ။ သီချင်းသစ်ထွက်ရှိမှုလည်း နည်းလှပါသည်။ အလင်္ကာဝတီရည်၏ ကြိုးစားတင်ဆက်မှုများ၊ အရွယ်နှင့်မမျှတော်လွန်းလှသော ကလေးအဆိုရှင်များ၊ အဆိုတော်ကြီးများ ကြိုးစားတင်ဆက်နေကြသော်လည်း ပေါက်မလာခဲ့ပါ။ ဟင်္သာတေးသံသွင်း၏ သီချင်းများကို လွမ်းလှပါသည်။ ယခုတော့ အားပေးသူ ကနည်းနေပြီကိုး။

Channel 7 ၏ အိပ်မက်ဆုံရာ အစီအစဉ်ကို ကျွန်တော်ကြည့်ဖြစ်သည်။ မြန်မာသံသီချင်းအလှည့်ရောက်လျှင် မဆိုတတ်သူ၊ မဆိုဖူးသူ၊ ကြိုးစားနေရသူ၊ ကြောက်နေသူတို့သာများနေသည်။ ကိုသန်းလှိုင်သီချင်းကို "က"၍ဆိုသူကလည်းရှိသေးသည်။ "ဆောင်းအမိ"သီချင်းကိုလည်း "ဟိုပြေးဒီပြေး"ဆိုသွားခဲ့ကြသေးသည်။ နိုင်ငံခြားသီချင်းကိုများ မူရင်းအဆိုတော်ထက်ပင် တော်ချင်ကြသည်။ မြန်မာသီချင်းတော့မဆိုတတ်ကြရှာပါ။ POP, Rock ကို အဆိုတော်ကြီးများလောက်ဆိုနိုင်ကြသည်။ မြန်မာသံမဆိုတတ်ကြရှာပါ။ ဖာတစ်လုံးခေါင်းကျားလို အော်လိုက်ချင်ပါ၏။ "အသင်လောက မြန်မာတွေဘာဖြစ်ကုန်ကြပြီလဲ"။

"ချစ်မိုးကြီး"သီချင်းဖြင့် ယှဉ်ပြိုင်စဉ်ကလည်း ဒိုင် စည်သူလွင်က " ဒီသီချင်းဟာ ဘဘ စောင်း ဦးဘသန်းရဲ့ အရမ်းကောင်းတဲ့သီချင်း"ဟု ပြောပါ၏။ ကျွန်တော့်ထံရှိ ဖြူသီအခွေထဲတွင် "တေးရေး ရန်ပိုင်စိန်"ဟု တွေ့ရပါသည်။ ဘယ်သူမှန်သည်တော့ ကျွန်တော်လည်းမသိရသေးပါ။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV တွင် လည်း မြန်မာသံသီချင်း တင်ဆက်မှုမှာ ရေဒီယိုတွင်ကော ရုပ်/သံတွင်ပါ နည်းလှပါသည်။ မြန်မာသံချစ်သူတို့အတွက် အားမရသေးပါ။

ထို့ကြောင့် မန္တလေး FM မနက်ပိုင်းအစီအစဉ်၊ City FM ည ၈ နာရီအစီအစဉ်၊ ပတ္တမြား FM ၏ ည ၁၀ နာရီခွဲအစီအစဉ်၊ ချယ်ရီ/ပုဂံတို့၏ ရုံဖန်ရုံခါ အစီအစဉ်များကို အားထားရတော့သည်။ မြန်မာသံစဉ်များ ထုတ်လွှင့်ပေးကြသဖြင့် အလွန်ပင်ကျေးဇူးတင်ရပါသည်။

သို့သော် အစီအစဉ်တင်ဆက်သူများကို အကြံပြုလိုပါသည်။ တင်ဆက်သူတို့သည် မိမိတာဝန်ယူရသည့် အစီအစဉ်ကို စိတ်ဝင်တစားရှိသင့်သည်။ မြန်မာပီသစွာ ပုဒ်ဖြတ်ကို နားလည်သင့်သည်။ အသံအထားအသိုအဖြတ်အတောက် တတ်သင့်သည်။

"ကိုကိုရေ တစ်ခွက်လောက်"

ဆိုသည်နှင့်

"ကိုကို ရေတစ်ခွက်လောက်"

အဓိပ္ပာယ်မတူပါ။ ပထမစာကြောင်းမှာ ဘာတစ်ခွက်တောင်းမှန်းမသိသော်လည်း ဒုတိယစာကြောင်းမှာ ရေတစ်ခွက် တောင်းမှန်းသိပါသည်။

"၁၇-၂-၂၀၁၄ ည ၈ နာရီ ၂၅ မိနစ်တွင် City FM မှ ရွှေယမင်းဦး၏ "အချစ်မှာပုံတော်လွမ်းချင်း"သီချင်းလွှင့်ပါသည်။ တင်ဆက်သူက ဤသို့ ကြေညာပါ၏။

ရွှေယမင်းဦးရဲ့ "အချစ်မှာ ပုံတော်လွမ်းချင်း သီချင်းကိုနားဆင်ပါရှင်" တဲ့။ ရွှေယမင်းဦး ဘယ်ပုံတော်ကို လွမ်းသည်မသိပါ။ အလွမ်းသီချင်းအဓိပ္ပာယ် ပျက်တော့သည်။ ထိုသို့ မဖြစ်သင့်ဟု ထင်ပါသည်။

City FM မှပင် ဟင်္သာတထွန်းရင်၏ "ဆံစလည်ဝဲ ကိုယ့်ချစ်သည်း"သီချင်းကို မကြာခဏလွှင့်ပါသည်။ ကျွန်တော်တို့ ငယ်စဉ်ဆံတိုလေးတွေဖြတ်စကာလကသီချင်းမို့ ဝမ်းသာစွာ နားဆင်ရန် ဖြစ်သော်လည်း လွှင့်ပေးသည်က "ဖြတ်မရတဲ့ကြိုး" သီချင်းသာဖြစ်နေပါသည်။ တစ်ကြိမ်မကပါ။ လွှင့်တိုင်းမှားနေပါသည်။ တင်ဆက်သူမိန်းကလေးကလည်း မှားမှန်းမသိ၍သာ ဖြစ်ပါလိမ့်မည်။ ဤဖြစ်ရပ်မှာလည်း မဖြစ်သင့်သောဖြစ်ရပ်ဟုထင်ပါသည်။

ဘတ်စ်ကားတစ်စီးပေါ်တွင် ကြုံရဖူးပါသည်။ မြန်မာမကလေးမတ်တတ်ရပ်စီးရင်းက ထဘီကျွတ်၍ ထိုင်ချလိုက်ရပါသည်။ မြန်မာမကလေး အတော်များများထဘီမဝတ်တတ်တော့ပါ။ မြန်မာလူငယ်တော်တော်များများလည်း မြန်မာသံကိုမသိကြ၊ မကြိုက်ကြတော့ပါ။

မြန်မာသီချင်းသံစဉ်များကွယ်ပျောက်သွားမည်ကို စိုးကြောက်လှပါသည်။

ကြိုးစားကယ်တင်လွှင့်ပေးရှာကြသော FM အသံလွှင့်ဌာနများကို ကျေးဇူးတင်ပါသည်။ သို့သော် တင်ဆက်သူကလေးများကို မြန်မာသံစဉ်သီချင်းများ၊ မြန်မာစာ စကားများလေ့လာကြ၊ စိတ်ဝင်စားကြစေရန် ညွှန်ကြားပေးကြစေလိုပါသည်။

မြန်မာသံသီချင်းအသစ်လေးများလည်း လေလှိုင်းထဲဝဲပျံ့နိုင်ကြပါစေ။

မကွေး အထက(၂)တွင် ကင်းထောက်သင်တန်းဆင်း

မကွေး မေ ၁၉

မကွေးတိုင်းဒေသကြီး မကွေးမြို့ မဲထီးလမ်း အထက(၂)တွင် မေ ၁၀ ရက် မွန်းလွဲ ၁ နာရီက ကင်းထောက်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ အထက(၁)မှ ၅၀၊ အထက(၂)မှ ၅၀၊ အထက(၃)မှ ၅၀၊ အထက (၄)မှ ၅၀ စုစုပေါင်း ကင်းထောက်သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ကြကြောင်း သိရသည်။

ခင်သန်းဦး(ဖန်ခါးမြေ)

● **ကျော့ဖုံးမှ**

တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ ညွှန်ကြားချက်အတိုင်း မိမိကိုယ်ကို ခုခံကာကွယ်ရုံမှအပ ပစ်ခတ်တိုက်ခိုက်ခြင်း၊ တပ်စခန်းများအား ချီတက်ထိုးစစ်ဆင်တိုက်ခိုက်ခြင်းများ လုံးဝမပြုလုပ်ဘဲ ဆက်သွယ်ရေး လမ်းကြောင်းတစ်လျှောက် လုံခြုံရေးကိုသာ အဓိကဆောင်ရွက်ခဲ့သည်။ ထို့အပြင် ယခုကာလသည် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရေးအတွက် ဆွေးနွေးပွဲများပြုလုပ်နေစဉ်ကာလဖြစ်သဖြင့် ယခင်ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီချက်များအား အတိအကျ လိုက်နာလျက်ရှိသည့်အပြင် လက်ရှိဆွေးနွေးပွဲ သဘောတူညီချက်များကိုပါ ဂရုပြုထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့သော် ၂၀၁၄ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် မန်ဝိန်းကြီးနှင့် ကေအိုင်အေဘက်မှ အလောင်းခြောက်လောင်းနှင့် လက်နက် ငါးလက်သိမ်းဆည်းရရှိခဲ့သည်။ ထို့ပြင် ပန်ခမ်းကျေးရွာအနီးကေအိုင်အေ၊ အူလံပါခရိုင်ရုံးရှိ အဝေးထိန်းမိုင်းများထုတ်လုပ်သည့် အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများအား ရှင်းလင်းသိမ်းဆည်းရမိခဲ့ပြီး ကေအိုင်အေ အချုပ်ခန်းအတွင်းတွင် ကေအိုင်အေမှ တပ်သားသစ်အတွက် သံခြေချင်းခတ်ဖမ်းဆီးချုပ်နှောင်ထားသော နောင်ချိုမြို့နယ် ဘာကွန်ကျေးရွာမှ ဓနုတိုင်းရင်းသား တစ်ဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့သည်။

၂၀၁၄ခုနှစ် ဧပြီလ ၁၃ရက်နေ့တွင် မိုးမောက်မြို့နယ် ကျောက်စခန်းအနီး မိုင်တိုင်အမှတ်(၁၂/၄)၌ ပုံမှန်စစ်ဆင်ရေးတာဝန်လဲလှယ်သောတပ်မတော်စစ်ကြောင်းအား ကေအိုင်အေအဖွဲ့များမှ ဆွဲမိုင်းဖြင့် မိုင်းဆွဲတိုက်ခိုက်သဖြင့် စစ်သည်နှစ်ဦး ကျဆုံး၍ ကိုးဦးဒဏ်ရာရရှိခဲ့ပြီး အဆိုပါယာဉ်နှင့် ယာဉ်ပေါ်ရှိ

ကျားခေါင်းတောင် ဘုရားကုန်းတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသော တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့အား တွေ့ရစဉ်။ (မြဝတီ)

မိမိနိုင်ငံ ပန်ခမ်းနယ်မြေအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် မိမိတပ်များအနေဖြင့် ပန်ခမ်းနယ်မြေအတွင်းရှိ ကျေးရွာများနှင့် ဒုက္ခသည်စခန်းများသို့ ဝင်ရောက်ခြင်းမရှိသဖြင့် ကျေးရွာများအတွင်း၌ တိုက်ပွဲဖြစ်ပွားခြင်းများမရှိဘဲ ဒေသခံအရပ်သားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ဗန်းမော်-စိန်လုံ-လွယ်ဂျယ် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် လုံခြုံစိတ်ချစွာဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပုံမှန်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းက မံစီ-မိုးမိတ်ဒေသ၊ ဆင်ဘို-ဗန်းမော်ဒေသ၊ ဆင်ဘို-မံပင်ဒေသတို့တွင် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှ ၂၀၁၄ ခုနှစ် မတ်လ ၂၇ ရက်နေ့အထိ ကျွန်းနှင့် တမလန်း အပါအဝင် သစ်တန်ချိန်ပေါင်း ၅၀၈၇ တန်၊ ယာဉ်/ယန္တရား ၁၂၀ စီး၊ တရုတ်နိုင်ငံသား ၁၃ ဦးအပါအဝင် တရားခံ ၅၃ ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ကေအိုင်အေအဖွဲ့နှင့် လေးကြိမ် ထိတွေ့မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

(မြဝတီ)

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် နမ့်ဟန်ကျေးရွာအနီး တစ်ဝိုက်မှ ဖမ်းဆီးရမိသော တရားမဝင်သစ်များအား တွေ့ရစဉ်။ (မြဝတီ)

ကောင်းမှုယန် ဆက်သွယ်ရေး လမ်းကြောင်းတွင် ပုံမှန်တပ်လဲလှယ်ရေးတာဝန်ဖြင့် သွားလာနေစဉ် ကေအိုင်အေအဖွဲ့မှ ချောင်းမြောင်းပစ်ခတ်ခဲ့သဖြင့် တပ်မတော်မှ ဗိုလ်မှူး တစ်ဦးကျဆုံးခဲ့ရသည်။ သို့ဖြစ်၍ ၎င်းဆက်သွယ်ရေး လမ်းကြောင်းအား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန် အတွက် မိမိတပ်မတော်စစ်ကြောင်းများဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ရာ ကေအိုင်အေအဖွဲ့များနှင့် တိုက်ပွဲတချို့ဖြစ်ပွားပြီး ပန်ခမ်းနယ်မြေအား တပ်မတော်စစ်ကြောင်းများမှ ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပါသည်။ အဆိုပါ နယ်မြေရှင်းလင်းစဉ်ကာလအတွင်း တပ်မတော်အရာရှိတစ်ဦးနှင့် စစ်သည်နှစ်ဦး ကျဆုံး၍ အရာရှိ တစ်ဦးနှင့် စစ်သည် လေးဦး ဒဏ်ရာရရှိခဲ့ပြီး လက်နက်မျိုးစုံ ၁၃ လက်၊ ဆက်သွယ်ရေးစက်များ၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် ဗန်းမော်နှင့် စိန်လုံဒေသဆက်သွယ်ရေးလမ်းတစ်လျှောက် မိမိတပ်များ သွားလာလှုပ်ရှားမှုကို နှောင့်ယှက်တိုက်ခိုက်လျက်ရှိသော ကေအိုင်အေအဖွဲ့များ အခြေပြုရာ ပို့(၇၉၂)စခန်းဒေသအခေါ် မိုင်ဆတ်ကောင်းနှင့် ပို့(၄၀၆)စခန်း ဒေသအခေါ် ဒေါ်မကာဘွမ်တို့အား တပ်မတော်စစ်ကြောင်းများမှ ရှင်းလင်းခဲ့ရာ တပ်မတော်ဘက်မှ စစ်သည် သုံးဦးကျဆုံး၍ သုံးဦး ဒဏ်ရာရရှိခဲ့ပြီး ကေအိုင်အေဘက်မှ အလောင်းရှစ်လောင်းနှင့် လက်နက်မျိုးစုံ ငါးလက် သိမ်းဆည်းရမိခဲ့သည်။

ကေအိုင်အေမှ အတင်းအဓမ္မလူသစ်စုဆောင်း၍ ခြေထောက်တွင်သံခြေချင်းခတ်ဖမ်းဆီးချုပ်နှောင်ထားသည့် ဓနုတိုင်းရင်းသား မောင်အောင်နိုင်ဝင်း အသက်(၁၉)နှစ်(ဘ)ဦးကျော်ဝင်းအား တွေ့ရစဉ်။ (မြဝတီ)



ပေဒင်မမေးနဲ့ ဆန်ကုန်မယ်

ပေဒင်ဆရာများနှင့် ပတ်သက်၍ သိသင့်သိထိုက်သောအချက်များ၊ ဝေဖန်ဆန်းစစ်ချက်များပါရှိသည့် ဝင်းဇော်(သစ်တော)ရေးသည့် စာအုပ်တစ်အုပ်ထွက်ရှိလာသည်။ ကြိုတင်ဟောကိန်းထုတ်ခဲ့သော ပေဒင်ဆရာကြီးများအကြောင်း၊ ဂြိုဟ်နက္ခတ်များက လူသားတို့၏ကံကြမ္မာကို လွှမ်းမိုးထားခြင်းမရှိဟု ငြင်းဆိုလိုက်သည့် ပေဒင်ဆရာတစ်ဦးနှင့် အင်တာဗျူး၊ စာမေးပွဲဖြေဆိုနိုင်သည့် အဆောင်ယတြာများနှင့်ပတ်သက်၍ ရိုက်စားလုပ်နေသော ပေဒင်ဆရာများ၊ လိုတစ်မျိုးမလိုတစ်မျိုး လင်းတနားနိမိတ်အကြောင်း စုံစုံလင်လင်တင်ပြထားသည့် စာအုပ်ဖြစ်သည်။ ထိုစာအုပ်ကို မရမ်းတလင်းစာပေမှ ငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။

ခေတ်ပြိုင်မီဒီယာနှင့် တွင်းတူးဖော်ထုတ်သတင်းပညာ

မျက်မှောက်ကာလ မီဒီယာလောက၌ သတင်းသည် ပြည်သူလူထုအတွက် အရေးပါသောအချက်အလက်ဖြစ်ရာ သတင်းမှန်နှင့် သတင်းမှားခွဲခြားသိရန် လိုအပ်ပုံကို ရည်ရွယ်၍ ဆရာတက္ကသိုလ်မြတ်သူက စုစည်းတင်ပြထားသည်။ စာအုပ်တွင် သတင်းအမှောင်ဖုံးစေသော အနက်ရောင် သတင်းစာပညာ၊ ကာမန္တိုးဆွသည့် အဝါရောင် သတင်းစာပညာ၊ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို နှောင့်ယှက်ပြီး ရောင်းကောင်းအောင်လုပ်သည့် ပါပါရာဇီ သတင်းစာပညာ စသည့် အတုမယူသင့်သော သတင်းစာပညာများ အပါအဝင် သတင်းသမိုင်း၊ သိသင့်သိထိုက်သော သတင်းနည်းပညာကို တင်ပြထားသည်။

Myanmar Mobile Banking

Myanmar Mobile Banking လုပ်ငန်းနှင့်ပတ်သက်၍ ဉာဏ်ကြွယ်ရေးသားပြုစုထားသည့် စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် မိမိ၏ မိုဘိုင်းဖုန်းကိုအသုံးပြု၍ ဘဏ်စာရင်းထဲရှိငွေများကို ဖုန်းအတွင်း သိမ်းဆည်းသုံးစွဲနိုင်ခြင်း၊ ငွေသားနှင့်ချက်လက်မှတ် သယ်ယူရန်မလိုခြင်း၊ နိုင်ငံခြားမှ ပစ္စည်းကို Online မှ ဝယ်ယူပြီး ငွေလွှဲပေးနိုင်ခြင်း၊ Smart Phone တွင် ပြည်တွင်းဘဏ်များ၏ Software ရယူအသုံးပြုနိုင်ခြင်း၊ အခွန်အခပေးဆောင်ခြင်း စသည့် နည်းလမ်းများကို စနစ်တကျ ရှင်းလင်းပြသထားသည်။

ထို့အပြင် Smart Card, MPU Card ဖြင့် ငွေပေးချေသုံးစွဲခြင်း၊ ငွေလွှဲ၊ ငွေဖြည့်၊ ငွေထုတ်ခြင်းများကိုလည်း ရှင်းလင်းတင်ပြထားသည်။ စာအုပ်ကို မျက်ပွင့်စာပေ ဖုန်း ၀၉-၇၃၀၀၂၉၆၅ မှ ငွေကျပ် ၇၅၀၀ ဖြင့် ဖြန့်ချိသည်။

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

❒ **ဝှိုက်ဟက်ဒ်လိန်းမှ**

စပါးအသင်းသည် နောက်ဆုံးငါးပွဲတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားခြင်းကြောင့် ရာသီကုန်တွင် ဥရောပဝင်ခွင့်တစ်နေရာရရှိရေးအတွက် ဗာတွန်ဂန်၊ ကီလီဝေါ့ကာ၊ လာမယ်လာ စသည့်ကစားသမားများမှာ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့သော်လည်း ဖူလ်ဟမ်အသင်းကို အနိုင်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားလာခဲ့ရာ ပထမပိုင်း ပွဲကစားချိန် ၃၅ မိနစ်မှာပင် အဲရစ်ဆင်၏ ဖန်တီးပေးပို့မှုကို ကွင်းလယ်ကစားသမား ပေါ်လင်ဟိုက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့သဖြင့် စပါးအသင်းအိမ်ကွင်း၌ ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။

ထို့နောက် ဖူလ်ဟမ်အသင်း၏ အားထားရသောကစားသမားဖြစ်သည့် ကွင်းလယ်လူ ဆစ်ဒ်ဝဲလ်က ပွဲကစားချိန် ၃၇ မိနစ်တွင် ဖူလ်ဟမ်အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် ပထမပိုင်းပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

သို့ရာတွင် ဒုတိယပိုင်းပွဲစပြီး သုံးမိနစ်တွင် လန်နွန်၏ ဖန်တီးပေးမှုဖြင့် တိုက်စစ်မှူး ဟယ်ရီကိန်းက စပါးအသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် ဖူလ်ဟမ်အသင်းသည် ချေပဂိုးရရှိရေးအတွက် စကော့ပါကာနေရာတွင် ကာရာဂူနစ်အားထည့်သွင်းကစားစေခဲ့သော်လည်း ပွဲကစားချိန် ၆၂ မိနစ်တွင် ကာဘူးလ်၏သွင်းဂိုးကို ထပ်မံခွင့်ပြုပေးလိုက်ရသည်။ ယင်းသို့ စပါးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားနေစဉ် ပွဲကစားချိန် ၇၇ မိနစ်တွင် ဖူလ်ဟမ်အသင်း ပင်နယ်တီပြစ်ဒဏ်ဘော ကန်ခွင့်ရရှိခဲ့သော်လည်း အဆိုပါ ပင်နယ်တီသွင်းဂိုးကို ဆစ်ဒ်ဝဲလ်အနေဖြင့် ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ခြင်းကြောင့် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ရာ စပါးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဥရောပဝင်ခွင့်တစ်နေရာ ရရှိမည့်အခွင့်အရေးတစ်ရပ်နှင့် နီးစပ်မှုရှိလာခဲ့ပြီဖြစ်သည်။

(နိုင်လင်းကြည်)

ကိုယ့်ခွန်ကိုယ့်အားနှင့် ကိုယ့်ဝန်ကိုယ်ထမ်း

အောင်ကျော်ညို (ဆင်ချဆိပ်)

မိမိတို့နိုင်ငံသည် အသွင်ကူးပြောင်းရေးကာလတစ်ခုကို ဣန္ဒြေရရတည်တည်ငြိမ်ငြိမ်ဖြင့် ဦးတည်ချက် ပေါက်မြောက်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းဖြတ်သန်းနေကြရဆဲဖြစ်သည်။ စပ်ကူးမပ်ကူး ကာလများ၏သဘာဝ ပြည်တွင်း ပြည်ပမှအကူအညီများ ပယောဂများနှင့် အုတ်ရောရော၊ ကျောက်ရောရောရှိနေစမြဲဖြစ်သည်။ ဉာဏ်သတိဦးဆောင်ရွေးချယ် စိစစ်လက်ခံရယူနိုင်ဖို့ ကြိုးစားရင်းနှင့် တစ်ဖက်တွင်လည်း ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ့်ဝန်ကိုယ်ထမ်းကာ ကိုယ့်လမ်းကိုယ်ဖောက်၍ လျှောက်ကြရမြဲသာဖြစ်ပါသည်။

'ပေးတိုင်းလည်းမယူနှင့်၊ ကျွေးတိုင်းလည်းမစားနှင့်'။ ရှေးလူကြီးသူမများ၏ ဆုံးမသြဝါဒစကား။ပေးတိုင်းယူကလည်း အကြွေးတင်တတ်သည်။ သိက္ခာမဲ့ရာကျလွန်းသည်။ ကျွေးတိုင်းစားကလည်း အန္တရာယ်နှင့် ကြုံတွေ့ရတတ်သည်။ ယူသင့်မယူသင့်၊ စားသင့်မစားသင့်ချင့်ချိန်နိုင်ကြရမည်။ လက်သီးဆုပ်မလား၊ လက်ဝါးဖြန့်မလား၊ အခြေအနေအရ ဆုံးဖြတ်လုပ်ကိုင်သတိရှိနေကြရမည်။

နိုင်ငံ၏အသွင်ကူးပြောင်းရေးကာလတွင် ပညာရေး၊ ကျန်းမာရေးစသည့် အခြေခံလိုအပ်ချက်များဖြည့်၍ မပြည့်နိုင်၊ အမြဲလို လိုအပ်ချက်များရှိနေဦးမည်ဖြစ်သည်။ ထိုအားနည်းချက်များကို တချို့က စေတနာသန့်သန့်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလို၍ ဝင်ရောက်လာကြသည်။ ပံ့ပိုးကူညီကာ မိသားစုသဖွယ် နွေးနွေးထွေးထွေး ရှိနေကြသည်။ စေတနာမှန်လျှင် ကံကောင်းစမြဲ။ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးကလည်း ကြည်ဖြူကြသည်။ ဝိုင်းဝန်းကူညီကာ မြန်မာမှုယဉ်ကျေးမှုကို ပီပြင်စေခဲ့သည်။

တချို့အကူအညီများက စေတနာချို့ကြသည်။ အကျိုးလိုလို့ညောင်ရေသွန်းလောင်းလုပ်တတ်ကြသည်။ မွန်မြတ်သောလုပ်ငန်းကို ဗန်းပြမျက်နှာဖုံးစွပ်ကာ သိုးရေခြုံသော ဝံပုလွေကဲ့သို့ ယုတ်မာတတ်ကြသည်။ ရေနစ်သူကို ဝါးကူသလိုလိုဖြင့် ထိုးနှစ်လုပ်လာကြသည်။ အဖြူ အမည်းသဲကွဲလာချိန်နှစ်ဦးနှစ်ဖက်လုံး မျက်နှာမလှဖြစ်ကြရသည်။ စေတနာက ဝေဒနာဖြစ်သွားကြရသည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုသလို အားလုံးကို ယုန်ထင်ကြောင်ထင်နှင့် သံသယမျက်လုံးအောက်ရောက်သွားကြရသည်။ လူတစ်ဦး၊လူတစ်စု၏စေတနာယုတ်နိမ့်မှုကြောင့် လတ်တလော လောလောဆယ်မှာ ဆက်နွယ်ရာ အဝန်းအဝိုင်းပေါ် စိစစ်သုံးသပ် လုပ်ဆောင်လာခဲ့ကြရသည်။

သို့သော်လည်း မိမိတို့နိုင်ငံသားများ၏ စိတ်ဓာတ်မှာကား မရှိလည်းပြောင်ပြောင်၊ရှိလည်းပြောင်ပြောင် အပြုံးမပျက်လောကဓံကို ရင်ဆိုင်တတ်ကြသူများဖြစ်သည်။ မည်သူမဆို ကူညီသည်ဖြစ်စေ၊ မကူညီသည်ဖြစ်စေကိုယ့်ဝန်ကိုယ်ထမ်း၊ကိုယ့်အားကိုယ်ကိုး အရှင်သခင်စိတ်မျိုးဖြင့် ရသမျှနှင့် ရောင့်ရဲလွယ်တတ်ကြသည်။ ရှိသမျှနှင့် ခြိုးခြံချွေတာစွမ်းဆောင်မှုပြုနိုင်ကြသည်။

နမူနာအားဖြင့် လက်ရှိရခိုင်ပြည်နယ်တွင် လတ်တလော ကျန်းမာရေးစောင့်ရှောက်မှုက သက်သေပြနေသည်။ "ရခိုင်ပြည်နယ်အတွင်းရှိပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ" သတင်းခေါင်းစဉ်နှင့်ရခိုင်ပြည်နယ်အတွင်းရှိပြည်သူ လူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်လျက်ရှိရာ AZG (Holland)နှင့် အခြားနိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ယခင်က ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော ကယ်ဆယ်ရေးစခန်းများနှင့် ကျေးရွာများတွင် စဉ်ဆက်မပြတ်လွှမ်းခြုံပေးလျက်ရှိနေကြောင်းသတင်းတစ်ပုဒ်ကိုပုံနှင့်တကွဖတ်လိုက်ရသည်။

ယခုနှစ်မေ ၉ ရက်မှ ၁၇ ရက်ထိ သင်္ကြန်တွင်းကာလတွင် အများပြည်သူနားရက်မှာ နားရက်မယူ အချိန်ပြည့် တာဝန်ယူလုပ်ဆောင်နေသည်။ တာဝန်ကျေနေကြသောကျန်းမာရေးဝန်ကြီးဌာနအောက်ရှိကျန်းမာရေးဝန်ထမ်းများ၊ ပြည်တွင်း လူမှုရေးအဖွဲ့အစည်းဝင်များ၊ ပြည်ပြည်ဆိုင်ရာလူမှုရေးအသင်းအဖွဲ့များနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အရေးပေါ်ပေါင်းစည်းညှိနှိုင်းရေးစင်တာ (Emergency Coor-dination Center-ECC) မှ ပံ့ပိုးမှုများနှင့် ဝိုင်းဝန်းပူပေါင်းပါဝင်ကူညီပေးကြသောဒေသခံပြည်များအားလုံးအား မှတ်တမ်းတင် ဂုဏ်ပြုပါသည်။

ပရဟိတ အများအကျိုးအတွက်ဆိုလျှင် ကိုယ်ကျိုး မငဲ့တတ်ကြသည့် မိမိတို့နိုင်ငံသားများ၏ "ရတာလေးနှင့် ဝအောင်စား၊ ရှိတာလေးနှင့် လှအောင်ဝတ်" ရောင့်ရဲကျေနပ် ပင်ကိုစိတ်ရင်းအတိုင်း ကိုယ့်ခွန်ကိုယ့်အားနှင့် ကိုယ့်အားကိုယ်ကိုးကာ စွမ်းဆောင်ကြရာတွင် တူရာတူရာစုစည်းတတ်မှု၊ သဘာဝနိယာမ ဖြူစင်သန့်ရှင်းရိုးသားမှုအပြည့်နှင့်အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များကလည်း လက်တွဲပါဝင်လုပ်ဆောင်လာမှုကို တွေ့မြင်ရသည်။ စေတနာမှန်သောကံ၏အကျိုးတရားဟုဆိုရပါမည်။ ကျန်းမာရေးနှင့်ပတ်သက်လျှင် မိမိတို့နိုင်ငံ လိုအပ်နေသည်မှာ ရုပ်ပိုင်းဆိုင်ရာ ဆေးဝါးအကူအညီသာ ဖြစ်သည်။ ကျွမ်းကျင်သူပညာရှင်မြန်မာနိုင်ငံသားစေတနာရှင်များပြည်တွင်းပြည်ပမှာ အများအပြားရှိနေသည်။

မည်သို့ဆိုစေ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်း အဖွဲ့ဝင်များ၏ ဒေသခံများနှင့်လက်တွဲပူးပေါင်းကာ နွေးနွေးထွေးထွေးရှိနေမှုသည်စေတနာပေါ် စေတနာဆင့်၊ တစ်အားပေါ် တစ်အားကူခြင်းဖြစ်ရာ ဒေသခံကျန်းမာရေးစောင့်ရှောက်မှုခံယူသူပြည်သူများအတွက် "အချိုပေါ် သကာရည်လောင်း"သလို လိုလေသေးမရှိ ပြီးပြည့်စုံစေခြင်းပင် မဟုတ်ပါလော။ ။

မော်လမြိုင်တွင် မီးလောင်မှုဖြစ်ပွား

မော်လမြိုင် မေ ၁၉

မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် အမှတ် (၃) မြရတနာလမ်း (ဈေးကြိုပွဲရုံတန်း)ရှိ မီးလျှံနာ ရေသန့်စက်ရုံတွင် မေ ၁၇ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ဖြစ်ပွားပုံမှာ မီးလျှံနာ ရေသန့်စက်ရုံ (၄၀×၆၀) ပေ RC နှစ်ထပ်၏ အပေါ်ထပ်အိပ်ခန်းရှိ အဲကွန်းအပူလွန်ကဲရာမှ မျက်နှာကြက်သို့ အဆင့်ဆင့်ကူးစက်ကာ အပေါ်ထပ်အဆောက်အအုံလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပိုင်ရှင်ဖြစ်သူ ဦးမောင်မောင် (၆၅) နှစ်အား မုပွန်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

(၆၉၄)

ယာဉ်ဘရိတ်ပေါက်၍ ချောက်ထဲကျကာ မီးလောင်

ကျိုင်းတုံ မေ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်၌ မေ ၁၈ ရက် ညနေ ၅ နာရီခွဲခန့်က ကျိုင်းတုံမှ တာချီလိတ်ဘက်သို့ ယာဉ်မောင်းစိုင်းရှဲန် တာချီလိတ်မြို့နေသူ မောင်းနှင်လာသော ၄ဂ/. . . Ford Further ခဲရောင်ယာဉ်သည် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၄၈/၄၉)ကီလိုမီတာကြားအရောက်တွင် ဘရိတ်ပေါက်ပြီး လမ်းယာဘက် အနက်ပေ ၂၀ ခန့်ရှိ ရေချောင်းအတွင်းသို့ ထိုးကျသွားပြီး ယာဉ်တစ်စီးလုံးမှာ မီးလောင်သွားခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းစိုင်းရှဲန်နှင့် ယာဉ်ပေါ်ပါ ဦးစိုင်းစံပျဲန်း၊ ဦးစိုင်းကျောက်တို့သုံးဦးမှာ ပွန်းပဲ့ဒဏ်ရာများရရှိပြီး မိုင်းဖြတ် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

မော်ကြီး (တြိဂံနယ်မြေ)

နှစ်သစ်သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၉

တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို နှစ်ဆန်းတစ်ရက်နေ့က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၂၅) ရပ်ကွက်ရှိ ပုညကုသလဓမ္မာရုံတော်ကြီး၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းနှင့် ရပ်ကွက်သူရပ်ကွက်သားများ စုပေါင်း၍ အသက် (၈၀) နှစ်နှင့်အထက် အဘိုးအဘွား ၁၀၃ ဦးတို့ အား ပစ္စည်းများပေးအပ်လှူဒါန်းပြီး **(အောက်ပုံ)** စုပေါင်းကန်တော့ကြသည်။

ခင်မောင်ဝင်း(ကြေးမုံ)

(၄၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

နတ်တလင်း မေ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ တာပွန်လမ်းအလယ်ပိုင်း၌ မေ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) ညနေ ၅ နာရီက တာပွန်လမ်းအလယ်ပိုင်း လူငယ်များဦးစီးကျင်းပသည့် (၄၆) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲတွင် အသက်(၇၅) နှစ်နှင့်အထက် အဘိုး ၁၇ ဦး၊ အဘွား ၃၂ ဦးတို့အား ပူဇော်ကန်တော့ကြရာ အဘွား ဒေါ်ခင်မြ အသက် (၉၆) နှစ်က အဘိုးအဘွားများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

(ဝ၇၁)

ညောင်ရွှေမြို့နယ်တွင်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး၊ အလှူငွေများထောက်ပံ့

ညောင်ရွှေ မေ ၁၉

ညောင်ရွှေမြို့နယ်တွင် မေ ၁၇ ရက် ညနေပိုင်းက မိုးရွာသွန်းပြီး မိုးသီးကြွေကျပြီး လေပြင်းတိုက်ခတ်မှုကြောင့် နန်းပန်ရပ်ကွက်၊ သလဲဦးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ နန်းသဲကျေးရွာအုပ်စုတို့တွင် နေအိမ်များပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် အလှူငွေများပေးအပ်ခြင်းကို မေ ၁၈ ရက် နံနက် ၁၁ နာရီခွဲက သလဲဦးအင်းရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်နှင့်တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် အိမ်ထောင်စု ၁၄၁ စုအတွက် ငွေကျပ် ၄၂၃၀၀၀၀၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့်စာသင်ကျောင်း သုံးကျောင်းအတွက် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ်လေးသိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်အောင်တွင် ဆိုးဆေးပါသော စိမ်းစားငါးပိအချိန်တစ်ရာကျော် သိမ်းဆည်းဖျက်ဆီး

မြန်အောင် မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် နေခြည်ဈေးတွင် မေ ၁၉ ရက်က ငါးပိအရောင်းဆိုင်ငါးဆိုင်မှ စားသုံးသူအန္တရာယ်ဖြစ်စေနိုင်သော ဆိုးဆေးပါသည့် ငါးပိအချိန်တစ်ရာကျော်ကို သိမ်းဆည်းဖျက်ဆီးခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့သည် မေ ၁၉ ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့ နေခြည်ဈေးအတွင်းရှိ ငါးပိအရောင်းဆိုင် ငါးဆိုင်မှ ဆိုးဆေးပါသော စိမ်းစားငါးပိ အချိန်တစ်ရာကျော်ကိုသိမ်းဆည်းပြီး ပြည်သူ့ဆေးရုံတွင် မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်းသိရသည်။

နေဝင်းဇော် (မြန်အောင်)

သိုလှောင်ရုံတစ်ခုအတွင်းမှ တောရိုင်းတိရစ္ဆာန်ပစ္စည်းများ သိမ်းဆည်းရမိ

ကလေး မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေအမှတ် (၁)ရှိ အလုပ်ရုံတစ်ခုသို့ ကလေးခရိုင် ဒုစရိုက်မှု အထူးနှိမ်နင်းရေးအဖွဲ့သည် မေ ၁၈ ရက် ည ၈ နာရီခွဲတွင် ဝင်ရောက်ရှာဖွေခဲ့ရာ သစ်တောထွက် တောရိုင်းတိရစ္ဆာန်ပစ္စည်းများအား ရှာဖွေတွေ့ရှိခဲ့ကြောင်း ရဲအုပ်သီဟနှင့်အဖွဲ့က ပြောပြသည်။

သိမ်းဆည်းရမိသည့် သစ်တောထွက်ပစ္စည်းများမှာ သစ်ခွအခြောက်အိတ် ၂၀၊ ဦးခေါင်းပိုင်းမှ အမြီးထိခြောက်ပေခန့်ရှိ ကျားမင်းသားရေ တစ်ချပ်၊ တောင်ဆိတ်ချို ၂၀၊ ချေသားရေ ၄၉၂ ချပ်၊ လိပ်မျိုးစုံ ဗိုက်သားခွံ ၂၂ ချပ်၊ တိရစ္ဆာန် သည်းခြေမျိုးစုံ ၃၄ ခု၊ ဦးခေါင်းချိုအစိတ်အပိုင်း လေးခု၊ နွားနောက်ဦးချို ရှစ်ခုနှင့် မျောက်အရိုးစုသုံးပိဿာတို့ဖြစ်သည်။

ထို့ကြောင့် သစ်တောထွက်ပစ္စည်းများနှင့်တောရိုင်းတိရစ္ဆာန်ပစ္စည်းများအား တရားမဝင်လက်ဝယ်ထားရှိသူ အလုပ်ရုံအိမ်ရှင် ကိုစိုးနိုင်အား ခရိုင်မှုခင်း အထူးနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ရဲအုပ်သီဟက တရားလိုပြု၍ ကလေးမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

(တိုးတိုးဝင်း)

စာတည်းမှူးထံရောက်ရှိလာသော ပေးစာများ

ရပ်ကွက်အတွင်းမှ စက်သုံးဆီအရောင်းဆိုင်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် (၄/၅) နယ်မြေ ဘူတာစုရပ်ကွက် ဒညင်းကုန်းဘူတာရုံလမ်းတွင် လမ်းသူ လမ်းသားများအား ယခင်စားသုံးဆီအရောင်းဆိုင်တည်ဆောက်မည်ဆို၍ အများပြည်သူ၏ ထောက်ခံသော လက်မှတ်များကိုရယူပြီး ယခုအခါ လောင်စာဆီဆိုင်ပြောင်းလဲဖွင့်လှစ်ဆောက်လုပ်ရန် မြေတူးနေပါသည်။ ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်စိုးရိမ်ရသော အနေအထားကို ရပ်ကွက်နေပြည်သူများအားလိမ်လည်၍ ဇွတ်အတင်းအကောင်အထည်ဖော်နေမှုကို တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ။

ရပ်ကွက်အတွင်း ကျူးကျော်နေထိုင်သူများ ဖယ်ရှားပေးပါ

ဒဂုံမြို့သစ်(မြောက်ပိုင်း)(၃၄) စံပြရပ်ကွက် စည်ပင်သာယာအားကစားကွင်း၊ ရပ်ကွက်သုံးရေတွင်း၊ ရေလှောင်ကန်နှင့် ကပ်လျက်နေရာတွင် ကျူးကျော်နေထိုင်သူများကြောင့် မီးဘေးစိုးရိမ်ရခြင်း၊ ရပ်ကွက်သောက်သုံးရေတွင် ကျန်းမာရေးညီညွတ်မှုမရှိခြင်း၊ လျှပ်စစ်ဓာတ်အားမီတာမရှိဘဲ သုံးစွဲခြင်း၊ ရေရှည်တွင်ကျူးကျော်အိမ်များမှာ အတည်ဖြစ်လာပြီး ဖယ်ရှားရန်ခက်ခဲလာမည်ဖြစ်၍ အဆိုပါကျူးကျော်နေထိုင်မှုများကို ဖယ်ရှားပေးရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူများ။

အများသုံးရေမြောင်းထဲ မစင်များစွန့်ပစ်နေ

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် (၄)လမ်းနှင့်ပိတောက်လမ်းထောင့် အုတ်ရေကန်ရှိ နေအိမ်နှင့် ၄င်းဘေးနှစ်ထပ်တိုက် နေအိမ်တို့မှ မစင်နှင့်အညစ်အကြေးများကို ကိုယ်တိုင်သော်လည်းကောင်း၊ လူငှား၍သော်လည်းကောင်း အများအသုံးပြုလျက်ရှိသည့် ရေမြောင်းများအတွင်းသို့ နေ့စဉ် စွန့်ပစ်နေပါသဖြင့် ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရှိနေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်ပါ၍ သက်ဆိုင်ရာမှ ဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်နေပြည်သူများ။

ရေလှောင်ကန်များ ရေဖြည့်ပေးစေလို

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့အမှတ် (၆)ရပ်ကွက်နှင့် အမှတ် (၇) ရပ်ကွက်အတွင်း၌ ယခင်ပြည်သူ့ကောင်စီလက်ထက်က ကွန်ကရစ်အဖုံးမဲ့ ရေလှောင်ကန်များရှိခဲ့ပါသည်။ ထိုရေလှောင်ကန်ကြီးများတွင် ရေမရှိသည်မှာ ကြာမြင့်နေပြီး နွေအခါတွင် မီးဘေးစိုးရိမ်နေရသဖြင့် ထိုကန်များတွင် ရေအပြည့်ဖြည့်ဆည်း ဆောင်ရွက်ပေးရန် တင်ပြအပ်ပါသည်။

မအူပင်သား။

မြို့သာယာလှပရေးထိခိုက်နေ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တိုက်ကြီး(မြို့မ)ဈေးပတ်လည်ရှိ အိမ်ပိုင်ရှင်များသည် အိမ်ရှေ့အမိုးအဖီများဆွဲရာတွင် မိမိတို့ပိုင် မြောင်းနှုတ်ခမ်းထိသာမက ကားလမ်းနံဘေးပလက်ဖောင်းထိ သံထည်များဖြင့် အခိုင်အမာဆွဲပြီး ဈေးများခင်းကျင်းရောင်းချနေကြသဖြင့် မြို့သာယာလှပရေးကို ထိခိုက်စေပြီး မြို့အင်္ဂါရပ်နှင့်လည်း လုံးဝမညီညွတ်ပါ။ လုံခြုံရေးကိုပါ စိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သာယာလှပစေလိုသူ။

အမှိုက်ပုံအား ပြောင်းရွှေ့ဖယ်ရှားပေးစေလို

မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းမပေါ် (၈၇)လမ်းထိပ်တွင် အမှိုက်များကို စည်းကမ်းမဲ့စွာ နေ့စဉ်လာရောက်စုပုံထားရာ ထိုအမှိုက်ပုံမှ ထွက်ရှိသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ၊ လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါ စည်းကမ်းမဲ့အမှိုက်ပုံအား သက်ဆိုင်ရာတာဝန်ရှိသူများမှ အခြားလွတ်ကင်းရာနေရာသို့ အမြန်ဆုံးပြောင်းရွှေ့ဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားတစ်ဦး။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးခရိုင်အတွင်းရှိလားရှိုး၊ တန့်ယန်း၊ မိုင်းရယ်မြို့နယ်အတွက် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်ပြည်ထောင်စု/ပြည်နယ်လမ်း၊တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် — အမှတ်(၁)(၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)

၁။ လမ်းခင်းကျောက်မျိုးစုံ
၂။ ဘိလပ်မြေ
၃။ သံချောင်းရွယ်စုံ
၄။ သစ်မာရွယ်စုံ
၅။ မျိုးခြားသစ်ရွယ်စုံ
၆။ အုတ်နီ
၇။ ရေသဲ
၈။ သံကူကွန်ကရစ်ပိုက်ပြွန်
၉။ သံကူကွန်ကရစ်ကီလိုမီတာတိုင်
၁၀။ သံကူကွန်ကရစ်ကာကွယ်တိုင်
၁၁။ သံကူကွန်ကရစ်လမ်းနယ်တိုင်

တင်ဒါပိတ်မည့်ရက်/အချိန် - ၄-၅-၂၀၁၄ ရက် ၁၆း၃၀နာရီ
တင်ဒါဖွင့်မည့်ရက် - ၅-၅-၂၀၁၄ ရက် ၉း၀၀နာရီ
တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးမြို့၊ ဖုန်း ၀၈၂-၂၃၀၅၈

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ စက်မှုဇုန်(၃)လမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(၂)၊ ပထမထပ်ရှိ အခန်း (၁၀၅) အား တရားဝင်လက်ရှိပိုင်ဆိုင်သော ဦးမောင်မောင်စန်း[၁၂/ဥကတ(နိုင်)၀၁၃၁၅၀] နှင့် ဒေါ်နီလာလှမြင့်လတ်[၁၂/မရက(နိုင်)၁၇၁၁၁၀]တို့ထံမှ ကျွန်ုပ် ဒေါ်ခင်အေးအေးဖြူ[၁၂/မဂဒ(နိုင်)၀၁၅၂၁၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်အေးအေးဖြူ
[၁၂/မဂဒ(နိုင်)၀၁၅၂၁၃]
ဖုန်း ၀၉-၅၀၅၆၇၉၉

ဖျော်ဖြေရေး

တောင်ကိုရီးယားသဘော်ာ ပြန်လည်ရှာဖွေရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေလှူဒါန်းခဲ့သည့် ဆောင်းဆန်ဟွန်း

တောင်ကိုရီးယား အနုပညာကြယ်ပွင့် ဆောင်းဆန်ဟွန်းက တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ပင်လယ်ကမ်းရိုးတမ်း ကမ်းလွန်၌ ခရီးသည် လေးရာကျော်လိုက်ပါလာသည့် ကူးတို့သဘော်ာ နစ်မြုပ်ခဲ့ရမှုအတွက် ပြန်လည်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကယ်ဆယ်ရေးလုပ်သားများနှင့် လုပ်အားပေးလူငယ်များအတွက် တောင်ကိုရီးယားဝမ် သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၉၆၃၀၀)ကိုလှူဒါန်းခဲ့ကြောင်း သိရသည်။

မင်းသား ဆောင်းဆန်ဟွန်းအနေဖြင့် ယခုကဲ့သို့ လှူဒါန်းရခြင်းသည် ယင်းကယ်ဆယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အကောင်းဆုံးပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ခံယူထားကြောင်း ဆောင်းဆန်ဟွန်း၏ အေဂျင်စီက အတည်ပြုပြောကြားခဲ့သည်။

ဆက်လက်ပြီး "သဘော်ာမှာ ပါသွားတဲ့ ခရီးသည်တွေအတွက် ဆုတောင်းပေးနေသူတွေနဲ့အတူ ကျွန်တော်လည်း ထိခိုက်ခံစားရပါတယ်၊ ဝမ်းနည်းကြောင်း သဝဏ်လွှာလည်း ပို့ထားပါတယ်၊ အမြန်ဆုံးရှာတွေ့ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ဆောင်းဆန်ဟွန်းက ပြောကြားခဲ့ကြောင်း သိရသည်။

ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် လက်မှတ်ရောင်းချိန် ရက်ရွှေ့ဆိုင်းခဲ့သည့် IU

တောင်ကိုရီးယားဂီတကြယ်ပွင့် IU က ၎င်း၏ အယ်လ်ဘမ်အသစ်အတွက် ပြုလုပ်မည့် ဂီတဖျော်ဖြေပွဲ၏ လက်မှတ်များကို ယခုလ ၁၇ ရက်တွင် စတင်ရောင်းချရန် စီစဉ်ထားခဲ့သော်လည်း ဧပြီ ၁၆ ရက်က မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသည့် တောင်ကိုရီးယားကူးတို့သဘော်ာ တိမ်းမှောက်မှုကြောင့် လက်မှတ်ရောင်းချိန် ရက်ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

IU က One Step and One More အမည်ရှိ ဂီတဖျော်ဖြေပွဲကို မေ ၂၂ ရက်မှ ဇွန်လအထိ ကျင်းပသွားရန်ရှိပြီး လက်မှတ်များကို ကြိုတင်ရောင်းချရန် စီစဉ်ခဲ့ခြင်းဖြစ်သော်လည်း အဆိုပါ ကူးတို့သဘော်ာတိမ်းမှောက်ရာတွင် ပါဝင်သူတို့အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် ယခုကဲ့သို့ ရက်ရွှေ့ဆိုင်းရခြင်းဖြစ်ကြောင်းလည်း သိရသည်။

လီယောင်အေး၏ အတည်ပြုချက်စောင့်မျှော်နေသည့် နန်းတွင်းရတနာ-၂ ဇာတ်ကား

၂၀၁၃ ခုနှစ်က အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လုပ်ခဲ့သည့် တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် "နန်းတွင်းရတနာ"ဇာတ်ကား၏ နောက်ဆက်တွဲ နန်းတွင်းရတနာ-၂ ဇာတ်ကားကို နာမည်ကြီး သမိုင်းမှတ်တမ်းဇာတ်ကားများကို ပင်တိုင်ပုံဖော်ခဲ့သူ ထုတ်လုပ်သူတစ်ဦးဖြစ်သည့် ကင်မ်ဂန်ဟောင်က ပုံဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် နန်းတွင်းရတနာ-၂ ဇာတ်ကားသည် ယခင်နန်းတွင်းရတနာဇာတ်ကားမှ ခေါင်းဆောင်မင်းသမီး တောင်ကိုရီးယားကြယ်ပွင့် မင်းသမီးလီယောင်အေးက ပြန်လည်ပါဝင်ဖြစ်၊ မဖြစ် ၎င်း၏ အတည်ပြုချက်စောင့်လျက်ရှိကြောင်း သိရသည်။

ယခုအချိန်ထိ မင်းသမီးလီယောင်အေးအနေဖြင့် တိကျသောဆုံးဖြတ်ချက် မပေးရသေးဘဲ ၎င်းနှင့် အစစအရာရာ ဆွေးနွေးဆဲဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းဖော်ပြသည်

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၄-၂၀၁၄ (တနင်္ဂနွေနေ့)

MRTV

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀ ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၆း၄၀ တေးဂီတအစီအစဉ်
၈း၃၀ ချစ်သောဤကမ္ဘာမြေ
၁၁း၁၀ ဂီတတံခါးလေးဖွင့်ပါဦး
၁၂း၄၀ ဖြူ မည်းရုပ်ရှင် "ကောလိပ်ဂျင်" (ကောလိပ်ဂျင်နေဝင်း၊ မြင့်မြင့်ခင်) (ဒါရိုက်တာ-ဦးချင်းစိန်)
၄း၁၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၁၅ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၂၀ အနုပညာသတင်းအစီအစဉ်
၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ - ရင်ခုန်လက်ကမ်း တေးသစ်လမ်း

MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း +မင်္ဂလသုတ်
၅း၄၀ 'ဝေဒနာချုပ်ပျောက်နိဗ္ဗာန်ရောက်' တရားတော် [ရေတာရှည်ဆရာတော် (အရှင်ပညာဝံသ)]
၇း၃၀ MRTV-4 သတင်း
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၂း၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အစာဆိပ်သင့်ခြင်း)
၃း၁၀ လောင်မြိုက်ခြင်းရဲ့ ကမ်းတစ်ဖက်
၃း၄၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ခမ်းနားချမ်းအေးကမ္ဘာအေးဗီလာထဲက အိမ်ကလေး)
၄း၁၀ ဘဝများ (တင်မိုးလွင်)
၄း၄၀ တရားမမှုပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၄း၃၀	Almeria - Celta de Vigo	(Star Sports)
၉း၃၀	Rayo Vallecano - Real Betis	(Star Sports)
၁၁း၃၀	Sevilla - Granada	(Star Sports) (MRTV-4)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Real Sociedad - Espanyol	(Star Sports)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

MWD

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ယောဂ
၈း၁၅ စိုက်ပျိုးသုတ
၈း၃၅ အင်္ဂလိပ်စာသုတ
၁၁း၁၅ တစ်ပတ်အတွင်း ပြည်တွင်းသတင်း
၄း၀၉ မျိုးချစ်တပ်မတော်
၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၅း၀၀ မြန်မာသကြ်န်
၅း၂၀ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ ဘဝကြေးမုံ
၆း၃၅ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ - ပဟေဠိနန်းတော် - ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်

အင်တာမီလန်အသင်းတွင် ဆက်ကစားရန် ရိုလန်ဒို ဆန္ဒရှိနေ

ပေါ်တူဂီနောက်ခံကစားသမား ရိုလန်ဒိုသည် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကုန်သည်အထိ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းတွင် ဆက်ကစားရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နောက်ခံကစားသမားရိုလန်ဒိုသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပေါ်တူဂီ၏ အင်အားအကြီးဆုံးအသင်းဖြစ်သည့် ပေါ်တိုအသင်းမှ အင်တာမီလန်အသင်းသို့ ကာလကြာရှည်အငှားစာချုပ်ဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ပေါ်တူဂီကြယ်ပွင့် ရိုလန်ဒိုသည် ပြီးခဲ့သည့်ဘောလုံးရာသီတစ်ဝက်ကို နာပိုလီအသင်းနှင့်အတူကုန်ဆုံးခဲ့ပြီးနောက် အင်တာမီလန်အသင်းသို့ အငှားချထားခြင်းခံခဲ့ရကာ ရိုလန်ဒိုရောက်ရှိလာခဲ့ချိန်တွင် အင်တာမီလန်အသင်းသည် အကောင်းဆုံးခြေစွမ်းပိုမိုရရှိလာခဲ့သည်။ ထို့ကြောင့် လက်ရှိအီတလီစီးရီးအေအမှတ်ပေးဇယားတွင် အဆင့်(၆)နေရာ၌ ရပ်တည်လျက်ရှိပြီး လာမည့်ဘောလုံးရာသီတွင် ဥရောပဝင်ခွင့်တစ်နေရာရရှိရန် နီးစပ်မှုရှိနေပြီဖြစ်သည်။

ထို့ကြောင့် နောက်ခံကစားသမား ရိုလန်ဒိုအနေဖြင့် အင်တာမီလန်အသင်းတွင် ပျော်ရွှင်မှုရရှိနေသည့်အပြင် အင်တာမီလန်အသင်းနှင့် အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဲဗာတန်ဂိုးသမား တင်ဟောင်းဝက်ဒ် စာချုပ်သစ်ချုပ်ဆို

အဲဗာတန်ဂိုးသမား တင်ဟောင်းဝက်ဒ်သည် ၂၀၁၈ ခုနှစ်တိုင်အောင် လက်ရှိကလပ် အဲဗာတန်အသင်းတွင်ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သည်။ အမေရိကန်ဂိုးသမား တင်ဟောင်းဝက်ဒ်သည် ၂၀၀၇ ခုနှစ်တွင် မန်ယူအသင်းမှ ထွက်ခွာခဲ့ပြီးနောက် အဲဗာတန်အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။

လက်ရှိတွင် အဲဗာတန်အသင်းသို့ ဂျိုးလ်ရောဘ်လက်စ်ရောက်ရှိလာခဲ့ပြီးနောက် အသင်း၌ ပုံမှန်ပွဲထွက်ခွင့်အတွက် အပြိုင်ကြိုးပမ်းခဲ့ရသော်လည်း လက်ရှိတွင် ၎င်း၏အသက်(၃၉)နှစ်အထိ အဲဗာတန်အသင်း၌ ဆက်ရှိမည့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

အဲဗာတန်ဂိုးသမား တင်ဟောင်းဝက်ဒ်သည် လက်ရှိတွင် အသက်(၃၅)နှစ်ရှိနေပြီဖြစ်သော်လည်း ၎င်းအတွက် အကောင်းဆုံးလက်စွမ်းပြကစားနိုင်သည့် အသက်အရွယ်ဖြစ်ကြောင်းနှင့် အသက်(၄၀)ကျော်သည်အထိ အဲဗာတန်အသင်းတွင် ဆက်ကစားရန် ရည်ရွယ်ထားကြောင်းလည်း တင်ဟောင်းဝက်ဒ်က ဆိုသည်။

ငွေကြယ်

ဘောလုံးလောက သတင်းတိုများ

❒ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် ဘာစီလိုနာအသင်းမှ အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ခရစ္စတီယန်တယ်လိုအား ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန် မျှော်လင့်ထားကြောင်း သိရသည်။

❒ လီဗာပူးအသင်း ခေါင်းဆောင် စတီဗင်ဂျာရတ်သည် ဥရောပတွင် အကောင်းဆုံးထိန်းချုပ်ကစားနိုင်သည့် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြဘရန်ဒန်ရော့ဂျာက ပြောကြားခဲ့သည်။

❒ ဒေးဗစ်မိုယက်သည် မန်ယူနည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ရာသီတွင် အကောင်းမွန်ဆုံးရလဒ် မထွက်ပေါ်ခဲ့သော်လည်း အသင်းရှိဝါရင့်ကစားသမားများ၏ ထောက်ခံမှုအပြည့်အဝ ရရှိလျက်ရှိကြောင်း ကွင်းလယ်ကစားသမား မာတာက ပြောကြားခဲ့သည်။

❒ အာဆင်နယ်အသင်း လာမည့်ရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့် မရရှိခဲ့ပါက ကစားသမားအချို့အား ဝင်ငွေ ၂၅ ရာခိုင်နှုန်း ဖြတ်တောက်ဖွယ်ရှိကြောင်း သိရသည်။

စပါးအသင်း ယူရိုပါလိဂ်ဝင်ခွင့်ရရှိရန် တွန်းအားပေးမည်ဟု ရှားဝုဒ်ပြောကြား

ပရီမီယာလိဂ်ကလပ် တော့တင်ဟမ်ဟော့စပါးအသင်းအား လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ဝင်ခွင့်တစ်နေရာရရှိရန် တွန်းအားပေးသွားမည်ဖြစ်ကြောင်း စပါးအသင်းနည်းပြ တင်ရှားဝုဒ်က ပြောကြားခဲ့သည်။

စပါးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီသုံးရာသီက ယူရိုပါလိဂ်ဝင်ခွင့်ဆက်တိုက်ဆိုသလိုရရှိခဲ့ပြီး ပရီမီယာလိဂ်ထိပ်ဆုံးလေးသင်းစာရင်းဝင်ရန် အခက်တွေ့ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ခဲ့ရသည်။

လက်ရှိတွင်လည်း ပရီမီယာလိဂ် ၃၄ ပွဲကစားပြီးချိန်တွင် အမှတ်ပေးဇယား၏ အဆင့်(၆)နေရာတွင် ရပ်တည်လျက်ရှိပြီး လာမည့်ဘောလုံးရာသီတွင်လည်း ယူရိုပါလိဂ်ဝင်ခွင့်တစ်နေရာ ပိုင်ဆိုင်မည့် အနေအထားတွင်ရှိနေကြောင်း စပါးအသင်းနည်းပြ တင်ရှားဝုဒ်က ဆိုသည်။

ဆောက်သမ်တန်ဘယ်နောက်ခံလူ လူကီရှောအား ချယ်လ်ဆီးနှင့် မန်ယူ အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေ

ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်အသင်းမှ ဘယ်နောက်ခံကစားသမား လူကီရှောသည် ယခုနှစ်ဘောလုံးရာသီကုန်ပါက လက်ရှိကလပ် ဆောက်သမ်တန်အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း အသင်း မန်နေဂျာဖြစ်သူ ပိုချက်တီနိုက ပြောကြားခဲ့သည်။

သို့ရာတွင် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် မန်ယူအသင်း၊ ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့အနေဖြင့် ခေါ်ယူရန်အပြိုင်ကြိုးပမ်းနေသည့်အပြင် မန်စီးတီးအသင်းကလည်း အဆိုပါအင်္ဂလန်ကြယ်ပွင့် လူကီရှောအား ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန် အသင့်ရှိနေပြီဖြစ်ကြောင်း သိရသည်။



အုတ်သယ်ကား ရေကန်တွင်းတိမ်းမှောက် ကလေးတစ်ဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရ

တိုက်ကြီး မေ ၁၉

တိုက်ကြီးမြို့နယ် ဂျိုးဖြူအုပ်စု ခြောက်တိုင်ကွေ့ကျေးရွာရှိ ဦးချစ်ဦး၏အုတ်ကွင်း၌ ယာဉ်တစ်စီး အုတ်ကွင်းရေကန်ထဲသို့ထိုးကျပြီး တိမ်းမှောက်နေကြောင်းသတင်းအရ တိုက်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်မောင်း ကိုဇော် မောင်းနှင်သော ၆ဂ/----ဖောအမျိုးအစား အပြာရောင်အုတ်သယ်ယာဉ်မှာ အလျားပေ ၂၀၀၊ အနံပေ ၁၀၀၊ အနက် ၁၅ ပေခန့်ရှိ ရေကန်အတွင်း တိမ်းမှောက်နေကြောင်း သိရသည်။

ဖြစ်စဉ်အားစုံစမ်းစစ်ဆေးရာ မွန်းလွဲ ၁၂ နာရီခွဲခန့်က ယာဉ်မောင်း ကိုဇော်သည် အုတ်စိမ်းများတင်၍ ယာဉ်အားရပ်ကာ ထမင်းစားသွားနေစဉ် ယင်းယာဉ်ကို အုတ်ကွင်းရှိ အုတ်လုပ်သားဖြစ်သူ ကျော်ဝင်းကိုက တက်၍ မောင်းနှင်ရာမှ ရေကန်အတွင်းသို့ကျသွားခြင်းဖြစ်ကြောင်း သိရှိရပြီး ထိုရေကန်အတွင်းတိမ်းမှောက်သွားစဉ် ယာဉ်ပေါ်ပါ မစုစုမှူ (၉)နှစ်မှာ အပေါ်နှုတ်ခမ်းပေါက်ပြဲသွေးထွက်၊ မေးစေ့ပေါက်ပြဲ၊ ယာပါးညိုမည်းပွန်းပဲ့ဒဏ်ရာများရရှိကာ အခင်း ဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မသီရိကိုကို(၁၁)နှစ်နှင့် မသန်းသန်းချို(၁၄)နှစ်တို့တွင် ဖူးရောင်၊ ပေါက်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် တိုက်ကြီးမြို့နယ်ဆေးရုံ၌အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် တက်ရောက်ကုသလျက်ရှိသည်။

ယာဉ်မောင်းနှင်သူ ကျော်ဝင်းကို(၁၉)နှစ် ခြောက်တိုင်ကွေ့ကျေးရွာ တိုက်ကြီးမြို့နယ်နေသူမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် တိုက်ကြီးမြို့မရဲစခန်းက ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

တရားမဝင်တမလန်းသစ်များ သိမ်းဆည်းရမိ

မြင်းမူ မေ ၁၉

မြင်းမူမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်စိုး၊ တောအုပ် ဦးလှိုင်လှိုင်ကို၊ တောအုပ် ဦးသီဟဇော်တို့ပါဝင်သော သစ်တောဝန်ထမ်းများနှင့် မြင်းမူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့ ဒုတိယရဲအုပ်ဝင်းကိုကိုတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် နံနက် ၃ နာရီက ထီးဆောင်းအရာတော်လမ်း မိုင်တိုင် (၆/ ၁)နှင့် (၆/၂)အကြား၌ ရပ်တန့်ထားသော ယာဉ်အမှတ် ၉က/----ဟီးနိုးခြောက်ဘီး(ပြာ) ယာဉ်အား မသင်္ကာသဖြင့်စစ်ဆေးရာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ မတွေ့ဘဲ မြေပဲခွံအိတ်များဖြင့် ဖုံးအုပ်၍ တရားမဝင် တမလန်းသစ်များ တင်ဆောင်ထားသည်ကို တွေ့ရှိရသဖြင့် ယာဉ်အား မြင်းမူမြို့နယ် သစ်တောရုံးဝင်းအတွင်း မောင်းနှင်ခဲ့ပြီး အနောက်ပိုင်းရပ်ကွက် အထောက်အကူပြုဥက္ကဌနှင့် သက်သေများရှေ့တွင် စစ်ဆေးရာ တရားမဝင် တမလန်းသစ်ခွဲသား ၉၃ ချောင်း (၇ ဒသမ ၂၈၃၂ တန်)၊ တမလန်းသစ် ၂ ပေမှ ၂ ပေ ၁၂ လက်မအထိ နှစ်လုံး (သုည ဒသမ ၁၁၆၀ တန်) စုစုပေါင်း ၇ ဒသမ ၃၉၉၂ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။ ပစ္စည်းများကို မြင်းမူမြို့နယ် သစ်တောဦးစီးဌာနရုံးဝင်းအတွင်း သယ်ဆောင်ပြီး မြင်းမူမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ) ကိုကိုနိုင်(မြင်းမူ)**

လူကုန်ကူးခံရသူ အမျိုးသမီးနှစ်ဦးအား တရုတ်နိုင်ငံမှ လွှဲပြောင်းပေး

နေပြည်တော် မေ ၁၉

တရုတ်နိုင်ငံတွင် လူကုန်ကူးခံရသူ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာအမျိုးသမီး နှစ်ဦးအား မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရွှေလီလူကုန်ကူးအထူးအဖွဲ့မှ မူဆယ်မြို့နန်းတော်စစ်ဆေးရေးဂိတ်သို့ လာရောက်လွှဲပြောင်းပေးသဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(မူဆယ်)မှ လက်ခံခဲ့ကြောင်း သိရသည်။

လူကုန်ကူးခံရသူနှစ်ဦးအနက် ရှမ်းပြည်နယ် နမ္မတူမြို့မှ အမျိုးသမီးမှာ ယခင်က တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသဖြင့် ၂၀၀၉ ခုနှစ်တွင် တရုတ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့စု(မူဆယ်)သို့ လွှဲပြောင်းပေးခဲ့သူဖြစ်သည်။ ထိုစဉ်က ၎င်းသည် တရုတ်နိုင်ငံစီချွမ်ပြည်နယ်မှ တရုတ်အမျိုးသား ရန်ဖန်ဟုန်ဆိုသူထံ ပို့ဆောင်ရောင်းစားခံရ၍ နှစ်နှစ်ပေါင်းသင်းကာ ကလေးတစ်ဦးရရှိခဲ့ပြီးနောက် တရုတ်ရဲတပ်ဖွဲ့မှစစ်ဆေးတွေ့ရှိကာ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် တရုတ်အမျိုးသားခင်ပွန်းနှင့် ပြန်လည်ပေါင်းသင်းရန် စီချွမ်ပြည်နယ်သို့ လိုက်သွားခဲ့ပြီး သုံးနှစ်ကျော်ပေါင်းသင်းနေထိုင်ခဲ့ရာ ရန်ဖန်ဟုန်က မကြာခဏရိုက်နှက်ဆဲဆိုကြိမ်းမောင်းခြင်းပြုလုပ်သဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ထွက်ပြေးစဉ် အခြားတရုတ်အမျိုးသား ဝမ်ချန်ကွေဆိုသူနှင့် တွေ့ရှိကာ နှစ်ဦးသဘောတူ ချစ်ကြိုက်ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ သုံးလခန့်အကြာတွင် ယခင်ယောကျာ်း ရန်ဖန်ဟုန်က ပြန်လည်ပေါင်းသင်းရန်လာရောက် ခေါ်ဆောင်သည်ကို ၎င်းက လက်မခံသဖြင့် ရန်ဖန်ဟုန်က တရုတ်ရဲတပ်ဖွဲ့ထံ ဖုန်းဆက်တိုင်တန်းခဲ့၍ မတ် ၆ ရက်တွင် တရုတ်ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး တရုတ်အချုပ် ထောင်တွင် တစ်လထိန်းသိမ်းခံရပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်းခံရကြောင်း သိရသည်။

လူကုန်ကူးခံရသူနောက်တစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မှဖြစ်ပြီး ၎င်းသည် ခင်ပွန်းဖြစ်သူနှင့်အတူ ၂၀၁၁ ခုနှစ်တွင် မူဆယ်သို့ သွားရောက်ကာ ရွှေလီတွင်ကျောက်သွေးလုပ်ငန်း လုပ်ကိုင်စဉ် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် မအေးရင်ဆိုသူနှင့်တွေ့ရှိခင်မင်ခဲ့ပြီး မအေးရင်က တရုတ်နိုင်ငံတွင် တရုတ်ယောကျာ်းယူပါက ငွေအဆင်ပြေကြောင်း၊ တရုတ်ငွေယွမ် ၁၀၀၀၀ ရမည်၊ တရုတ်ယောကျာ်းနှင့် ပေါင်းလိုကပေါင်းနိုင်ပြီး မပေါင်းလိုက ပြန်ထွက်ပြေးလာနိုင်ကြောင်း စည်းရုံးပြောဆိုပြီး ဇန်နဝါရီ ၁၉ ရက်တွင် မအေးရင်က တရုတ်နိုင်ငံ ပန်ပုံရွာသို့ ခေါ်ဆောင်သွားကာ အမည်မသိတရုတ်နိုင်ငံသား အမျိုးသမီးနှစ်ဦးမှတစ်ဆင့် ၎င်းအား တရုတ်အမျိုးသားတစ်ဦးနှင့် ထည့်ပေးလိုက်ကြောင်း၊ အဆိုပါ တရုတ်အမျိုးသားက ရှမ်းမနှစ်ဦးနှင့် မအေးရင်တို့အား ယွမ် ၂၇၀၀၀ ပေးခဲ့ပြီး ၎င်းအား စီချွမ်ပြည်နယ် မင်ရန်မြို့သို့ခေါ်ဆောင်သွားကြောင်း၊ တရုတ်အမျိုးသားနှင့် ၁၅ ရက်ခန့် ပေါင်းသင်းနေထိုင်ပြီးနောက် ဆက်မပေါင်းလို၍ ထွက်ပြေးခဲ့ရာ တရုတ်ရဲတပ်ဖွဲ့၏ဖမ်းဆီးခြင်းခံရပြီး အချုပ်ထောင်တစ်ခုတွင် နှစ်လကျော်ထိန်းသိမ်းခံခဲ့ရကြောင်း၊ ထို့နောက် ရှမ်းပြည်နယ် နမ္မတူမြို့မှ အမျိုးသမီးနှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်းခံရကြောင်း သိရသည်။

ရှမ်းပြည်နယ် နမ္မတူမှ လူကုန်ကူးခံရသူ အမျိုးသမီးသည် ယခင်က လူကုန်ကူးခံရသူဖြစ်သော်လည်း ၎င်းအားရောင်းစားခဲ့သူ မည်သူမည်ဝါဖြစ်ကြောင်း မပြောပြနိုင်ခြင်းကြောင့် တရားခံအား အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မှ လူကုန်ကူးခံရသူ အမျိုးသမီးအား တရုတ်ငွေယွမ် ၂၇၀၀၀ ဖြင့် ရောင်းစားခဲ့သူ မအေးရင် လားရှိုးမြို့နေသူနှင့် မနန်းမြအောင် (တရုတ်ယောကျာ်းနှင့်အိမ်ထောင်ကျနေသူ) တို့အား မူဆယ်မြို့မရဲစခန်းက (ပ)၈၁/၂၀၁၄၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ ဖြင့် အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

အရှိန်လွန်ပြီး ကားချောက်ထဲထိုးကျ

ဘားအံ မေ ၁၉

မြဝတီ-ကော့ကရိတ်လမ်းတွင် ကားတစ်စီးချောက်ထဲသို့ထိုးကျမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မြဝတီ-ကော့ကရိတ်-ဘားအံ ဆင်းရက်ဖြစ်သော မေ ၁၈ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က မြဝတီမြို့ ရွှေကုက္ကိုမှ ဘားအံမြို့သို့ ပြန်လည်ဆင်းလာသော ယာဉ်မောင်း စောကျော်ဖိုးလော် မောင်းနှင်လာသော ၄ဂ/----D-MAXယာဉ်သည် မြဝတီ-ကော့ကရိတ် တောင်ပေါ်လမ်းကြား မိုင်တိုင်အမှတ်(၈၉/၀)အရောက်၌ ကျောက်ခဲအားနင်းမိ၍ အရှိန်လွန်စလစ်ဖြစ်ကာ ပေ ၃၀ အနက်ရှိ ချောက်ထဲသို့ထိုးကျခဲ့သည်။ ယာဉ်ထိုးကျစဉ် ယာဉ်မောင်း စောကျော်ဖိုးလော်သည် ခုန်ဆင်းကျန်ရစ်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။ **(နေမျိုးလွင် ပြန်/ဆက်)**

မော်လိုက်မြို့ အောင်သာယာရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

မော်လိုက် မေ ၁၉

မော်လိုက်မြို့ အောင်သာယာရပ်ကွက်တွင် မေ ၁၆ ရက် ညနေက နေအိမ်မီးဖိုရှိ မီးကြွင်းမီးကျန်မှ စတင်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က မော်လိုက်မြို့ မြို့မ(၂)အုပ်စု အောင်သာယာရပ်ကွက်နေ ဒေါ်ခင်စန်းဝင်း၏ နေအိမ်မီးဖိုရှိ မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်၊ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီးလှဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုသက် ဦးဆောင်သည့် အဖွဲ့ဝင် ၁၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသဖြင့် ၁၀ မိနစ်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ကျော်ပွား(IPRD)

သင်္ကြန်ကာလအတွင်း တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတို့တွင် ယာဉ်မတော်တဆမှု ၁၅၃ မှု ဖြစ်ပွားပြီး သေဆုံးသူ ၄၁ ဦး၊ ဒဏ်ရာရရှိသူ ၄၀၇ ဦးရှိခဲ့

ရန်ကုန်၊ မေ ၁၉

ယခုနှစ် သင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ်တို့တွင် ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေ ၄၁ ဦးရှိခဲ့ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ မေ ၁၈ ရက်တွင် ထုတ်ပြန်သော စာရင်းအရ သိရသည်။

ယခုနှစ် သင်္ကြန်ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယာဉ်မတော်တဆမှု ၆၂ မှုဖြစ်ပွား၍ အမျိုးသား ၁၁၁ ဦး၊ အမျိုးသမီး ၆၇ ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား ၁၃ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၅ ဦး သေဆုံးခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ယာဉ်မတော်တဆမှု ခြောက်မှုဖြစ်ပွားခဲ့ပြီး အမျိုးသား ခုနစ်ဦးဒဏ်ရာရရှိ၍ အမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း သုံးဦး သေဆုံးခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ယာဉ်မတော်တဆမှု ၅၄ မှုတွင် အမျိုးသား ၉၂ ဦး၊ အမျိုးသမီး ၃၁ ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား ကိုးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၀ ဦး သေဆုံးခဲ့သည်။

ကရင်ပြည်နယ် ဘားအံမြို့တွင် ယာဉ်မတော်တဆမှု ၁၃ မှုဖြစ်ပွားခဲ့ပြီး အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ကိုးဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ငါးဦးသေဆုံးခဲ့သည်။ မွန်ပြည်နယ်တွင် သင်္ကြန်ရက်အတွင်း၌ ယာဉ်မတော်တဆမှု ၁၈ မှုဖြစ်ပွား၍ အမျိုးသား ၃၇ ဦး၊ အမျိုးသမီး ၃၁ ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ရှစ်ဦး သေဆုံးခဲ့သည်။

ထို့ကြောင့် သင်္ကြန်ပွဲတော်ကာလအတွင်း တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတို့တွင် ယာဉ်မတော်တဆမှု ၁၅၃ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၄၁ ဦးရှိခဲ့ကာ ဒဏ်ရာရရှိသူ အမျိုးသား ၂၆၉ ဦး၊ အမျိုးသမီး ၁၃၈ ဦး စုစုပေါင်း ၄၀၇ ဦးရှိခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါယာဉ်မတော်တဆမှုများတွင် တရားခံအမျိုးသား ၁၆၉ ဦး၊ အမျိုးသမီးတစ်ဦး ရှိခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၃၆၄၇၆၀၀၀ ထိရှိခဲ့သည်။

တင်မောင်ဦး

လာမည့်သင်္ကြန်တွင် Light Truck ယာဉ်ပေါ်ပါ လူဦးရေကန့်သတ်ချက်များအား ထုတ်ပြန်သွားမည်

ရန်ကုန်၊ မေ ၁၉

ယခုနှစ်သင်္ကြန်အတွင်း Light Truck ယာဉ်များ မဆင်မခြင်မောင်းနှင်မှုနှင့် လူဦးရေ ပိုမိုတင်ဆောင်မှုများကြောင့် အခြားယာဉ်များထက် ယာဉ်တိမ်းမှောက်မှုများ ပိုမိုဖြစ်ပွားခဲ့သဖြင့် လာမည့်သင်္ကြန်ရက်ကာလများတွင် Light Truck ယာဉ်များနှင့်ပတ်သက်၍ ယာဉ်ပေါ်စီးနင်းမည့် လူဦးရေကန့်သတ်ချက်များ ထုတ်ပြန်သွားမည်ဟု အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"သာမန်အားဖြင့် Light Truck ယာဉ်တွေအနေနဲ့ သတ်မှတ်ထားတဲ့ လူဦးရေထက် ပိုမိုတင်ဆောင်ပြီးအရှိန်ပြင်းမောင်းနှင်မှုနဲ့ စည်းကမ်းမဲ့မောင်းနှင်မှုတွေကြောင့် ဒီနှစ်သင်္ကြန်မှာ ယာဉ်မတော်တဆမှုတွေ ပိုဖြစ်လာတယ်။ ဒါကြောင့် နောက်နှစ် သင်္ကြန်တွေမှာ ဒါနဲ့ပတ်သက်ပြီး အသိပေးနှိုးဆော်ကန့်သတ်ချက် စည်းကမ်းတွေကို ထုတ်ပြန်သွားဖို့ရှိပါတယ်" ဟု အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်) မှ ဒုတိယရဲမှူးကြီး လင်းထွဋ်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၏ ယခုနှစ် သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ် ၆၂ ခုမှ ဒဏ်ရာရရှိသူ အမျိုးသား ၁၁၁ ဦး၊ အမျိုးသမီး ၆၇ ဦးနှင့် သေဆုံးသူ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂ ဦးရှိခဲ့ပြီး အဆိုပါယာဉ်မတော်တဆဖြစ်စဉ်များတွင် Light Truck ယာဉ်များမှာ မှုခင်းဖြစ်စဉ် ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်းတွင် ၁၃ မှုနှင့် နယ်နိမိတ်ပြင်ပတွင် တစ်မှုဖြင့် စုစုပေါင်း ၁၄ မှုထိ ဖြစ်ပွားခဲ့ကာ ဒဏ်ရာရရှိသူ ၇၀ နှင့် သေဆုံးသူ နှစ်ဦးရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် သင်္ကြန်ရက်များတွင် ယာဉ်မတော်တဆဖြစ်စဉ် ၆၂ ခုဖြစ်ပွားခဲ့သော အကြောင်းအရင်းများကို ပြန်လည်သုံးသပ်ကြည့်ပါက ယာဉ်မောင်းသူ၏ မဆင်မခြင်မောင်းနှင်မှု ၂၁ မှု၊ လမ်းကူးသူပေါ့ဆမှု လေးမှု၊ ခရီးသည်ပေါ့ဆမှုကြောင့် နှစ်မှု၊ အရှိန်ပြင်းစွာမောင်းနှင်မှုကြောင့် ၁၆ မှု၊ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်မှု ၁၇ မှု၊ အရက်သေစာသောက်စားမောင်းနှင်မှု ၂ မှုတို့အားတွေ့ရှိခဲ့သည်။

ပါဝင်ခဲ့သောယာဉ်အမျိုးအစားအရ မှုခင်းဖြစ်စဉ်များမှာကိုယ်ပိုင်ယာဉ်များကြောင့် ၃၀ မှု၊အငှားယာဉ်များကြောင့် ငါးမှု၊ခရီးသည်တင်ယာဉ်များ ကြောင့် ခြောက်မှု၊မော်တော်ဆိုင်ကယ်များကြောင့် ၁၃မှု၊ တက္ကစီယာဉ်များကြောင့် လေးမှု၊ ထော်လာဂျီများကြောင့်၄ မှုရှိခဲ့သည်။

ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် ၄၉ မှုနှင့်နယ်နိမိတ်ပြင်ပတွင် ၁၃ မှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

"ဒီနှစ်သင်္ကြန်မှာ ရေကစားတာ ပိုများလာသလို ကားတွေထွက်လာတာလည်း များလာပါတယ်။ ဒီအချက်တွေထဲမှာ ယာဉ်တွေကို လွတ်လပ်စွာ တင်သွင်းခွင့်ပြုလိုက်တာပါတယ်။ လစဉ် ယာဉ်တစ်သောင်းကျော် တိုးလာတာလည်းပါပါတယ်" ဟု အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်) မှဒုတိယရဲမှူးကြီး လင်းထွဋ်က ပြောသည်။

ယခုနှစ် သင်္ကြန်ရက်များအတွင်း ယာဉ်မတော်တဆဖြစ်မှုများထက် ယခင်နှစ်ထက် ၁၆ မှု ပိုမိုဖြစ်ပွားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ယာဉ်မတော်တဆမှုဖြစ်စဉ် ၄၆ မှုတွင် ဒဏ်ရာရရှိသူ ၉၂ ဦးနှင့်သေဆုံးသူလေးဦးသာရှိခဲ့ကြောင်း သိရသည်။

စိုးအောင်ဖေ

မကွေးမြို့နယ် ရှားစောင်းကန်ရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းတော့မည်

မကွေး၊ မေ ၁၉

မကွေးမြို့နယ် မြင်ကွန်းတိုက်နယ် ရှားစောင်းကန်ကျေးရွာအုပ်စု ရှားစောင်းကန်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာနေပြည်သူများ၏ ဆန္ဒဖြင့် မီးလင်းရေးကော်မတီဝင် ၂၃ ဦးဖွဲ့စည်းကာ မီးလင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မကွေးမြို့နယ် မန်ကျည်းကန်ကျေးရွာဓာတ်အားခွဲရုံးက မြင်ကွန်း-မီးကျောင်းရဲ-ဆင်ပေါင်ဝဲမြို့ကို ပို့တဲ့ဓာတ်အားလိုင်းကတစ်ဆင့် ဆွဲယူမှာပါ။ အဲဒီဓာတ်အားလိုင်းနဲ့ ထရန်စဖော်မာထိုင်တဲ့နေရာအထိ ပေ ၁၃၀၀ ဝေးတယ်။ ရွာထဲမှာ လမ်းရှစ်လမ်းရှိတယ်၊ တိုင်ပေါင်း ၈၅ တိုင် အသုံးပြုထားတယ်၊ ရွာတွင်းမှာ မီးကြိုး ပေ ၉၂၀၀ အသုံးပြုထားတယ်။ တိုင်အားလုံး စိုက်ပြီးသွားပြီ။ မီးကြိုးမတပ်ရသေးဘူး။ တိုင်ပေါ်မှာ တန်းနဲ့ကြွေသီးတွေ တပ်ပြီးပြီ။ ရွာထဲမှာ လောလောဆယ် မီတာအလုံးပေါင်း ၂၀၀ ကျော်အသုံးပြုမယ်။ ဆေးပေးခန်း၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံစတဲ့နေရာတွေကိုလည်း မီးလင်းရမယ်။ မီးမယူနိုင်တဲ့သူတွေအတွက် လမ်းမီးလေးကို အားကိုးနိုင်အောင် မီးတိုင်တွေကို ထောင့်စေ့အောင်စိုက်ပေးထားတယ်" ဟု ရှားစောင်းကန်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်သန်းက ပြောသည်။

ထို့ပြင် ၎င်းကဆက်လက်ပြောကြားရာ "ကိုယ့်အားကိုယ်ကိုးဆိုတော့ စီးပွားရေးအခြေအနေပေါ် မူတည်ပြီး လက်လုပ်လက်စားများကတော့ အထူးအခွင့်အရေးအနေနဲ့ သူတို့ဆီက ငွေမယူပါဘူး။ လုပ်အားယူတယ်။ ခန့်မှန်းတွက်ချက် ကုန်ကျစရိတ်က သိန်း ၈၀၀ ခန့်ရှိပါတယ်။ ကျေးရွာလူထုကလည်း မီးလင်းအောင်သာ လုပ်ပေးပါ" ဟု ဆိုသည်။

> **လမ်းမီးလေးကို အားကိုးနိုင်အောင် မီးတိုင်တွေကို ထောင့်စေ့ . . .**

ရှားစောင်းကန်ကျေးရွာသည် အိမ်ခြေ ၄၁၈ အိမ်၊ အိမ်ထောင်စု ၄၃၂ စု၊ လူဦးရေ ၁၈၂၅ ဦး၊ ဘုန်းကြီးကျောင်း သုံးကျောင်း၊ မူလတန်းကျောင်းတစ်ကျောင်းနှင့် ကျန်းမာရေးဆေးပေးခန်း တစ်ခုရှိသည်။ မီးလင်းရေးကော်မတီအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက် ၂၄ ချက်နှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှစတင်၍ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ တင်ပြလျှောက်ထားခဲ့သည်။ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၏ ခွင့်ပြုချက်ဖြင့် ဆက်လက်တင်ပြလျှောက်ထားရာ ဇန်နဝါရီ ၃ ရက်တွင် လျှပ်စစ်ဝန်ကြီးဌာနမှ ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကို ကြိုတင်တည်ဆောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။ ထို့ကြောင့် မတ် ၁၅ ရက်တွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းအတွက် မီးတိုင်များနှင့် ထရန်စဖော်မာစိုက်ထူရန် ပန္နက်ရိုက်ခြင်း၊ မြေကျင်းများနှင့် ကွန်ကရစ်မီးတိုင်များစိုက်ထူခြင်းများကို ဆောင်ရွက်ကြသည်။

ယခုအခါ မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြင်ကွန်းမြို့နယ်ခွဲ ရှားစောင်းကန်ကျေးရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေး အတွက် ၁၁ ကေဗွီလိုင်း ၁၃၀၀ ပေ၊ ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀/၂၃၀ ဗို့အား ဓာတ်အားလိုင်း ၉၂၀၀ ပေတည်ဆောက်ခြင်း လုပ်ငန်းအား ကျေးရွာမီးလင်းရေးကော်မတီ၏ ကုန်ကျစရိတ်ဖြင့် ကြိုတင်တည်ဆောက်ခွင့်ရခဲ့ပြီး မကြာမီ မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။

လှမြင့်(မကွေး)



သင်္ကြန်ကာလအတွင်း တောင်သမန်နှင့် ဦးပိန်တံတား တွင် နားခိုအပန်းဖြေသူများနှင့် စည်ကား

အမရပူရ၊ ဧပြီ ၁၉

ယခုနှစ် သင်္ကြန်ကာလအတွင်း တောင်သမန်အင်းနှင့် ဦးပိန်တံတား တို့တွင် နေ့လယ်ပိုင်း နားခိုသူများ၊ နားနေစားသောက် အပန်းဖြေသူများ၊ ရေချိုးရေကစားသူများ၊ ငှက်လှေ အပျော်စီးကြသူများနှင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

“တောင်သမန်အင်းနဲ့ ဦးပိန်တံတားကတော့ သင်္ကြန်တွင်း နေ့လယ်ပိုင်းမှာဆိုရင် အတော်ကို စည်ကားတယ်။ စားသောက်ဆိုင်တွေ ဖွင့်ပြီးရောင်းကြတာလည်း ပွဲဈေးတန်းကြီးကျနေတာပဲ။ ဈေးဆိုင်တွေဆိုရင် မယ်ဇယ်ပင်တန်း အောက်မှာရော တံတားကြီးမြောက်ဘက် ကွင်းပြင်မှာပါ ဆိုင်တန်းတွေအပြည့်ပဲ။ ရေကစားပြီး မောမောဆာဆာနဲ့ စားသောက်ကြတာဆိုတော့ ရောင်းလည်း ရောင်းကြရတယ်။ နေခိုရင်း အပန်းဖြေရင်း စားကြသောက်ကြတာ။ အင်းရေပြင်ထဲမှာလည်း စားသောက်ဆိုင်တွေ ခင်းရောင်းကြတယ်။ အင်းရေထဲမှာလည်း ရေချိုး၊ ရေကစားတဲ့လူတွေနဲ့ ပြည့်နေတာပဲ။ လူတွေစည်လွန်းလို့ တံတားကြီးပေါ်မှာဆိုရင် လူတွေနဲ့ ပြည့်ကျပ်နေလို့ တစ်ခုခုဖြစ်မှာတောင် စိုးရိမ်ရတယ်” ဟု တောင်သမန်အင်းစောင်းတွင်နေထိုင်သူ ဦးမင်းစောက ပြောပြသည်။

လာရောက်နားခိုသူများ၊ လည်ပတ်သူများနှင့် စည်ကားနေသည့် ဦးပိန်တံတားအား တွေ့ရစဉ်။

မန္တလေးသင်္ကြန်ကာလအတွင်း နေ့လယ်ပိုင်းအချိန်တွင် အခြားသော နေရာများ၌ နေခိုသူ၊ အပန်းဖြေသူများရှိသော်လည်း တောင်သမန်အင်းနှင့် ဦးပိန်တံတားမှာ အစည်ကားဆုံးဖြစ်ကြောင်း၊ ယာဉ်ကြောများ ပိတ်ဆို့သည်အထိ လာရောက်လည်ပတ် နားနေအပန်းဖြေသူများ များပြားခဲ့ကြောင်း သိရသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလတွင် ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အနယ်နယ်အရပ်ရပ်တို့မှ သင်္ကြန်ချစ်သူများ လာရောက်နွှဲပျော်ကြရာ အထူးစည်ကားသိုက်မြိုက်ကြောင်း သိရသည်။

မန္တလေးသင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲကြသူများသည် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နန်းမြို့ကျုံးပတ်လည်၊ ကန်တော်ကြီးပတ်လည်၌ လှည့်လည်ရေပက်ခံရင်း ဖျော်ဖြေရေးမဏ္ဍပ်များတွင် လည်ပတ်ကြည့်ရှု နားဆင်ကြသည်။ ရေပက်မဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်များ နေ့လယ်ပိုင်းရပ်နားချိန်တွင် သင်္ကြန်လည်ပတ်သူများသည် နာမည်ကျော် တောင်သမန်အင်းနှင့် ဦးပိန်တံတား၊ မန္တလေးတောင်၊ မဟာအတုလကျောင်းတော်ကြီး၊ ကုသိုလ်တော်ဘုရား စသည့် နေရာဌာနများသို့ သွားရောက်ကာ နေ့လယ်ပိုင်း နေရိပ်ခိုရင်း စားသောက်နားနေ အပန်းဖြေခဲ့ကြကြောင်း သိရသည်။

နန္ဒာမင်းလွင်

သတင်းတိုများ

မင်္ဂလာဒုံမြို့နယ်တွင် အရှိန်မထိန်းနိုင်သည့်ကား ကြော်ငြာဆိုင်းဘုတ် ဝင်တိုက်

ဧပြီ ၁၆ ရက် နံနက် ၄ နာရီခွဲခန့်က မင်္ဂလာဒုံမြို့နယ် ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မင်္ဂလာဒုံမြို့နယ်နေ ယာဉ်မောင်း ဝင်းမျိုး (၂၁) နှစ် မောင်းနှင်လာသော ဟိုင်းလတ်ပစ်ကပ် ခဲရောင် ကိုယ်ပိုင်ယာဉ်သည် ရဲဘော်ဟောင်းမှတ်တိုင်အနီးအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေးရှိ ကြော်ငြာဆိုင်းဘုတ်ကို ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်မောင်းမျိုးဝင်းတွင် ယာလက်ဖဝါးပွန်း၊ ယာချိုစောင်းဖူးရောင်ဒဏ်ရာများ ရရှိပြီး (သတိမရ) အဖြစ်ဖြင့်လည်းကောင်း၊ ယာဉ်ပေါ်ပါသူ မလင်းလင်းထိုက် ၄၀ နှစ်တွင် နှာတံပေါက်၊ နှာခေါင်းသွေးထွက်ဒဏ်ရာများ ရရှိကာ (သတိမရ) အဖြစ်ဖြင့်လည်းကောင်း အင်းစိန်ဆေးရုံတွင် အတွင်းလူနာ (စိုးရိမ်ရ) များအဖြစ် တက်ရောက်ကုသလျက်ရှိပြီး ဒေါ်မြင့်မြင့်သန်းပါ မလေးဦးနှင့် ကျားငါးဦးတို့တွင် ဖူးရောင်ပေါက်ပြဲ နာကျင်ဒဏ်ရာများ ရရှိကာ အင်းစိန်ဆေးရုံ၌ပင် အတွင်း၊ ပြင်ပလူနာ(မစိုးရိမ်ရ)များဖြင့် တက်ရောက်ကုသခဲ့ရသဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ ထောက်ကြံ့နယ်မြေရဲစခန်း ယာဉ်(ပ)၂၃/၁၄၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားသည်။ (၃၁)

သုံးခွမြို့တွင် ဘကြီးဖြစ်သူကိုသတ်ပြီး ထွက်ပြေးသူကို ၂၄ နာရီအတွင်း ဖမ်းမိ

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ ရဲနွဲ့ကျေးရွာနေ ဦးမြသိန်းနှင့် တစ်ရွာတည်းနေ တူဖြစ်သူ အောင်ကို (၃၅) နှစ်တို့သည် ဧပြီ ၁၅ ရက် နံနက် ၉ နာရီခန့်က စကားများရန်ဖြစ်ရာမှ အောင်ကိုက ဘကြီးတော်စပ်သူ ဦးမြသိန်းအား သစ်သားတုတ်ဖြင့်ရိုက်သဖြင့် ဦးမြသိန်းမှာ သေဆုံးသွားခဲ့သည်။ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းမိနိုင်ရေးအတွက် ခရိုင်မှူး ဒုရဲမှူးကြီး အေးမြင့်ကြူ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သုံးခွမြို့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမျိုးမြင့်ကြိုင်၊ သုံးခွမြို့မရဲစခန်းမှူး ဒုရဲမှူးစောဝင်း၊ နယ်ထိန်းဒုရဲအုပ် လင်းအောင်နှင့်အဖွဲ့၊ ဒုရဲအုပ်ညွန့်ဝင်းနှင့်အဖွဲ့၊ ခရရ(တ)အထူးအဖွဲ့မှ ရဲအုပ်မျိုးလှိုင်နှင့်အဖွဲ့သည် ပြည်သူများနှင့် ပူးပေါင်းရှာဖွေဖမ်းဆီးခဲ့ရာ အောင်ကိုအား အခင်းဖြစ်နေ့ ည ၁၁ နာရီခွဲခန့်က ဖမ်းဆီးနိုင်ခဲ့ပြီးအမှုဖွင့်အရေးယူထားသည်။ (မဂ၉)

yJlf;vjo'm; ac;snif;twGif;&epfay;snmuf;ql

ဆိပ်ကြီးခနောင်တို၊ ဧပြီ ၁၉

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ ခနောင်တိုချောင်းအတွင်းရှိ ဒေါက်တင်ထားသည့်‘ရတနာထွန်းအောင်’ကုန်တင်သင်္ဘောသည် လွန်းကျင်းမှ ရန်ကုန်သို့ ထွက်ခွာစဉ် သင်္ဘောပန်ကာကြိုးငြိနေသဖြင့် ရပ်ထားပြီး ပဲ့နင်းလုပ်သားဖြစ်သူ စစ်တွေမြို့နယ်နေ မောင်ထွန်းလှိုင် ၂၈ နှစ်မှာ ချောင်းအတွင်းရေငုပ်၍ကြိုးအားဖယ်ရှားရာမှ ပြန်ပေါ်လာခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်းကို ပဲ့နင်းကြီးဖြစ်သူ ဦးရွှေဝင်းမှ ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းသို့ လာရောက် အကြောင်းကြားခဲ့သည်။ ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းက လူပျောက်အမှတ်စဉ် ၂/၁၄ ဖြင့် ရှာဖွေလျက်ရှိသည်။ (၃၁)

လှည်းများ၏လှည်းဘီးများတွင် ကားတာယာဘီးများ တီထွင်အသုံးပြုလာ

ရန်ကုန်၊ ဧပြီ ၁၉

မြန်မာနိုင်ငံသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းစကာလဖြစ်သလို အကြောင်းအမျိုးမျိုးကြောင့် ကျွဲ၊ နွားများ ရှားပါးလာသည့်အတွက် လယ်သမားများသည် ကျွဲ၊ နွားများအစား စက်များကိုအသုံးပြု၍ ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းသယ်ယူပို့ဆောင်လုပ်ကိုင်နေကြပြီ ဖြစ်သည်။

ထိုသို့လှည်းများတွင်ကျွဲ၊နွား များနှင့်တွဲဖက်အသုံးပြုရသော လယ်လုပ်ကိရိယာများမှာ အသုံးမတည့်သော အပိုပစ္စည်းများ ဖြစ်လာခဲ့ရသည်။

ထိုပစ္စည်းများစွာအနက်မှ ယခင်က ငွေကျပ်သုံးသိန်း၊ လေးသိန်းထိ ပေး၍ ဝယ်ယူအသုံးပြုခဲ့ရသော လှည်းကိုမူ လယ်သမားတို့က အသွင်တစ်မျိုးပြောင်း၍ လှည်းဘီးကြီး နှစ်ဘီးကိုဖြုတ်ကာ တာယာဘီးများတပ်ဆင်ပြီး လှည်းအိမ်နှင့် လှည်းတန်ကို စက်နှင့်တွဲလျက် ရုပ်လိုင်းဝင်ရိုးထည့်၍ ခေတ်သစ်လှည်းအဖြစ် အသုံးပြုနေကြပြီ ဖြစ်သည်။

ယခင်က နွားဖြင့်ဆွဲသောလှည်းမှာ စပါး ၂၅ တင်းဝန်းကျင်သာ တင်နိုင်သော်လည်း ယခုကားတာယာဘီးလှည်းမှာမူ စပါးတင်း ၅၀ ခန့်ကို လွယ်ကူစွာ တင်ဆောင်သယ်ယူမောင်းနှင်နိုင်ပြီး ရွာတွင်း ကွန်ကရစ်လမ်းများပေါ်အထိ မောင်းနှင်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ (မဂ၉)







ခရီးသွားဆောင်းပါး

"တကယ်ကြုံမှသာ ယုံမိသည်"

vSv;pefa&Vkd)

မြန်မာနိုင်ငံတွင် အဓိကထင်ရှားသည့် မြစ်ကြီးများဖြစ်သော သံလွင်၊ ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်းမြစ်ကြီးများအနက် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့က မြန်မာနိုင်ငံ၏ ရေလမ်းခရီး ပို့ဆောင်ဆက်သွယ်ရေးတွင် အဓိကအရေးကြီးသည့် မြစ်ကြီးများဖြစ်ပေသည်။ ခုလို နွေဦးအစရာသီတွင် မြစ်ကြောင်းများကျဉ်းလာပြီး သောင်ပေါ်ထွန်းမှုများ၊ ရေလမ်းကြောင်း ပြောင်းလဲလာမှုများကြောင့် ပြည်သူပြည်သားများ၊ ခရီးသွားပြည်သူများ နိစ္စဓူဝ စိတ်ပူပန်ခြင်း၊ စိုးရိမ်သောကများဖြင့် စိတ်ဒုက္ခရောက်စွာ ခရီးသွားလာနေရသည်ကို မြင်တွေ့ သိရှိခဲ့ရသည်။

ကျွန်မတို့ကိုယ်တိုင် ဒီရေလမ်းခရီးကို ကိုယ်တိုင်လိုက်ပါသွားမှ ခရီးသွားပြည်သူတွေရဲ့ ဒုက္ခမျိုးစုံကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသလို စာရေးသူကိုယ်တိုင်ပါဝင်ပြီး ရေယာဉ်ပေါ်မှဆင်းကာ သောင်လွတ်တဲ့နေရာအထိ ရွှံကမ်းပါးပေါ်တက်ပြီး တစ်မိုင်ကျော်ကျော်လောက် ခရီးသည်တွေနှင့်အတူတူ လမ်းလျှောက်ခဲ့ရသည့်နေ့ကို မည်သို့မျှမေ့နိုင်မည် မဟုတ်ပါ။ လူမှုဘဝဒုက္ခအစုံစုံကို မြင်တွေ့ရတော့မှ ဒီရေလမ်းခရီး အားကိုးပြီးသွားနေရတဲ့ ပြည်သူတွေရဲ့ဘဝဒုက္ခကို မြင်ခဲ့ရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းတွင်းမြစ်ကိုသာ အားပြုပြီး သွားလာလှုပ်ရှားနေကြသည့် ခရီးသွားပြည်သူတွေ အမျိုးမျိုးရှိကြသည်။ တာဝန်ပေးအပ်လို့ သွားရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ ကုန်သည်တွေ၊ အရောင်းအဝယ်သမားတွေ၊ အထက်ဘက်မှ အောက်ပိုင်းဆင်းအလုပ်လုပ်ကြတဲ့ အလုပ်သမားတွေ၊ နာရေးသာရေးကိစ္စနဲ့ သွားနေကြတဲ့ ပြည်သူမျိုးစုံ စုန်ချည်ဆန်ချည် ချင်းတွင်းမြစ်ကြီးကို အားကိုးပြုပြီး သွားလာနေကြခြင်း ဖြစ်သည်။ မုံရွာဆိပ်ကမ်းမှ နှစ်ထပ်အမြန်ရေယာဉ်ငယ်များဖြင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက် မုံရွာ၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးအထိပြေးဆွဲပေးလျက်ရှိသည့်ကြားမှာ ဆင်းမည့်တက်မည့်ရွာတွေ အများကြီးမှာ အတင်အချလုပ်ကြသေးသည်။ တချို့ လှေတွေနဲ့ လမ်းကနေစောင့်စီးကြသည်။ ကျွန်မအနေဖြင့် တစ်ခါမှမမြင်ဘူးသည့် မြင်ကွင်းတွေကို တွေ့ခဲ့ရသည့်အတွက် အလွန်အံ့သြမိခဲ့သည်။

> ဆရာမင်းသုဝဏ်ရဲ့ ရေချမ်းစင်စာအုပ်ထဲက ယီလေးလေးကဗျာကို သတိရ. . .

မြန်မာပြည်မြေပုံတွင်းက ချင်းတွင်းမြစ်ရိုးတစ်လျှောက် ကျွန်မရဲ့မိတ်ဆွေ တာဝန်ကျရာအရပ် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မော်လိုက်မြို့သို့ အဖော်အဖြစ် ဒုတိယအကြိမ်လိုက်ပါခဲ့ပါတယ်။ မုံရွာမှ မော်လိုက်ကိုသွားတုန်းကလည်း မုံရွာအထက်မှာသောင်တင်လို့ တစ်နာရီလောက် ကြာပါတယ်။ အသွားမှာတင် သုံးခါလောက် သောင်တင်တဲ့အတွက် ရှိသမျှယောက်ျားတွေ အကုန်ဆင်းကာ ရေထဲမှာ ဝိုင်းပြီးညာသံပေး အော်ကြပြီး တွန်းခဲ့ကြရပါတယ်။ ရေက ခါးလယ်လောက်သာရှိပါတယ်။ ဝိုင်းတွန်းနေကြတဲ့သူတွေကိုကြည့်ပြီး ဆရာကြီးမင်းသုဝဏ်ရဲ့ရေချမ်းစင်စာအုပ်ထဲက ယီလေးလေးကဗျာကို သတိရလိုက်မိတယ်။ မနက် ၄ နာရီ မုံရွာဆိပ်ကမ်းကစပြီး ထွက်ခဲ့တဲ့ ရေယာဉ်ဟာ မော်လိုက်မြို့ကို နောက်တစ်နေ့ မနက် ၁၀ နာရီမှာ ရောက်ခဲ့ပါတယ်။ သဘော်ပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် မလွန့်သာမလူးသာ တစ်နေ့လုံးတစ်ညလုံး တစ်မနက်ခရီးကို သွားရတာ တကယ်ပဲ စိတ်ပျက်ဖွယ်ကောင်းတဲ့ အမှတ်တရခရီးတစ်ခု ဖြစ်ခဲ့ရသလို တော၊ တောင်၊ ရေမြေ၊ သဘာဝအလှတွေ ပြည်သူတွေရဲ့ ကြုံတွေ့နေရတဲ့ လူနေမှုဘဝတွေကို သိရှိသိမြင်ခံစားခဲ့ရတဲ့အတွက် အဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတများကိုလည်း ရရှိစေခဲ့ပါတယ်။ အကြောင်းမသိတဲ့ ခရီးသွားပြည်သူကတော့ ဤခရီးရက်ရှည်ကြီးမှာ ကြုံတွေ့ရတဲ့အခက်အခဲတွေကြောင့် ဒုက္ခများစွာ ရောက်ခဲ့ရပါသည်။ သွားနေကြတွေကတော့ ရိက္ခာတွေကို အပြည့်ယူဆောင်လာကြတယ်။

ခုလို နွေဦးရာသီရောက်ပြီဆိုရင် အထက်ပိုင်းအလုပ်လုပ်သူတွေ၊ အောက်ပိုင်းပြန် အောက်ပိုင်းအလုပ်လုပ်သူတွေ၊ အထက်ပိုင်းပြန် ရုံးဝန်ထမ်းတွေ၊ သင်္ကြန်ရုံးပိတ်ရက်ပြန်ကြတော့ ခရီးသည်တွေ ရေယာဉ်တိုင်းမှာ ပြည့်ကျပ်နေသည့်ကာလ ဖြစ်သည့်အတွက် မြစ်ကြောင်းကလည်းကျဉ်းလာ၊ သောင်တွေက နေရာတိုင်းမှာထွန်း၊ ရေလမ်းကြောင်းတွေက ပြောင်းလဲလာတော့ ရေယာဉ်တွေသွားရတာ အခက်အခဲတွေ အများကြီးတွေ့ပြီး ခရီးသွားပြည်သူတွေ အတော်ကိုဒုက္ခရောက်ကြရပါတယ်။ အပြန်မှာ သောင်တင်လို့ ရွာထဲလမ်းဆင်းလျှောက်ရင်း ဟုမ္မလင်းမှလိုက်လာတဲ့ အဖွားကြည်က "အဖွားတစ်သက် ခုလို သောင်တင်လို့ လမ်းဆင်းလျှောက်ရတာ ဒါပထမဆုံးပဲကွယ်" လို့ပြောပြီး "ဒီလိုသာ ဖြစ်နေမယ်ဆိုရင် မလွယ်ဘူး။ သက်ဆိုင်ရာ ဌာနတွေ၊ ပညာရှင်တွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး ချင်းတွင်းမြစ်အလှနဲ့ ခရီးသွားတွေရဲ့ဘဝ အဆင်ပြေအောင် ရေလမ်းကြောင်းများကို အမြန်ဆုံး ပြုပြင်စေလိုတယ်"ဟုလည်း ပြောပါသေးတယ်။ သောင်တင်လို့ လမ်းလျှောက်ရင်းနဲ့ ခွင့်နဲ့ပြန်လာတဲ့ ဆက်သွယ်ရေးက ဦးဝင်းကလည်း "ရေတစ်တန် ကုန်တစ်တန်ဆိုတာ ဒါမျိုးကိုခေါ်တာပေါ့ကွဲ့"လို့ ရယ်စရာဟာသ ပြောဖြစ်ခဲ့ပါတယ်။

"ဖြစ်တော့လည်း သူတို့က ဆင်းလျှောက်ဆို ဆင်းလျှောက်ရတာပေါ့၊ မလျှောက်ရင် လိုရာခရီးကိုမရောက်ဘဲ အချိန်တွေကြန့်ကြာရုံပဲရှိမှာ" ဟု ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရသည်။ နိုင်ငံတကာအကူအညီနဲ့ ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်က သောင်းထွန်းနေတာတွေ၊ မြစ်ကြောင်းလမ်း ပြောင်းလဲနေတာတွေကို နိုင်ငံခြားက နည်းပညာအထောက်အပံ့နဲ့ သောင်ဖော်၊ သောင်တူးခြင်းလုပ်ငန်းတွေကို သက်ဆိုင်ရာ ရေကြောင်းဦးစီးဌာနနဲ့ အစိုးရက အမြန်ဆုံး ဒီနှစ်ထဲမှာ ပြုလုပ်ပေးမယ်လို့ ဖတ်လိုက်ရသည်။ ဒါဆိုရင် ပြည်သူတွေရဲ့ အခက်အခဲတွေ၊ ဒုက္ခတွေ အမြန်ဆုံးပြေလည်အောင်၊ ခရီးသွားအဆင်ပြေကြရအောင် သက်ဆိုင်ရာက အမြန်ဆုံးဆောင်ရွက်ပေးစေချင်တယ်ဗျာ" လို့လည်း မုံရွာကနေ ဟုမ္မလင်းကို အလုပ်သွားလုပ်တဲ့ ခရီးသွားတစ်ဦးက ရင်ဖွင့်ခဲ့ပါသေးတယ်။

ဘာပဲဖြစ်ဖြစ် ထွက်လာရတဲ့ခရီးလမ်းကြောင်းရှည်လျားပြီး ငြီးငွေ့စရာကောင်းပေမယ့် မြန်မာပြည်မြောက်ပိုင်း ချင်းတွင်းမြစ်ရဲ့ သဘာဝအလှရှုခင်းများအလှကို ခံစားရသလို ပြည်သူတွေရဲ့ ဘဝခံစားချက်များကို သိခွင့်ရ၊ ဖော်ပြခွင့်ရသည့်အတွက် ကျွန်မအတွက် အမှတ်ရစရာ ခရီးလမ်းတစ်ခု ဖြစ်ခဲ့ပေသည်။ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနဲ့ ဝန်ကြီးဌာနကလည်း ခရီးသွားပြည်သူတွေ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ဖို့အတွက် ချင်းတွင်းမြစ်အတွင်းမှာ သောင်များထွန်းခြင်းနှင့် ရေကြောင်းလမ်း ကျဉ်းမြောင်းလာခြင်းတို့ကို အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်းကို ခရီးသွားပြည်သူတွေကိုယ်စား ရေးသားတင်ပြအပ်ပါသည်။

အနောက်ပုလင်းကျေးရွာ နှစ်သစ်ကူး နှစ်ဦးမင်္ဂလာ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲနှင့် စတုဒိသာကျွေးပွဲကျင်းပ

ညောင်ဦး၊ မေ ၁၉

ညောင်ဦးမြို့နယ်၊ အနောက်ပုလင်းကျေးရွာ၌ နှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲနှင့် စတုဒိသာကျွေးပွဲ ပြုလုပ်ခဲ့ကြသည်။

အဆိုပါဆွမ်းလောင်းလှူပွဲတွင် ပုလင်းကျေးရွာကျောင်းထိုင်ဆရာတော်များအမှူးထား၍ ပင့်သံဃာ အပါး ၃၀ အား ယင်းကျေးရွာမှ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲများ ပြုလုပ်ခဲ့သည်။

"သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို အခြားနေရာများသို့ သွားရောက်လုပ်ကိုင်နေကြတဲ့ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ရွာကလူတွေပေါင်းပြီး ဆွမ်းလောင်းလှူကြတာပါ။ အခုလို ဆွမ်းလောင်းပွဲကို ကျင်းပလာခဲ့တာ နှစ်ပေါင်း ၂၀၀ ကျော်ရှိပြီ" ဟု ပုလင်းရွာသားတစ်ဦးက ပြောသည်။

သံဃာ့ဒါနဆွမ်းလောင်းလှူစဉ် မိမိတို့အိမ်ရှေ့တွင် စားပွဲ၊ တန်းလျားများခင်းပြီး ရေခဲမုန့်၊ ဆန္ဒင်းမကင်း၊ မုန့်ကျွဲသဲ၊ မုန့်ဟင်းခါး၊ လက်ဖက်ရည်၊ အချိုအမျိုးမျိုး၊ စားသောက်ဖွယ်ရာမျိုးစုံတို့နှင့် စတုဒိသာ ညှေ့ခံပွဲများ ပြုလုပ်ခဲ့ကြသည်။

"ကျွန်တော်တို့ရွာမှာဒီနှစ်ဆန်းတစ်ရက်ကတော့ မကောင်းမှုတွေဘာမှမလုပ်ကြပါဘူး ကောင်းမှုကုသိုလ်များကိုသာလုပ်ကြတယ်။ ဒီနေ့ဒီရက်မှာတော့ သေရည်သေရက်သောက်တဲ့သူတွေလည်း မရှိပါဘူး" ဟုပုလင်းရွာသား ဦးဆွေဝင်း ကပြောသည်။

"ဒီနေ့ဒီရက်မှာ ကျွန်တော်တို့ရွာက အတိတ်ယူပြီးနေကြတယ်။ ကောင်းကောင်းနေထိုင်ပြီး သီလဆောက်တည်နေကြတယ်။သီလမဆောက်တည်တဲ့သူလည်း မကောင်းမှုတွေဘာမှမလုပ်ဘူး။တစ်နေကုန် မကောင်းမှုကိုရှောင်ကြပါတယ်" ဟု ပုလင်းရွာသား ဦးမောင်စန်းကပြောသည်။

ကျော်ဒွေး(ညောင်ဦး)



ဓနုဖြူ၌ နွေစပါးပုလဲသွယ်(ဘယ်လ်ဂျီယမ်)စံကွက် ရိတ်သိမ်း

ဓနုဖြူ၊ ဧပြီ ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၊ ရေကြည်ကျေးရွာ၊ လယ်သမားကြီး ဦးသိန်းဌေး၏လယ်၌ နွေစပါးပုလဲသွယ်(ဘယ်ဂျီယမ်) ၁၀ ဧက စံပြကွက်တွင် ဧပြီ ၁၂ ရက်က စံကွက်ရွေးရိတ်သိမ်းပွဲကျင်းပခဲ့သည်။

အဆိုပါ ရိတ်သိမ်းပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်မောင်ဝင်းတို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးခန့်တို့က စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ရှင်းလင်း၍ လယ်သမားကြီး ဦးသိန်းဌေး၏ ပုလဲသွယ်(ဘယ်လ်ဂျီယမ်)နွေစပါး ၁၀ ဧကတွင် ၆၆ ပေ ပတ်လည်ကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း အစို ၂၁၄. ၂ တင်း အခြောက် ၂၀၂. ၄၂ တင်း ထွက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

သတင်းတို

တောင်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ အသက် ၈၀ နှစ်အထက် သက်ကြီး ၁၃၀ အား ပူဇော်ပွဲကျင်းပ

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောင်ဥက္ကလာပ မြို့နယ်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ရက် နံနက် ၉ နာရီက အထက(၂) သီရိမြန်မာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။အဆိုပါ မြို့နယ်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲတွင် အသက် ၈၀ နှစ်အထက် ဘိုးဘွား ၁၃၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ၁၃၀ ဦးအတွက် ငွေကျပ် ၁၃ သိန်းကို မြို့နယ်အထွေထွေဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးနှင့် မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်သူ ရပ်ကွက်သားများက အဆိုပါ ဘိုးဘွား ၁၃၀ အား ရှိခိုးကန်တော့ပြီး အလှူငွေများပေးအပ်ခဲ့ကြရာ သက်ကြီးဘိုးဘွားများက ဆုမွန်ကောင်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၆၃)**

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ညောင်ချောင်းသာကမ်းခြေ အပန်းဖြေသူများ ယခင်နှစ်ကထက်များပြား

ညောင်တုန်း၊ ဧပြီ ၁၉

ယခုနှစ်သင်္ကြန်ကာလတွင် ညောင်ချောင်းသာကမ်းခြေ၌ အပန်းဖြေရေကစားသူများ ယခင်နှစ်ကထက် ပိုမိုများပြားလာကြောင်းသိရသည်။

ယခုနှစ်မဟာသင်္ကြန်တွင် ညောင်ချောင်းသာကမ်းခြေတွင် အပန်းဖြေအနားယူသူ များပြားသည့်အတွက် ကားရပ်နားရန် နေရာသတ်မှတ်ထားသော်လည်း ကားထားရန်နေရာမရှိသလောက် များပြားပြီး တချို့ကားများသည် ရပ်ကွက်အတွင်း လမ်းသွယ်လမ်းဘေးတွင် ရပ်ထားရကြောင်း သိရသည်။

ညောင်ချောင်းသာကမ်းခြေတွင် မဟာသင်္ကြန်ကာလအတွင်း လာရောက်အပန်းဖြေသူများနှင့် ရေကစားသူများအားတွေ့ရစဉ်။

မဟာသင်္ကြန် ပွဲတော်ကာလအတွင်း နယ်ပေါင်းစုံမှ လာရောက်အပန်းဖြေ အနားယူသူများ ကားကြီး၊ ကားငယ် အသွယ်သွယ်ဖြင့်လည်းကောင်း၊ တစ်နယ်တစ်ကျေးရောက်နေသူများကလည်း မိမိဌာနေသို့ ပြန်လာသူများဖြင့် နေ့စဉ် တစ်သိန်းကျော်လာရောက် အပန်းဖြေအနားယူကြသည်။ ကမ်းခြေတွင်သာမက ဒေသခံကျေးရွာရှိ အိမ်ရှေ့များပါ လူများပြည့်နေပြီး ယခုနှစ်သင်္ကြန်ကာလအတွင်း ယခင်နှစ်များထက် ပိုမိုများပြားလာကြသည်။ ဒေသခံများလည်း ရောင်းဝယ်ရေး ကောင်းမွန်လာကြသဖြင့် စီးပွားရေးအဆင်ပြေနေကြကြောင်း ဒေသခံပြည်သူများက ပြောသည်။

ဆိုင်ရှင်တစ်ဦးက "အခုသင်္ကြန်ကာလမှာ အရောင်းအဝယ်တွေကောင်းကြတယ်။ ကျွန်တော်တို့ဆိုင်တွေဆိုရင် တစ်နေ့ကို ကိုးသောင်း၊ တစ်သိန်းဖိုးလောက် ရောင်းရပါတယ်။ တစ်ခါတစ်လေ တစ်သိန်းကျော်ဖိုးလောက် ရောင်းရတယ်။ ကျွန်တော်တို့တွေကလည်း နေ့စဉ် အနယ်နယ်အရပ်ရပ်ကလာတဲ့ ဧည့်သည်တွေကိုပဲ မျှော်နေရတာပါ။ အိမ်သာလို့ ဧည့်လာတာကို နေ့စဉ်ကြိုနေရတာပါ။ အထူးသဖြင့် စနေ၊ တနင်္ဂနွေနဲ့ အခြားရုံးပိတ်ရက်တွေမှာ ဧည့်အလာများပါတယ်။ အဲ့ဒီရက်တွေမှာ ဈေးရောင်းအကောင်းဆုံးပါပဲ။ အများအားဖြင့် ဒေသအထွက် ရေချိုငါးကင်၊ ပုစွန်ကင်၊ ငါးကြော်၊ ပုစွန်ကြော်တွေကိုလည်း လက်မလည်အောင် ရောင်းရပါတယ်။ အသုတ်မျိုးစုံ၊ ထမင်း၊ အအေးစုံတို့ကိုလည်း ရောင်းကောင်းသလို ငှက်ပျောကြော်၊ ငါးရံ့ခြောက်ကြော်တွေလည်း ရောင်းရပါတယ်။ ဒါကြောင့်လည်း ဒေသခံတွေမှာ စားဝတ်နေရေး၊ စီးပွားရေးတို့ အဆင်ပြေလာကြပါတယ်။ ကျွန်တော်တို့ဆိုင်တွေက ရှေ့တစ်လခွဲလောက်ပဲ ရောင်းရတော့မှာ နောက်ပိုင်းမိုးကျလာပြီး မြစ်ရေတွေများလာပြီး ကမ်းခြေတွေ ရေလျှံလာတော့ အားလုံးဖျက်သိမ်းရမှာပါ" ဟု ပြောသည်။

နှစ်စဉ် တန်ခူး၊ ကဆုန်လများတွင် မြစ်ရေကျဆင်းမှုအနည်းဆုံးအချိန်ဖြစ်သည့်အတွက် သဲသောင်ပြင်လည်း ပို၍ကျယ်ပြန့်လာလေ့ရှိသည်။ သဘာဝအလျောက် ဒီရေအတက်အကျရှိသော်လည်း တပို့တွဲ၊ တပေါင်းလများကဲ့သို့ ရေတက်မှုမရှိကြောင်းနှင့် အစိုးရရုံးပိတ်ရက်များနှင့် အခါကြီးရက်ကြီးများတွင် လာရောက်အပန်းဖြေသူ ပိုမိုများပြားကြောင်း သိရသည်။

ချင်းပြည်နယ် တီးတိန်မြို့နယ်မှ လာရောက်အပန်းဖြေသူတစ်ဦးက "နွေရာသီကျောင်းပိတ်လို့ ရန်ကုန်က အဒေါ်နှင့် အစ်မဝမ်းကွဲတွေဆီ အလည်လာရင်း သူတို့တတွေနဲ့ ဒီကိုရောက်လာတာပါ။ နေပူရှိန်ကများပေမယ့် ကမ်းစပ်မှာ ထီးရိပ်နဲ့ဆိုတော့ သိပ်မပူပါဘူး။ ကျွန်မတို့ဆီမှာက တောင်ပေါ်ဒေသတွေဆိုတော့ ဒီအပူရှိန်ကမများဘူး။ နောက်ပြီး ရေဆိုလည်း စမ်းချောင်းရေကို ချိုးရတယ်။ သောက်ရေလည်း စမ်းချောင်းရေကို သောက်ရတယ်။ အခုလို မြစ်ရေကိုချိုးပြီး ရေခါးလောက်မှာ ဘောကွင်းနဲ့ ရေကစားရတာ ပျော်ဖို့ကောင်းပါတယ်။ လက်လှော်လှေကလေး တွေစီးရတာလည်း ပျော်ဖို့ကောင်းပါတယ်။ ကျွန်မကရေမကူးတတ်ပါဘူးရှင့်။တောင်ပေါ်သူဆိုတော့ ရေသိပ်ကြောက်တာရှင့်။ဒီလိုမျိုး သဲသောင်ပြင်ကမ်းခြေတွေကို ဓာတ်ပုံတွေ ထဲမှာပဲ တွေ့ဖူးတာပါ။ ဒီမှာအစားအသောက်တွေ သိပ်ပေါတာပဲ။ ကျွန်မတို့ ဆီမှာက အသားလောက်ပဲရှိတယ်။ ငါး၊ ပုစွန်တွေကတော့ ရှားတာပေါ့" ဟု ပြောသည်။

ညောင်ချောင်းသာကမ်းခြေတွင် ယခင်နှစ်များနှင့်မတူဘဲ ယခုနှစ်တွင် မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ ညောင်ချောင်းသာဖြစ်မြောက်ရေးကော်မတီများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၏ အနီးကပ်ကွပ်ကဲအုပ်ချုပ်မှု၊ စနစ်တကျ စည်းကမ်းများ ချမှတ်ဆောင်ရွက် လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုတို့ကို အစဉ်အဆက်မပြတ် ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

English Speaking
U Win Maw (Research)
Yes!! English School
4 skill English classes
Basic
Elementary
Intermediate
Advanced
IELTS,TOEFL, SAT
Starting On April
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ချင်းပြည်နယ်အစိုးရအဖွဲ့

ပြည်သူများ၏ စွန့်ပစ်အမှိုက်များကို သက်ဆိုင်ရာက နေ့စဉ် စနစ်တကျသိမ်းဆည်းပေးလျက်ရှိသော်လည်း စည်းကမ်းမဲ့သူအချို့၏ အမှိုက်များမဆင်မခြင်စွန့်ပစ်မှုကြောင့် မေ ၁၀ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့၊ ပန်းထိမ်မြောက်ရပ် အောင်သပြေလမ်းနှင့် သဇင်လမ်းကြား မြို့လယ်ချောင်းအတွင်း အမှိုက်များမြင်မကောင်းအောင် စုပုံနေပြီး ရေစီးရေလာသွားလာမှုကို ဟန့်တားလျက်ရှိနေသည်။ သီပေါမြို့သည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်သောမြို့ဖြစ်၍ အဆိုပါချောင်းအတွင်းရှိ အမှိုက်ပုံကြီးကြောင့် ဧည့်သည်များ အထင်အမြင်သေးစရာဖြစ်စေသည့်အပြင် ရေစီးရေလာရပ်တန့်ပြီးချောင်းရေလျှံ၊ လမ်းပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် စည်းကမ်းမဲ့အမှိုက်ပစ်သူများကို ကြပ်မတ်အရေးယူသင့်ပါကြောင်း ၎င်းရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။ သတင်းနှင့် ဓာတ်ပုံ - စိုင်း(သီပေါ)

မိုးဦးစောပါက နှမ်းစပါးများ အချိန်မီ ရိတ်သိမ်းရန် ခြွေလှေ့စက် လိုအပ်နေ

စစ်ကိုင်း၊ မေ ၁၉

နွေစပါးများ အချိန်မီရိတ်သိမ်းနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက် ရရှိရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့မှ အကူအညီတောင်းစဉ် မထင်မှတ်ဘဲ မိုးဦးစောပါက မကျီးစဉ်ချောင်း၊ ပဲကတိုးချောင်းများမှ ရေများဝင်ရောက်လာကာ စပါးခင်းများ ပျက်စီးမှုရှိနိုင်သဖြင့် အချိန်မီရိတ်သိမ်းခြွေလှေ့စက်များ လိုအပ်နေကြောင်း စစ်ကိုင်းမြို့နယ် စီတီးကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်နှင့် တောင်သူများက ပြောကြားသည်။

စစ်ကိုင်းမြို့နယ် စီတီးကျေးရွာ အုပ်စု ကွင်းအမှတ် (၈၁၇၊ ၇၉၀၊ ၁၅၈၆၊ ၇၉၂/က) ကွင်းများတွင် တောင်သူလယ်သမားကြီးများ စိုက်ပျိုးထားသော ရေကျနောက်စိုက် နွေစပါး ဧက ၃၀၀ ကို ကောင်းမှုတော်အင်းအနီး စံတည်းအင်းပတ်လည်တွင် စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

စီတီးကျေးရွာ ကွင်းအမှတ် ၇၉၂ အတွင်း၌ တဲကြီး၊ မအူပင်၊ နေပူကုန်း၊ ကုန်းတန်းလေးကျေးရွာများရှိ တောင်သူလယ်သမားများက စပါး၊ မြေပဲ၊ ပဲပုတ်၊ ပြောင်းဖူး၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးထားကြကြောင်းသိရသည်။

ကောင်းမှုတော်ကွင်း (၇၉၀၊ ၇၉၁၊ ၈၁၈၊ ၇၉၂) များတွင် မိုးရေဖြင့် အဓိက ဂျုံ၊ ကုလားပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ နေကြာနှင့် နွားစာပြောင်းများ စိုက်ပျိုးခဲ့ရာ ရာသီဥတုဖောက်ပြန်၍ မိုးရွာသွန်းမှုနည်းပါးပြီး မြေအစိုဓာတ်ခန်းခြောက်သဖြင့် သီးနှံစုံစုစုပေါင်း ဧက ၇၀၀ ခန့် စိုက်ပျိုးခဲ့သော်လည်း အောင်မြင်ဖြစ်ထွန်းမှုမရှိသဖြင့် အထွက်နှုန်းကျဆင်းခဲ့သည်ဟု တောင်သူကြီးများထံမှ သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ညောင်တုန်းမြို့၌ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်မှ အသက်အကြီးဆုံး ဘိုးဘွား ၃၀ ဦးအား လှူဖွယ်လက်ဆောင်များနှင့်ကန် တော့ပွဲကျင်းပ

ညောင်တုန်း၊ မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်မှ အသက်အကြီးဆုံး ဘိုးဘွား ၃၀ ဦးတို့အားလှူဖွယ်လက်ဆောင်ပစ္စည်းများနှင့်ငွေသားများ ပူဇော်ကန်တော့ပွဲကို အဆိုပါ ဦးစီးဌာနခန်းမ၌ ၁၃၇၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်၊ မေ ၁၇ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစုံ အကောင်ရေ ၂၅၀၀၀ နှင့် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက ငါးကောင်ရေ ၂၀၀၀ စုစုပေါင်း ငါးကောင်ရေ ၂၇၀၀၀ ကို ညောင်တုန်းမြို့ ၄၁ လမ်း ရေချိုးဆိပ်မှ ပန်းလှိုင်မြစ်အတွင်းသို့ ဇီဝိတဒါနငါးများလွှတ်၍ ကုသိုလ်ယူကြသည်။

ရေချိုးဆိပ်မှ ပန်းလှိုင်မြစ်အတွင်း သို့ ဇီဝိတဒါန ငါးများလွှတ်. . . .

ယင်းနေ့ ညနေ ၅ နာရီက မဟာသင်္ကြန်ပွဲကျင်းပရာမဏ္ဍပ်၌ ပုဏ္ဏမာရာမစျေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြသဘေိဝံသ ဆရာတော်ကြီးအမှူးပြုသော သံဃာတော်အရှင်သူမြတ် ၁၁ ပါးတို့အား ပင့်ဆောင်၍ ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းဆက်ကပ်ကြကြောင်း သိရသည်။

အဆိုပါ ကန်တော့ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ပူဇော် ကန်တော့ကြသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

စစ်ကိုင်းမြို့တွင် လူမှုရေးအသင်းမှ သက်ကြီး ဘိုးဘွားများအား (၇) ကြိမ်မြောက် ပူဇော်ပွဲကျင်းပ

စစ်ကိုင်း၊ မေ ၁၉

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ လူမှုရေးအသင်းမှ ကြီးမှူးကျင်းပသော (၇) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ၁၃၇၆ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ ညနေ ၅ နာရီက ပါရမီရပ်ကွက် သမိုင်းဝင် မဟာစည်းခုံကြီးစေတီတော် အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနား၌ ဓမ္မမေတ္တာကျောင်းတိုက်ဆရာတော်ထံမှ သြဝါဒကထာ နာယူကြည်ညိုကြပြီး၊ ပါရမီရပ်ကွက် လူမှုရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အတွင်းရေးမှူး ဦးစိုးမြင့်၊ ဘဏ္ဍာရေးမှူး ဦးထွန်းကျော်နှင့် ရပ်ကွက်ပြည်သူတို့က သက်ကြီးဘိုးဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံဝတ္ထုပစ္စည်းများကို ပေးအပ်ကြရာ ကန်တော့ခံအဘိုးတစ်ဦးမှ ဆုံးမစကား ပြောကြားသည်။

သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲတွင် အဘိုး ၃၀ ဦးနှင့် အဘွား ၄၀ ဦး စုစုပေါင်း ဘိုးဘွား ၇၀ ဦးတို့အား ရပ်ကွက်ပြည်သူများမှ အစဉ်အလာမပျက် ပူဇော်ကြပြီး ဆရာတော် သံဃာတော်များမှ မော်တော်ယာဉ်ဖြင့် ပါရမီရပ်ကွက်အတွင်း အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ် သရဇ္ဈာယ်ကြကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

KBZ Industries Ltd
ကျောက်မီးသွေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
KBZ Industries Ltd

09-5108316, 09-31192014

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

"ဒီမိုကရေစီခေတ်ပြောင်းချိန် ပညာရေးအတွေးအမြင်များ"

a'ufvmjribef

ကျွန်တော်တို့မြန်မာနိုင်ငံ၏ခေတ်ပြောင်းချိန်တိုင်းတွင် ပညာရေးအပြောင်းအလဲများဖြစ်ပေါ်လေ့ရှိစမြဲ၊ အဆိုပါအပြောင်းအလဲများအနက် ဂျပန်ခေတ်ကိုလေ့လာကြည့်လျှင် ဒုတိယကမ္ဘာစစ်ကာလဖြစ်သဖြင့် ရည်မှန်းထားသည့်အတိုင်း အကောင်အထည်မဖော်နိုင်ခဲ့သော်လည်း အင်္ဂလိပ်လက်အောက်တွင် တွေ့ကြုံခံစားခဲ့ရသော ကိုလိုနီပညာရေးစနစ်၏အားနည်းချက်များကို ကုစားရန်အလို့ငှာ အခွင့်အရေးရသည်နှင့် ပညာရေးအပြောင်းအလဲလုပ်ရန် ကြိုးစားပြီး အားနည်းချက်တို့ကိုပြုပြင်ရန် အားထုတ်ခဲ့ကြသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် ကိုလိုနီခေတ်တစ်လျှောက်လုံး မြန်မာစာ၊ မြန်မာစကားသည် နေရာမှန်မရခဲ့သဖြင့်အခွင့်ရသည်နှင့် မြန်မာစာကိုသင်ကြားမှုသုံးဘာသာစကား (Medium of Instruction)အဖြစ်သတ်မှတ်ခြင်း၊ ဘာသာရပ်အသီးသီးကို မြန်မာဘာသာဖြင့်သင်ကြားခြင်း၊ ဗြိတိသျှ ကိုလိုနီခေတ်အတွင်း ကျောင်းသုံးမျိုးသုံးစားရှိခဲ့သည်ကို ကျောင်းတစ်မျိုးတစ်စားတည်းအဖြစ် သတ်မှတ်ဖွင့်လှစ်စေခြင်းတို့ ပြုလုပ်ခဲ့သည်ကိုတွေ့ရပါသည်။

ထို့နောက် လွတ်လပ်ရေးရပြီးကာလ ပညာရေးအပြောင်းအလဲများကိုကြည့်လျှင် Education Policy ထုတ်ပြန်ကြေညာခြင်း၊ ယူနက်စကိုမစ်ရှင် နှစ်ကြိမ်တိုင်တိုင်လာရောက်ပြီး မြန်မာနိုင်ငံ ပညာရေးအခြေအနေကိုကွင်းဆင်းလေ့လာကာ အစီရင်ခံစာများတင်သွင်းခြင်း၊ မြန်မာနိုင်ငံပညာစုံစမ်းလေ့လာရေးမစ်ရှင်း (The Burma Educational Observation and Study Mission)ကို ဖွဲ့စည်းခဲ့ပြီး အင်္ဂလန်၊ အမေ ရိကန်၊ ကနေဒါ၊ မက္ကဆီကိုနှင့် ပါကစ္စတန်စုစုပေါင်း ငါးနိုင်ငံကို ခြောက်လတာအတွင်းသွားရောက်ပြီး ပညာရေးကဏ္ဍအသီးသီးကိုလေ့လာခြင်း၊ ထိုခြောက်ဦးအဖွဲ့ ပြန်လည်ရောက်ရှိလာသည့်အခါ ထင်ရှားသောပညာရှင်နှင့် ပညာရေးပါရဂူ ၁၅ ဦးတို့ဖြင့် အင်အားဖြည့်တင်းကာ စုစုပေါင်း အဖွဲ့ဝင် ၂၁ ဦးပါရှိသည့် ပညာရေးပြန်လည်ဖွဲ့စည်းရေးကော်မတီ (Education Reorganization Committee) တစ်ရပ်ကိုဖွဲ့စည်းခဲ့ပြီး ပညာရေးစီမံကိန်း တစ်ရပ်ရေးဆွဲခဲ့စေခြင်း၊ အဆိုပါစီမံကိန်းကို ပြည်တော်သာ ညီလာခံတွင် 'ဘဝသစ်ဖန်တီးမှု ပြည်တော်သာပညာရေးစီမံကိန်း (Pyidawtha Educational Plan For Welfare State) အဖြစ် တင်သွင်းဆွေးနွေးကာ အတည်ပြုချက်ရယူခဲ့ခြင်း၊ ဤစီမံကိန်းတွင် ရည်ရွယ်ချက် (၅)ရပ်ကို ပထမ ဦးဆုံးအကြိမ်အဖြစ်ချမှတ်နိုင်ခဲ့ခြင်းဟူသည့် ထူးခြားသော ပညာရေးဖြစ်စဉ်တို့ကို ပေါ်ပေါက်ခဲ့ပါသည်။

အဆိုပါခေတ်ပြောင်းကာလနှစ်ရပ်အတွင်း ဖြစ်ထွန်းခဲ့သော ပညာရေးအပြောင်းအလဲတို့၏အနှစ်သာရမှာ အခွင့်ရသည်နှင့် တိုင်းပြည်၏ပညာရေးတိုးတက်အောင် အစွမ်းရှိသရွေ့ ကြိုးစားခဲ့သည့် တိုင်းကျိုးပြည်ပြုသမိုင်းဝင်အားထုတ်မှု များဖြစ်နေခြင်းပင်။ ဤသို့သူ့ခေတ်သူ့အခါ ပညာရေးတာဝန်ကျေခဲ့ပုံကို အတုယူလျက် ယခုကဲ့သို့ ဒီမိုကရေ စီခေတ်ဆန်းချိန်တွင် ကျွန်တော်တို့အားလုံးတက်ညီလက်ညီဖြင့် တိုင်းကျိုးပြည်ပြုပညာရေးပြောင်းလဲမှုများတွင် ကျရာနေရာမှ စည်းစည်းလုံးလုံးပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျွန်တော်တို့တိုင်းပြည်၏ပညာရေးမြင့်မားလာသည်နှင့်အမျှ တိုင်းပြည်၏စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည့်အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက်ပါ အထောက်အကူပြုမည်ဟု ကျွန်တော်ယုံကြည်မိပါသည်။

> **ပညာရေးစနစ်များ၏ အားသာချက်အားနည်းချက်တို့ကို ကျွန်တော်ကိုယ်တွေ့ကြုံခဲ့ရသည့် နည်းတူ အခြားကိုယ်တွေ့ကြုံသူတိုင်းမှာလည်း ခံစားချက်များ . . .**

ထို့ပြင် ကျွန်တော်တို့နိုင်ငံ၏သမိုင်းကြောင်းအရ ၁၉၆၂ ခုနှစ် မတ်လမှစ၍ တော်လှန်ရေးကောင်စီခေတ်၊ ထို့နောက် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ခေတ်ကာလများတွင် အထွေထွေပညာရေးနှီးနှောဖလှယ်ပွဲ (၁၉၆၄ ခုနှစ်)၊ အခြေခံပညာရေးနှီးနှောဖလှယ်ပွဲ (၁၉၆၈ ခုနှစ်)၊ စာမေးပွဲနှင့် စစ်ဆေးမှုဆိုင်ရာနှီးနှောဖလှယ်ပွဲ (၁၉၇၀ ပြည့်နှစ်) စသည့် ပညာရေးနှီးနှောဖလှယ်ပွဲများကျင်းပပြီး ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲခဲ့ကြသည်ကို တွေ့ရပါသည်။

ကျွန်တော်ကိုယ်တိုင် ဤပညာရေးစနစ်ကာလများအတွင်း ကျောင်းသားဘဝဖြင့် ကြီးပြင်းလာခဲ့ပြီး ဝန်ထမ်းဘဝဖြင့် ပညာရေးတာဝန်တို့ကို အဆင့်ဆင့်ထမ်းဆောင်ခဲ့ပါသည်။ အဆိုပါ ပညာရေးစနစ်များ၏ အားသာချက်အားနည်းချက်တို့ကို ကျွန်တော်ကိုယ်တွေ့ကြုံခဲ့ရသည့်နည်းတူ အခြားကိုယ်တွေ့ကြုံသူတိုင်းမှာလည်း ခံစားချက်များ၊ သုံးသပ်ချက်များကိုယ်စီရှိကြမည်ဟု ကျွန်တော်မျှော်လင့်ပါသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ပညာရေးကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းနေချိန်တွင် ကျွန်တော်တို့ကိုယ်တိုင် ဖြတ်သန်းခဲ့သော အတွေ့အကြုံများ (Lived Experiences) အပေါ်အခြေခံလျက် ပညာရေးစနစ်၏ အားသာချက်အားနည်းချက်များကို သင်ခန်းစာယူပြီး ကျရာနေရာမှ တိုင်းပြည်၏ပညာရေးကိုမြှင့်တင်ပေးခြင်းသည် တိုင်းပြည်၏ တာဝန်ကို ကျေပွန်ရာရောက်ရုံမက တိုင်းပြည်၏ ကျေးဇူးကိုလည်း ဆပ်ရာရောက်မည်ဟု ကျွန်တော်သုံးသပ်ထင်မြင်မိပါသည်။

မြန်မာနိုင်ငံပညာရေးလေ့လာရေးလုပ်ငန်းဆိုင်ရာ သမိုင်းနောက်ခံနှင့်သုံးသပ်ချက်

ကျွန်တော်တို့နိုင်ငံ၏ပညာရေးသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် ယူနက်စကိုအဖွဲ့ကြီးမှ စေလွှတ်လိုက်သည့် လေ့လာရေးမစ်ရှင်အဖွဲ့တစ်ဖွဲ့သည် ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး နှစ်လခန့် ကွင်းဆင်းလေ့လာခဲ့ကြောင်း၊ လေ့လာတွေ့ရှိချက်တို့ကို ယူနက်စကိုအဖွဲ့ချုပ်ထံ အစီရင်ခံစာတင်သွင်းခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။ ထို့နောက် ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ယူနက်စကိုပညာရေးအတိုင်ပင်ခံမစ်ရှင်အဖွဲ့တစ်ဖွဲ့နောက်ထပ်ရောက်ရှိလာခဲ့ပြီး သုံးလခွဲကြာကွင်းဆင်းလေ့လာရေးခရီးအပြီး ၁၉၅၁ ခုနှစ် မေ ၁၁ ရက်တွင် မစ်ရှင်အဖွဲ့၏ အစီရင်ခံစာ "Report of the Mission to Burma" ကို အဖွဲ့ခေါင်းဆောင် Dr.Richard M.Tisinger ကိုယ်တိုင် မြန်မာနိုင်ငံယူနစ်စကို အမျိုးသားကောမစ်ရှင်ဥက္ကဋ္ဌဖြစ်သူပညာရေးဝန်ကြီးထံ တင်သွင်းခဲ့ပါသည်။ အဆိုပါ ကွင်းဆင်းလေ့လာသည့် လုပ်ငန်းနှင့် အစီရင်ခံစာသည် မြန်မာနိုင်ငံအတွက် ပထမဆုံးသော ပညာရေးကဏ္ဍလေ့လာရေးလုပ်ငန်း (The First Education Sector Study of Myanmar) ဟု ကျွန်တော်ထင်မြင်ယူဆမိပါသည်။ ခြွင်းချက်အနေဖြင့် ဤပညာရေးလေ့လာမှုလုပ်ငန်းကို နိုင်ငံခြားသားများကသာအဓိက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ထို့နောက် ၁၉၉၀ ပြည့်နှစ် နှစ်လယ်ပိုင်းမှစ၍ ပညာရေးဝန်ကြီးဌာန UNDP နှင့် UNESCO တို့ ပူးပေါင်း၍ ပညာရေးကဏ္ဍလေ့လာရေးလုပ်ငန်း (ESS Education Sector Study)ကို စီမံချက်အသွင်ဖြင့် ဆောင်ရွက်ခဲ့ရာတွင် မြန်မာ့ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီး ပညာရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နေသူ ၄၇ ဦးနှင့် နိုင်ငံတကာကျွမ်း ကျင်ပညာရှင် ခြောက်ဦးတို့သည် National Project Director ဖြစ်သူ ဆရာကြီးဒေါက်တာခင်မောင်ကြွယ် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေးသုတေသနဗျူရို)နှင့် Mr.Antoine Schwartz (UNESCO Chief Technical Adviser) တို့၏ ဦးဆောင်မှုဖြင့် ကွင်းဆင်း သုတေသနစာတမ်း ၃၀ နှင့် Education Sector Study Phase 1 (Final Report) တို့ကို ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုစုပြီးစီးခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

ဧပြီ ၅ ရက်က ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဦးထွန်းထွန်းဦးက ဓာတ်အားခတိုးမြှင့်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ ပြင်ဆင်ကောက်ခံမည့် နှုန်းထားများ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ဓာတ်အားသုံးစွဲသူပြည်သူများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ရှင်းလင်းစဉ်။ (မြို့နယ်ပြန်/ဆက်)

သတင်းတိုများ

မော်လိုက်၌ စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းပေးအပ်ပွဲကို မော်လိုက်ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်က စီမံကိန်းတာဝန်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းမှူးက ၂၀၁၄-၂၀၁၅ နှစ်စဉ် စီမံကိန်းရေးဆွဲထားမှုအခြေအနေအား ရှင်းလင်းတင်ပြသည်။ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက စီမံကိန်းရည်မှန်းချက်တာဝန်များကို သက်ဆိုင်ရာဌာနဆိုင်ရာများသို့ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံယူခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)







ရမ်းဗြဲမြို့၊ ရမ္မာဝတီ အောင်ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက်ပါဝင်လှူဒါန်းနိုင်ကြပါသည်

တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ရမ္မာဝတီဆရာတော် **ဘဒ္ဒန္တကုန္ဒပါလ** အရှင်သူမြတ်၏ ဦးဆောင်မှုဖြင့် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့ ရမ္မာဝတီအောင်ဓမ္မဗိမာန်တော် သုံးထပ်ကျောင်းဆောင်တော်ကြီးကို ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရှေးဟောင်းသမိုင်းဝင် အောင်ဓာတ်များ ကိန်းအောင်းလျက်ရှိသည့် အောင်စေတီဘုရားကိုလည်း ဘက်စုံမွမ်းမံပူဇော်မည်ဖြစ်၍ အောင်မြင်သည့်ဘဝကို ပိုင်ဆိုင်ထားသူများနှင့် အောင်မြင်လိုသူများ ဆက်သွယ်ပါဝင်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်လှူဒါန်းရန်

ရန်ကုန်	- တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုန္ဒပါလ		၀၉-၅၀၂၀၆၃၀
	- ဦးစိုးဝင်း	ဥက္ကဋ္ဌ၊တည်ဆောက်ရေးကော်မတီ	၀၉-၅၀၄၆၁၆၇
	- ဦးစိန်တင်	အတွင်းရေးမှူး၊ တည်ဆောက်ရေးကော်မတီ	၀၉-၈၅၃၀၁၅၄
	- ဦးထွန်းကြည်	ဘဏ္ဍာရေးမှူး၊ တည်ဆောက်ရေးကော်မတီ	၀၁-၇၀၀၅၉၄
ရမ်းဗြဲ	- ဦးအောင်စိုးဦး	နာယက၊ တည်ဆောက်ရေးကော်မတီ	၀၉-၄၂၁၇၆၄၄၆၃
	- ဦးပုတ်	ဥက္ကဋ္ဌ၊တည်ဆောက်ရေးကော်မတီ	၀၉-၄၉၆၇၆၈၉၈
	- ဦးဝင်းမောင်	ဘဏ္ဍာရေးမှူး၊ တည်ဆောက်ရေးကော်မတီ	၀၉-၄၂၁၇၅၈၅၈၁

၅-၄-၂၀၁၄ ရက်တွင် လှူဒါန်းသောအလှူရှင်များ

၁။	အရှင်ကုန္ဒပါလ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက	၁၀၀၀၀၀၀၀ိ/-
၂။	ဦးစိုးဝင်း-ဒေါ်ရင်နု မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာ	၁၀၀၀၀၀၀ိ/-
၃။	ဗိုလ်ကြီးအောင်နိုင်(ငြိမ်း)-ဒေါ်ခင်ထူး ရန်အောင်လမ်းသွယ်၊ ရန်ကင်း	၁၀၀၀၀၀၀ိ/-
၄။	ဦးနေမျိုးထွန်း(ခ)ဦးမောင်မောင် Royal Ngapali Beach Hotel	၁၀၀၀၀၀၀ိ/-
၅။	ဦးကျော်ဇောလင်း-ဒေါ်နီနီသန်း၊ သား-ဇေယျာဝတီ၊မန္တလေး	၁၀၀၀၀၀၀ိ/-
၆။	ဦးလှထွန်း-ဒေါ်သိန်းရီ(ငွေအိုးဖိနပ်) ပြဟ္မစိုရ်လမ်း၊ တောင်ဥက္ကလာ	၅၀၀၀၀၀ိ/-
၇။	ဗိုလ်မှူးကြီးမင်းကြည်-ဒေါ်မြင့်မြင့် အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏ	၁၀၀၀၀၀ိ/-
၈။	ဦးချမ်းမောင်-ဒေါက်တာလွင်ဟန် ရမ္မာဝတီအင်တာနေရှင်နယ်လီမိတက်	၁၀၀၀၀၀ိ/-
၉။	ဦးအောင်ကျော်ဦး-ဒေါ်စံရွှေလှ ဓမ္မစေတီလမ်း၊ မြေနီကုန်း	၁၀၀၀၀၀ိ/-
၁၀။	ဦးစိန်တင်-ဒေါ်တင်တင်ရွှေ ကျောက်မြောင်းလမ်း၊ တာမွေ	၁၀၀၀၀၀ိ/-
၁၁။	ဦးထွန်းကြည်-ဒေါ်ထွေးစိန် မာလာမြိုင်(၄)လမ်း၊ လှိုင်	၁၀၀၀၀၀ိ/-
၁၂။	ဦးသန်းအောင်-ဒေါ်သန်းသန်းရီ ပဒေသာလမ်း၊ မြေနီကုန်း	၁၀၀၀၀၀ိ/-
၁၃။	ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်အေး သြဘာလမ်း၊ကျောက်မြောင်း	၁၀၀၀၀၀ိ/-
၁၄။	ဦးမောင်မောင်အေး-ဒေါ်ခင်ကြည် ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်း	၁၀၀၀၀၀ိ/-
၁၅။	ဦးသန်းဦး-ဒေါ်လှလှသိန်း သင်္ဂဟလမ်း၊ ကျောက်မြောင်း	၁၀၀၀၀၀ိ/-
၁၆။	ဦးစိန်ရင်-ဒေါ်ခင်ဝင်းကြည် ဗိုလ်မြတ်ထွန်းလမ်း၊ ကျောက်မြောင်း	၁၀၀၀၀၀ိ/-
၁၇။	ဒေါ်တင်မြင့် ငြိမ်းချမ်းရေးအလယ်လမ်း၊ ကြည့်မြင်တိုင်	၅၀၀၀၀ိ/-
၁၈။	ဦးထွန်းသာအောင်၊ ဒေါ်အုန်းညွန့်၊ ဒေါ်ခင်အုန်းလင်း မြင်တော်သာလမ်း၊ သာကေတမြို့နယ်။	၃၀၀၀၀ိ/-
၁၉။	ဒေါ်သက်သက်ခင် A-3၊ အောက်ပုဇွန်တောင်လမ်း	၃၀၀၀၀ိ/-
၂၀။	ဒေါ်ခင်ခင်တင့် မဟာစည်ရိပ်သာ၊ ကျွန်းကလေး၊လှည်းကူး	၃၀၀၀၀ိ/-
၂၁။	ဒေါ်သန်းချစ် စိတ္တသုခလမ်း၊ (၂/က)ရပ်ကွက်၊ မင်္ဂလာဒုံ	၁၀၀၀၀ိ/-

* ကျန်အလှူရှင်များကို ဆက်လက်ကြေညာပါမည်။

OASIS

ချောင်းသာ

စားတည်းခိုခြင်း

မြေကွက်ဝယ်လိုသည်

ပုဂံမြို့သစ်

အဓရှ ဗိုင်းဓဓတောင်ဗိုင်း

ဆိုင်ကမ်း

မြေကွက်များအဝယ်လိုသည်

09 31589922

09 31268183

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/အနောက်)၊ မြေကွက်အမှတ်(၄)၊ မြေကွက်တည်နေရာအမှတ်(၄)၊ ဇေယျာဝဏ်လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးချစ်ဆွေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချစ်ဆွေ(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ရင်ပု [၁၂/သကတ(နိုင်)၀၃၄၆၂၆]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၂၂၈/၁၄(၃၁-၁-၁၄)ဖြင့်ရသူ ဦးဇော်ညီမြင့်[၁၂/မဂတ(နိုင်)၀၀၅၀၃၅]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အမှားပြင်

၂၂-၃-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာတွင် မြေတိုင်းရပ်ကွက် ၁၀၄/မြေကွက်အမှတ်-၄၇၇၊ မြေအမည်ပေါက် ဦးစိန်ချစ် (JE-၀၀၃၃၄၃) အစား (JE-၀၀၃၃၃၄)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

[illegible]

D.S.A 13th INTAKE မှ သူငယ်ချင်းများနှင့်မိသားစုဝင်များ

၂၃-၄-၂၀၁၄ရက်တွင် DSA 13th INTAKE ကျောင်းဆင်းခဲ့သည်မှာ (၄၃)နှစ်ရှိခဲ့ပါပြီ။ (၄၃)နှစ်အတွင်း တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့သော သူငယ်ချင်းများနှင့် အကြောင်းအမျိုးမျိုးဖြင့် ကွယ်လွန်ခဲ့ကြပြီးသော သူငယ်ချင်းများအား ရည်စူး၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့သစ်ရှိ လောကနန္ဒာစာသင်တိုက်မှ သံဃာတော်(၈၅)ပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ပစ္စည်းအစုံစုံကပ်လှူပူဇော် ကုသိုလ်ကောင်းမှုပြုလုပ်ပါမည်။ ၂၂-၄-၂၀၁၄ရက် နံနက် ၁၀နာရီတွင် အမျှပေးဝေသာဓုခေါ်ဆိုနိုင်ပါရန် သူငယ်ချင်းများနှင့် မိသားစုဝင်များအား အသိပေးအပ်ပါသည်။

၈၅၄ စိန်ဝင်း(မင်းသား)

ဖုန်း-၀၉-၅၀၇၇၉၂၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာစုပေါင်းအိမ်ရာ၊ တိုက်(B)၊ အခန်း(၁၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်မော်မော်ညွန့်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးစိုးနိုင်[၅/စကန(နိုင်)၀၄၉၀၂၇]က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

အများသိစေရန် ကြေညာချက်

[illegible]

အများသိစေရန် ကြေညာချက်

[illegible]

(၇)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ရဲမှူးကြီး ကိုလေး(ငြိမ်း)

၂၀-၅-၂၀၀၇-၂၀-၅-၂၀၁၄

ချစ်တဲ့အဖေကြီး မိသားစုနဲ့ ခွဲခွာသွားတာ (၇)နှစ်ပြည့်ခဲ့ပါပြီ ကျန်ရစ်သူ မိသားစုများရဲ့ ရင်ထဲမှာတော့ ထာဝရ ရှင်သန်နေဆဲပါ၊ အဖေကြီးအတွက် ရည်စူးပြီး သာသနာ့ဗေဿုတံခွန် စာသင်တိုက်တွင် ပဌမအကြိမ်မြောက် ကထိန်ခင်း အလှူတော်ပြုလုပ်ခြင်းနှင့် (၇)နှစ်ပြည့်နေ့မှာ သံဃာတော်များအား ဆွမ်းနှင့် ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းပြီး စဉ်ဆက်မပြတ်ပြုလုပ်ပြီး၊ ပြုလုပ်ဆဲ ကုသိုလ်ဒါနများကို အဖေကြီးအား အမျှ-အမျှ-အမျှ- ပေးဝေပါတယ်၊ မြင့်မြတ်သော ဘုံဘဝမှ အဖေကြီး သာဓုခေါ်ဆိုပါ။

ချစ်ဇနီး-ဒေါ်အောင်အောင်ကြည်
ချစ်-သား၊ သမီး၊ မြေးများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးမြင့်ဦး(ငြိမ်း)

စတသ(၂၆)၊ အသက်(၅၂)နှစ်

ညွှန်ကြားရေးမှူး(ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)

ဒေါ်သန်းသန်းနု အသက်(၄၅)နှစ်

မောင်နေသာဦး အသက်(၆)နှစ်

ဗိုလ်ကြီးမြင့်ဦး(ငြိမ်း)ဇနီး ဒေါ်သန်းသန်းနု သား မောင်နေသာဦးတို့သည် ၁၂-၅-၂၀၁၄ရက် နံနက် ၂း၁၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းမိသားစု ကောင်းရာသုဂတိ လားပါစေ။

စတသ(၂၆)မှ
သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းလင်း အသက်(၈၄)နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဦးခင်ဇော်ဝင်း(မန်နေဂျာ)-ဒေါ်စုစုမွန်(ဌာနခွဲစာရေးကြီး)တို့၏ ဖခင် ဦးထွန်းလင်း၊ အသက်(၈၄)နှစ်သည် ၁၇-၅-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၈း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း

ရဟန်းဒါယကာကြီး

ဦးဖေကြည်(ပုပ္ပား)

အသက်(၈၇)နှစ်

ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ကန်ကျေးရွာနေ (ဦးဘသိး-ဒေါ်ထားရှင်)တို့၏သား၊ မှော်ဘီမြို့နေ (ဦးအုန်း-ဒေါ်အေးကြည်)တို့၏သားသမက်၊ အမှတ် ၃၉၉/ခ၊မြို့မလမ်း၊ ၄/တောင် ရပ်ကွက်၊ သာကေတမြို့နယ်နေ (ဒေါ်စန်းတင်)၏ ခင်ပွန်း၊ ဦးသန်းအောင်၊ ဦးအောင်စိုးတို့၏ အစ်ကို၊ ဒေါ်နွဲ့ရီ၊ ဦးမောင်အေး (YESB-ငြိမ်း)-ဒေါ်စန်းမြင့်၊ ဦးဌေးအောင် (ရုံးအုပ်)(နယ်လှည့်စာရင်းစစ်ရုံး၊ တောင်ငူမြို့)-ဒေါ်ဝင်းကြည် (MPPE)၊ ဦးမြင့်ဟန်(ဦးစီးအရာရှိ၊ ပြည်တွင်း အခွန်ဦးစီးဌာန) - ဒေါ်အေးအေးခိုင် (ဦးစီးအရာရှိ ပြည်တွင်းအခွန်ဦးစီးဌာန)၊ ဦးမြင့်သန်း (အမှတ်-၂၊ သစ်စက်)၊ ဒေါ်သန်းသန်းအေး၊ ဦးကြည်စန်း(တပ်ကြပ်ကြီး-ဆေးတပ်၊ မင်္ဂလာဒုံ)- ဒေါ်မာလာ၊ ဦးအောင်ကြည် -ဒေါ်ဆွေဆွေဝင်း၊ ဒေါ်သန်းသန်းထွေး (စာရင်းကိုင်-၁) (ရေအားလျှပ်စစ်တည်ဆောက်ရေး အမှတ်-၇၊ အေးသာယာ)တို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုး ဦးဖေကြည်သည် ၁၈-၅-၂၀၁၄ (သောကြာနေ့) နံနက် ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးတင်ဦးလွင်(ခ)ဦးတင်ဦး(မြိတ်)

အသက်(၅၆)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(၅၀၁၈)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ မြဝတီမင်းကြီးလမ်း၊ အမှတ်(၄/၆၀)နေ (ဦးအုန်းမြင့်)-ဒေါ်ကြည်ကြည်တို့၏သား၊ ဒေါ်ရှုအင်၏ခင်ပွန်းသည် ၁၇-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၅ နာရီ တွင်ကွယ်လွန်သွားပါသဖြင့်၂၁-၅-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှ ကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်ဒါယကာကြီး

ဦးညီညီဝင်း (၅၅)နှစ်

(ကော့မှူး-သခွတ်ပင်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၁၁၂၃)နေ (ဦးစံမြင့်-ဒေါ်သိန်းဆင်)တို့၏သား၊ (ဦးထွန်းမြိုင်-ဒေါ်ငယ်)တို့၏ သားသမက်၊ ဗိုလ်ကြီး ဒေါ်ခင်ခင်စု(ငြိမ်း)၏ ခင်ပွန်း၊ ဦးသန်းဝင်း-ဒေါ်တင်စိန်၊ ဦးထင်ကျော်- ဒေါ်ခင်ထွေးမြင့်၊ဦးထွေးမြင့်အောင်-ဒေါ်ခင်စိုးဝင်း၊ ဒေါက်တာအောင်ဇေယျမြင့်-(ဗိုလ်ကြီးဒေါ်မာမာဝေ)တို့၏ ညီ/မောင်၊ ဒေါ်တင်တင်နွဲ့၏ အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၁၆-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၆၇/က)၊ မြေကွက်တည်နေရာအမှတ်(၆၇/က)၊ သုတ(၂)လမ်း၊ (၄)ရပ်ကွက်၊ တ/ဥ။ ဦးအောင်ရှိန် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်ရှိန် (လူပျိုကြီးဘဝ) (ဖခင်)ဦးလူစံ (မိခင်)ဒေါ်အေးဆိုင် (ဒုတိယအိမ်ထောင်) ဦးဘိုးလုံတို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်မြ[၅/ရဥန(နိုင်)၀၂၄၇၁၀] အမေတူ/အဖေကွဲညီမ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၈၉၂(၂၆-၁၁-၁၃)ဖြင့် GPဦးညဏ်လင်း [၅/ရဥန(နိုင်)၀၀၀၇၅၇]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုတ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၂၁၇(၂၀-၁-၁၄)ကို တင်ပြ၍ မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အောင်စေတီဆရာတော်ကြီး

တစ်လပြည့် ဆွမ်းအလှူဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀-တောင်/၁၂ရပ်ကွက်၊ တံခွန်တိုင်တောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်သော အောင်စေတီ ဆရာတော်ကြီး ဘဒ္ဒန္တ ဝဏ္ဏသာရ သည် ၂၁-၃-၂၀၁၄ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး တစ်လပြည့်မြောက်သည့် (၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ရက်) ၂၁-၄-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၅နာရီတွင် ဆရာတော်ကြီးအား ရည်စူး၍ သံဃာတော်အပါး (၆၀)အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးတို့မှ တပည့်သာဝက အပေါင်းတို့အား အသိပေး ဖိတ်ကြားအပ်ပါသည်။

တံခွန်တိုင်တောရကျောင်းတိုက်

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်မှူးလှမြင့်(ငြိမ်း)၏ မိခင် ဒေါ်တင်ကြည် အသက်(၈၀) (မင်းလွင်ကုန်း ကျေးရွာ)သည် ၁၇-၅-၂၀၁၄ရက် ည ၁၂း၂၂နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၈)၊
ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ကျင်လှိုင်(ဘိုကလေး) အသက်(၉၁)နှစ်

(ပဒေသာစတိုး)

(ဦးတင်မောင်)(ဘိုကလေးမြို့နှစ်ကျိပ်ရှစ်ဆူဘုရားအဖွဲ့ ဥက္ကဋ္ဌ)၏ ဇနီး ဦးခင်သိန်း-ဒေါ်မြင့်မြင့်အေး(ပဒေသာစတိုး)တို့၏မိခင် ဒေါ်ကျင်လှိုင်သည် ၁၄-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း-
ဦးဝင်းမြင့်-ဒေါ်ခင်မူယဉ်(ချမ်းမြေ့ပါစေခရီးသွားလုပ်ငန်း)
ဦးကြည်လွင်-ဒေါ်ခင်အေးဝင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်သောင်းညွန့် (၉၅)နှစ်

(ပန်းခိုင်ကျေးရွာ၊ဒိုက်ဦးမြို့နယ်)

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၁၄)ရပ်ကွက်၊မိုးယံကောင်းကျောင်းတိုက်နေ ဦးစန္ဒိမာဝံသ၊ ဦးဥတ္တမ၊ဦးသာဝက၊ ဒိုက်ဦးမြို့နယ်၊ပန်းခိုင်ကျောင်းတိုက်ဆရာတော် ဦးပညာဝံသတို့၏ မယ်တော်ကြီး၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်(၃)ရပ်ကွက် (၇)လမ်း၊အမှတ်(၁၂၅)နေ (ဦးစံငြိမ်း-ဒေါ်လှမင်း)တို့၏သမီး၊(ဦးပို)၏ဇနီး၊ပန်းခိုင်ရွာနေ (ဦးဘိုကြီး-ဒေါ်တင်မြင့်)၊ ရန်ကုန်မြို့နေ (ဦးသောင်းအေး)-ဒေါ်ရွှေကြည်၊(ဒေါ် သန်းနွယ်)၊ဦးအုန်းသွင်-ဒေါ်ခိုင်ခိုင်မြင့်၊ ဦးသိန်းဆွေ-ဒေါ်ခင်သန်းဦး၊(ဦးတင်ထွန်းအောင်)-ဒေါ်ယဉ်ယဉ်လှ၊ ဦးတင်လှ-ဒေါ်အေးအေးမူ၊ ဦးခင်မောင်စိုး-ဒေါ်အေးအေးကြူတို့၏မွေးသမိခင်၊ မြေး/မြစ် ၈၁ ယောက်တို့၏အဘွားသည် ၁၇-၅-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄ (တနင်္လာနေ့)၊ မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [၂၃-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ တံတား ဒါယကာကြီး

ဦးတင်စိန် (၈၈)နှစ်

အနန္တဂုဏ်ရည်စာပုံနှိပ်တိုက် (သုံးခွ)

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၄) ရပ်ကွက်၊ အောင်ဇေယျလမ်းနေ ဒေါ်သောင်းညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအေးသောင်း-မကျင်ဌေး၊ ကိုကျော်ထက်-မအေးအေးသန်း၊ မသန်း သန်းဦး၊ ကိုဝင်းနိုင်ထွန်း-မကြူကြူစိန်၊ ကိုမိုးကျော်ဦး-မကြည်ကြည်စိန်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မဖူးကေခိုင်၊ မငြိမ်းပြည့်စုံ၊ မောင်ရှိန်းထက်လင်း၊ မောင်သက်ပိုင်ထူး၊ မအိမ်စည်မေ၊ မောင်ခန့်သော်ဟိန်း၊ သားတိုးချစ်တို့၏ ချစ်လှစွာသောအဘိုး ဦးတင်စိန်သည် ၁၅-၅-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) တွင် ဥက္ကံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါက်တာဒေါ်ဌေးဌေး(ခ)
ဒေါ်ဌေးဌေးအောင် (၆၈)နှစ်

M.B.,B.S(Rgn)
(1964-1971)

(ဦးခင်ညွန့်-ဒေါ်မြမေ)(ဦးဘိုကြီး- ဒေါ်အေးကြွယ်)တို့၏သမီးကြီး၊ (ဦးလှဖေ-ဒေါ်ကျင်မြ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ရွှေသရဖီ(၃)လမ်း၊ အမှတ် (H- ၁၁၆)နေ ဦးတင်မောင်လှ [ဒု-အင်ဂျင် နီယာချုပ် (လေယာဉ်ကွင်း) (ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]၏ဇနီး၊ (ကိုဝင်းသူရ)၊ ကိုမျိုးအောင်-မတင်လဲ့လဲ့အောင်၊ ကိုကျော်သူရ၊ ကိုကုဋေသူရ-နန်းဖောင်နွန်း၊ ကိုကျော်ဝင်းခိုင်-မအိတင်ဇာအောင်တို့၏ မွေးသဖခင်၊ ဦးအောင်သန့်-ဒေါ်အေးအေးအောင်၊ ဦးသိန်းထွန်း-ဒေါ်လဲ့လဲ့အောင်၊ ဦးစောဝင်း-ဒေါက်တာဝင်းဝင်းအေး၊ ဦးကျော်လှိုင်-ဒေါ်သန်းသန်းတို့၏အစ်မကြီး၊ ကိုကျော်ထွန်းဦး-မအေးအေးမော်တို့၏ အဒေါ်၊ ဖြိုးသီဟကျော်၊ ဇွဲသီဟအောင်၊ အေးချမ်းချမ်းအောင်၊ ဝီလျှံ၊ ရစ်ကီ၊ ကယ်ဘင်မိုးသူရတို့၏ ဘွားဘွားကြီးသည် ၁၇-၅-၂၀၁၄ရက် မွန်းလွဲ၁၂း၂၀ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၄(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်မေမေသွင်(ခ)
ဒေါ်ယဉ်ယဉ်

အသက်(၇၈)နှစ်

ဟိုတယ်/ခရီး(ငြိမ်း)

ရန်ကုန်မြို့၊ ၁၃၂လမ်း၊ အမှတ်(၂၂) နေ (ဦးမောင်မောင်-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးထွန်းချန်၊ ဆလက-ငြိမ်း)၊ ဒေါ်ခင်ခင်သိန်း (ဆလက-ငြိမ်း)တို့၏ ညီမ၊ ဟာဂျီမောင်ညီညီလွင်၏ အစ်မ၊ ဟာဂျီမ ဒေါ်မေမေသွင်သည် ၁၆-၅-၂၀၁၄ ရက် နံနက် ၆း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူ သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးမွတ် စလင်ဥယျာဉ်၌ ဒါဖွနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးတင်ဦးလွင်(ခ)ဦးတင်ဦး

WinExpressကုန်စည်နှင့်အမြန်ချောပို့လုပ်ငန်း

အသက်(၅၆)နှစ်(မြိတ်မြို့)

တနင်္သာရီတိုင်းဒေသကြီး၊မြိတ်မြို့၊ခရုတောရပ်ကွက်၊မစိုးရိမ်ကျောင်းလမ်း၊အမှတ် (၁၂)နှင့် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊မြဝတီမင်းကြီးလမ်း၊ (၁၀)မိုင်၊ အမှတ် (၅၇)နေ(ဦးအုန်းမြင့်)-ဒေါ်ကြည်ကြည်တို့၏ သား၊မြိတ်မြို့၊ရေနံမြေရပ်ကွက်နေ(ဦးမဲ-ဒေါ်အောင်မေ)တို့သားသမက်၊ အင်းစိန်မြို့နယ်၊ စော်ဘွား ကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ မြဝတီမင်းကြီးလမ်း၊ အမှတ်(၄/၆၀)နေဒေါ်ရှုအင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သိန်း-ဒေါ်စိုးတင့်တို့၏ ညီ/မောင်၊ ဦးသန်းအောင်-ဒေါ်နီ၊ တပ်ကြပ်ကြီးကိုကိုကြီး (မူးယစ်တပ်ဖွဲ့-၄၂) -ဒေါ်ခင်စန်းယု၊ ရဲအုပ်ကိုကိုလေး (သတင်းတပ်ဖွဲ့)-ဒေါ်ကျင်စန်းတို့၏အစ်ကို၊ ဒေါက်တာချစ်မျိုးသွင်၊ မောင်အောင်ရဲသူ၊ မမေသန္တာကို၊မောင်ညီညီမင်းတို့၏ ဘကြီးသည် ၁၇-၅-၂၀၁၄(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကိုရဲထွဋ်
အသက်(၃၉)နှစ်(မုဒုံ)

ဌာနစုမှူး/အင်ယာ
မြို့တော်စည်ပင်/လမ်းတံတား

မုဒုံမြို့နေ ဦးခင်မောင် - ဒေါ်ခင်ရီတို့၏ သားထွေး၊ ဦးဝင်းထိန်-ဒေါ်စောဟိန်တို့၏သား သမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နေ မရွှန်းလဲ့ရည်မွန်၊ မကြယ်စင်ရဲထွဋ်မှုတို့၏ ကျေးဇူးရှင်ဖခင်၊ မဉ္ဇူဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပျံလွန်တော်မူခြင်း

ဒေါ်ဝိစာရီ(ငနီကျေးရွာ)

သက်တော်(၇၂)နှစ် ဝါတော်(၃၇)ဝါ

ရန်ကုန်မြို့၊သာကေတမြို့နယ်၊၁၀/တောင်ရပ်ကွက်၊ဘုရားလမ်းခေမာရာမ သီလရှင်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက သီလရှင်ဆရာကြီးဖြစ်တော်မူ သောဒေါ်ဝိစာရီ (အတွင်းရေးမှူး၊သာကေတမြို့နယ် သီလရှင်အဖွဲ့)သည် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက်)၁၇-၅-၂၀၁၄(ကြာသပတေးနေ့)ညနေ ၆း၃၅နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်တော်ကို (၁၃၇၆ ခုနှစ်တန်ခူးလပြည့်ကျော် ၇ ရက်)၂၁-၅-၂၀၁၄(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ဈာပနအခမ်းအနားကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သီလရှင်၊ဒါယကာ၊ဒါယိကာမများ

စာရေးဆရာကြီး၊ ကဗျာဆရာကြီး နေသွေးနီ(ခ)ဦးတင်မြင့်

အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်၊ (၄)ရပ်ကွက်နေ (ဦးချစ်ဆွေ)-ဒေါ်သောင်းနု၊ ရန်ကုန်မြို့၊ ဒဂုံတောင်ပိုင်းနေ ဦးတင်ဝင်း-ဒေါ်တင်နု တို့၏ အစ်ကို၊ ငါးဆူတောင်၊ (၄)ရပ်ကွက်နေ ကိုအောင်ကြိုင်-မညွန့်ညွန့်ဆွေ၊ ကိုမြစိန်-မမိငယ်၊ ရန်ကုန်မြို့နေ ကိုသားကြီး-မအေးမော်၊ ငါးဆူတောင်၊ (၄)ရပ် ကွက်နေ ဦးခင်မောင်ညွန့်-မဥမ္မာဆွေ၊ ကိုရဲကြီး-မသဇင်၊ ကိုဝင်းကျော်-မဝင်းဝင်းမာ၊ ကိုမျိုးလွင်-မလဲ့လဲ့မာ၊ ကိုသန့်ဇင်ဦး-မအညို၊ ဗိုလ်ကြီးဝင်းလွင်-မအေးအေးမာတို့၏ ဦးလေး၊ ကိုမြင့်ဦး(ရုပ်ရှင်ပြသရေးတာဝန်ခံ)-ဒေါ်မိမိ၊ ကိုဇော်ဦး၊ ကိုငယ်လေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ကိုသန်းထိုက်ဦး-မဖြိုးဖြိုးဝေ၊ မယဉ်ယဉ်သင်း(အထက၊ ငါးဆူတောင်)၊ ကိုထူးထူး၊ ကိုမင်းမင်း၊ မမျိုးမျိုးတို့၏အဘိုး ဦးတင်မြင့်(ခ)ဦးနေသွေးနီ (စာရေးဆရာ၊ ကဗျာဆရာ) အသက်(၈၅)နှစ်သည် ၁၆-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၅-၂၀၁၄ ရက်တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် သာသနာ့ဒါယိကာမကြီး
သစ္စာမဏ္ဍိုင်ပိဋကတ်စာပေတိုက်၏မိခင်ကြီး

ဒေါ်မြကြည် (၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၂)လမ်း၊ အမှတ်(၃၆)နေ (ဦးအိမ်တုာ-ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးဒဂုံး-ဒေါ်ကြည်ခင်)တို့၏သမီးချွေးမ၊ (ဦးညွန့်ဝေ)၏ဇနီး၊ ဒေါ်နီလာညွန့်-ဦးအောင်ထက်၊ ဒေါ်ဥမ္မာကြည်၊ ဒေါ်နိုင်နိုင်ဝင်း၊ ဦးကျော်နိုင်စိုးတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၈-၅-၂၀၁၄ (သောကြာနေ့) နံနက် ၃း၁၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊သာသနာ့ဒါယိကာမကြီး
သစ္စာမဏ္ဍိုင်ပိဋကတ်စာပေတိုက်၏မိခင်ကြီး

ဒေါ်မြကြည်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊မြို့မရပ်ကွက်၊ဗဟန်း(၂)လမ်း၊အမှတ်(၃၆)နေ (ဦးရွှေဝင်း)-ဒေါ်တင်ထွေးယဉ်တို့၏အစ်မ၊ ဒေါ်တင်အေး၊ ဦးတင်ဝင်း-ဒေါက်တာ ဒေါ်တင်လှိုင်၊(ဒေါ်အေးမြင့်)၊ ဒေါ်ကြည်ကြည်ညွန့်၊ဒေါ်စမ်းနွဲ့၊ဦးမြင့်သန်း-ဒေါ် လှလှဝင်းတို့၏ အစ်မ၊ဦးအောင်ကျော်မိုး-(ဒေါ်အိရွှေစင်)၊ ဦးတင်မောင်ဝင်း-ဒေါ်ခင် သီတာထွန်းတို့၏ အဒေါ်သည် ၁၈-၅-၂၀၁၄ (သောကြာနေ့)နံနက် ၃း၁၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၄ (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်ဦးလွင်(ခ)ဦးတင်ဦး

Win Express ကုန်စည်နှင့်အမြန်ချောပို့လုပ်ငန်း

အသက်(၅၆)နှစ် (မြိတ်မြို့)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ခရုတောရပ်ကွက်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ်(၁၂)နှင့် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ (၁၀)မိုင် အမှတ်(၅၇)နေ (ဦးအုန်းမြင့်)-ဒေါ်ကြည်ကြည်တို့၏ သား၊ မြိတ်မြို့၊ ရေနံမြေရပ်ကွက်နေ (ဦးမဲ-ဒေါ်အောင်မေ)တို့၏သားသမက်၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ မြဝတီမင်းကြီးလမ်း အမှတ်(၄/၆၀)နေ ဒေါ်ရှုအင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ရှုကျင်၊ ဦးအောင်ကြိုင်-ဒေါ်တင်ဌေး၊ ဦးအောင်ဝင်း-ဒေါ်ရှုဝေတို့၏ညီ/မောင်၊ ဒေါ်ရှုလွမ်၊ ဦးအောင်နိုင်-ဒေါ်ရွှေဆင်း၊ ဦးသိန်းနိုင်-ဒေါ်စန်းစန်းမော်၊ (ဦးအောင်ကြွယ်)၊ ဒေါ်ညွန့် ညွန့်လွမ်၊ (ဦးလွင်ဦး-ဒေါ်ညိုနွဲ့ဦး)၊ ကိုသုဝဏ်-မရတနာဝေဖြိုးတို့၏အစ်ကို၊ မဝါဝါဝင်း၊ မောင်ကျော်စွာဝင်း၊ မောင်အောင်မြတ်သူ-မစန္ဒာဝင်း၊ ဗိုလ်ကြီး အောင်ကောင်းမြတ် (အဆရ-၁)-မနွေးနွေးဝင်း၊ မောင်အောင်သူဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မသန့်ဟေသာဆင့်နွယ်၊ မောင်ဟိန်းစွမ်းသူတို့၏ချစ်လှစွာသောအဘိုး၊ တူ၊ တူမ ၂၂ ယောက်တို့၏ ဦးလေးသည် ၁၇-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဆရာမကြီး ဒေါ်ထားရီ

အသက်(၈၆)နှစ်

အထက်တန်းပြ(ငြိမ်း)၊ အထက(၁)လသာ

(၁၉၆၅ မှ ၁၉၈၅)စင်ထရယ် အထက(၁)လသာ အပူဇော်ကန်တော့ခံ ဆရာမကြီး ဒေါ်ထားရီ အထက်တန်းပြ(ငြိမ်း)သည် ၁၇-၅-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။ **(၁၉၆၅ မှ ၁၉၈၅)ခုနှစ် စင်ထရယ် အထက(၁)လသာ**

ဆရာ/ဆရာမများနှင့် ကျောင်းသားဟောင်းများ

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

အလ်ဟာဂျီရဟ္မာမဒ်သွလ္လာ(ခ)
ဦးအောင်ကိုလတ္တ (၃၉)နှစ်

SuperA-1
အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင်
မင်္ဂလာမွန်ဈေး

(ဟာဂျီဦးတင်မြ-ဟာဂျီမဒေါ်လှမြင့်) တို့၏ သား၊ အလ်ဟာဂျီဦးမြင့်ဆွေ-ဟာဂျီ မဒေါ်တင်ရွှေ (ရန်ကုန်စတားအထည်ဆိုင်) မင်္ဂလာဈေးတို့၏ သားသမက်၊ ရန်ကုန်မြို့၊ စက်ရုံလမ်း၊ ရတနာမြိုင်ကွန်ဒို၊(၄)ဘီနေ ဟာဂျီမဒေါ်ခင်ဆွေဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ဦး-ဟာဂျီမ ခင်ဇာခြည်အောင်၊ မခင်ပပအောင်၊ မောင်အောင်သူရဦး၊ မခင်သန္တာအောင်တို့၏ ချစ်လှစွာသော ဖခင်သည် ၁၃-၅-၂၀၁၄ ရက် နံနက် ၁၁း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်ဆွလာဒ်အပြီး သန်လျင် ဒဲရ်ဂါက ဗရ်စတန်၌ ဒါဖွနာပြီးဖြစ်ပါကြောင်း။ မင်္ဂဖေရသ်အတွက် ဒိုအာပြုပေးပါရန်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မာရီ

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်လှလမ်း၊ အမှတ်(၁၁)၊ ငါးလွှာနေ (ဦးစောလှိုင်-ဒေါ်လှကြည်)တို့၏ သမီး၊ ဦးသန်းညွန့်-ဒေါ်ညိုတို့၏ သမီးချွေးမ၊ (ဦးတင်ထူး)၏ ဇနီး၊ မခင်မာသက်ထူး၊ မောင်သက်မောင်-ဒေါ်နဲမျော်၊ မောင်ဘုန်းမင်းထက်-မစုဇာထက် တို့၏ မိခင်၊ မသဒ္ဒါထက်၊ အေရွှန်စိုင်း အောင်တို့၏ အဘွား ဒေါ်ခင်မာရီသည် ၁၈-၅-၂၀၁၄ ရက် နံနက် ၆း၁၅ နာရီ တွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၂၄-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အုံးရင်
အသက်(၈၈)နှစ်

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း)-ဒေါ်ခင်ခင်လှ(အလက-၄၊ မင်္ဂလာဒုံ)တို့၏မိခင် ဒေါ်အုံးရင်(တောင်သာ၊ ကျောက္ကာ)သည် ၁၆-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြမင်္ဂလာဒုံ(မြန်မာမိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းနှင့် ဖုန်းအရောင်းဆိုင်)မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးသိန်းမောင်(ငြိမ်း)
ကြည်း-၁၀၈၂၄၊ ဗိုလ်သင်တန်း-၃၄၊ သီဟ-၉၉
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်(၂)၊ အခန်း(၃၀)နေ (ဒေါ်မြကျင်)၏ခင်ပွန်း ဗိုလ်မှူးသိန်းမောင်(ငြိမ်း)သည် ၁၄-၄-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သီဟ တေဇ ညီအစ်ကိုများ

ဝမ်းနည်းကြေကွဲခြင်း
(လေ/၁၇၈၅၄) တပ်ကြပ်တင်ဝင်း(၅၉)နှစ်
(မင်္ဂလာဒုံလေတပ်)

လေ/၁၇၈၅၄ တပ်ကြပ်တင်ဝင်းသည် ၁၅-၄-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

တပ်မတော်လေ

၁/၇၉ သူငယ်ချင်းများ

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ဖီးလစ်(စ်)အန်ထော်နီ
အသက်(၈၀)

ရန်ကုန်မြို့၊ အခန်းအမှတ်(၁၀၀၂)၊ ဘုရင့်နောင်တာဝါ၊ (၂/A)၊ လှည်းတန်းလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်နေ (Mr. V.C. Anthony)၏ဇနီး၊ Rev. Sr. Emily, Rock (ISY)- နန်းဝိုးခမ်း၊ Marclyne-Lian Chum, David-Nang Noot, Francisco. Angeline-Johar, Julian(Total EMP, NIGERIA)-Hilda, Oscar-Thazin Aung တို့၏မွေးသမိခင်၊ မြေး ၁၇ ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားသည် ၁၉-၄-၂၀၁၄(စနေနေ့) နံနက် ၁၀း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၄-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် St. Augustine ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်မည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယိကာမကြီး
ဒေါ်မသန်း (၆၇)နှစ်
(ငါးခူရ မောင်တော)

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ငါးခူရကျေးရွာနေ (ဦးအောင်သာညို-ဒေါ်မိုးစိန်)တို့၏သမီး၊ (ဦးရွှေဖြူ-ဒေါ်ဘုညို)တို့၏ သမီးချွေးမ၊ ဦးဦးဘသန်း-ဒေါ်ဝင်းဝင်းမြ၊ ဒေါ်ခင်စောသန်း၊ ဦးသိန်းမောင်-ဒေါ်ခင်စောအေး၊ ဒေါ်ခင်သန်းငွေ၊ ဦးထွန်းလှိုင်-ဒေါ်မေလှိုင်ဦး၊ ဦးဝင်းနိုင်-ဒေါ်သီသီအောင်၊ ကိုခိုင်ရဲနိုင်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘောင်ရှင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ်(၁၀၀-ခ)နေ ဦးလုံးမောင်၏ဇနီးသည် ၁၈-၄-၂၀၁၄ (သောကြာနေ့) ည ၉း၄၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်ငွေ (၆၂)နှစ်
(မရမ်းကုန်းမြို့နယ်၊ မြို့နယ်ပညာရေးမှူး-ငြိမ်း)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၆၃၉)နေ ဆရာကြီး[ဦးခင်ဂျမ်းမောင်(ဖလေး အလယ်တန်းကျောင်းအုပ်)]၏ ဇနီး၊ မခင်ရတနာမောင်၊ မနီလာအောင်၊ မနွယ်နီအောင်၊ မောင်ဝေဖြိုးအောင်တို့၏မိခင် ဒေါ်တင်ငွေသည် ၁၄-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ဖီးလစ်(စ်)အန်ထော်နီ
အသက်(၈၀)

ရန်ကုန်မြို့၊ အခန်းအမှတ်(၁၀၀၂)၊ ဘုရင့်နောင်တာဝါ၊ (၂/A)၊ လှည်းတန်းလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်နေ (Mr. Anthony Doss-Mrs. Mary Doss) တို့၏ သမီးလတ်၊ (Mr. V.C. Anthony)၏ ဇနီး၊ Mr. Frank Doss (Perth) ၏ ညီမ၊ Mr. L.B.Nathan, Mrs. Rita, Nathan, Mrs. Annie Joseph တို့၏အစ်မ ဒေါ်ဖီးလစ်(စ်)အန်ထော်နီသည် ၁၉-၄-၂၀၁၄ (စနေနေ့) နံနက် ၁၀း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် St. Augustine ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာဒေါ်ငွေငွေ(ခ)
ဒေါ်ငွေငွေအောင် (၆၈)နှစ်
M.B.,B.S(Rgn)
(1964-1971)

(ဦးခင်ညွှန့်-ဒေါ်မြမေ)၊ (ဦးဘိုကြီး-ဒေါ်အေးကြွယ်) တို့၏ သမီးကြီး၊ (ဦးလှဖေ-ဒေါ်ကျင်မြ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ရွှေသရဖီ(၃)လမ်း၊ အမှတ် (H-၁၁၆)နေ ဦးတင်မောင်လှ [ဒု-အင်ဂျင်နီယာချုပ် (လေယာဉ်ကွင်း) (ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း] ၏ဇနီး၊ (ကိုဝင်းသူရ)၊ ကိုမျိုးအောင်-မတင်လဲ့လဲ့အောင်၊ ကိုကျော်သူရ၊ ကိုကုဋ္ဌေသူရ-နန်းဖောင်နွှန်း၊ ကိုကျော်ဝင်းခိုင်-မအိတင်ဇာအောင်တို့၏ မွေးသမိခင်၊ ဦးအောင်သန့်-ဒေါ်အေးအေးအောင်၊ ဦးသိန်းထွန်း-ဒေါ်လှဲ့လှဲ့အောင်၊ ဦးစောဝင်း-ဒေါက်တာဝင်းဝင်းအေး၊ ဦးကျော်လှိုင်-ဒေါ်သန်းသန်းတို့၏ အစ်မကြီး၊ ကိုကျော်ထွန်းဦး-မအေးအေးမော်တို့၏ အဒေါ်၊ ဖြိုးသီဟကျော်၊ ဇွဲသီဟအောင်၊ အေးချမ်းချမ်းအောင်၊ ဝီလျံ၊ ရစ်ကီ၊ ကယ်ဘင်မိုးသူရတို့၏ ဘွားဘွားကြီးသည် ၁၇-၄-၂၀၁၄ရက်မွန်းလွဲ၁၂း၂၀နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၁၄(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဦးဂင်စွီး(မြိတ်)
အသက်(၆၀)
ရာသက်ပန်အသင်းဝင်အမှတ်(၅၃၃၁)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၃)လမ်း၊ အမှတ်(၉၅)၊ ခြောက်လွှာနေ ဒေါ်ခင်ချိုဝင်း၏ခင်ပွန်းသည် ၁၈-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း ဒါယကာကြီး
ဒေါက်တာဦးသိန်းမောင်မြင့်
အသက်(၇၈)နှစ်
(မိုးညှင်း)
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဆေးသိပ္ပံပညာဦးစီးဌာန
(ယခင်ကျန်းမာရေးလုပ်သား အင်အားဦးစီးဌာန)
M.B.,B.S, DPTM (Ygn)
M.Comm.H (UK)

မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်နေ (ဦးဘစိန်-ဒေါ်ခင်ကြည်)တို့၏တတိယမြောက်သား၊ ပြည်မြို့နေ (ဦးကျော်ဇော-ဒေါ်သိန်းကြွယ်)တို့၏သားသမက်၊စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နေ (ဦးသိန်းအောင်-ဒေါ်မြသန်း)၊ မန္တလေးမြို့နေ (ဦးဘချို-ဒေါ်ခင်မေ)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်နီလမ်းနေ (ဦးနာရာရန်း)- ဒေါ်ခင်ရွှေ (မြစ်ကြီးနား၊ MEPE၊ ငြိမ်း၊ ရုံးချုပ်)၏ အစ်ကို၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလကွန်ဒို၊ တိုက်(ဒီ)၊ အမှတ်(၅၀၄)နေ ဒေါ်ဝါဝါလှဖြူ (သုတေသနအရာရှိ၊ ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာပြည့်မွန်သော် (ပရိုဂရမ်မန်နေဂျာ၊ CPI)၏ ချစ်လှစွာသောဖခင် ဒေါက်တာ ဦးသိန်းမောင်မြင့်သည် ၁၉-၄-၂၀၁၄ (စနေနေ့) နံနက် ၈း၄၀နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၄ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

Dolly Sein Aung (ခ)
ဒေါ်မေကြည်(ခ)ဒေါ်တင်တင်ခိုင်
အသက်(၆၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၂၂၃/၂၂၅)နေ (ဦးရှောင်-ဒေါ်အေးခင်)တို့၏မြေး၊ (ဦးစိန်အောင်)-ဒေါ်လှရွှေတို့၏ ချစ်လှစွာသောသမီး၊ ဦးတင်မောင်ကြူ-ဒေါ်ခင်ခင်ထွေး၊ ဒေါ်လီလီ-(ဦးခင်မောင်ဝင်း)တို့၏တူမ၊ ဦးဘရင်-ဒေါ်ခိုင်သီရိ-ဒေါ်မြင့်မြင့်လွင်၊ ဦးဘဝေ-ဒေါ်လှလှမိုး၊ ဒေါက်တာသန်းဝင်း၊ ဒေါ်မာရီတို့၏ညီမ၊ ဒေါ်ခိုင်သဇင်၊ ဒေါ်နန်းမေစိန်တို့၏ အစ်မ၊ မတူးမာ၊ မဥမ္မာ၊ မသိင်္ဂီ-ကိုရဝေ၊ (ကိုသိဏ်းမင်းထိုက်) - မသီတာဦး၊ မချောစု-ကိုဇော်တင့်လွင်၊ မလီလီခင်-ကိုသန်းဝင်း၊ အတီ-မရီရီအေး၊ မထက်ထက်မိုးဝေ၊ ကိုလျှမ်းထက်ဝေ၊ မသူဇာအေး၊ ကိုကျော်ထွတ်အောင်၊ ကိုလင်းထိန်တို့၏ဒေါ်ကြီး၊ မြေးရှစ်ယောက်တို့၏ အဘွား ဒေါ်တင်တင်ခိုင်(Dolly)သည် ၁၇-၄-၂၀၁၄ ရက် US စံတော်ချိန် နံနက် ၁၀း၄၄နာရီတွင် အမေရိကန်နိုင်ငံ Los Angelas မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် L.A ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၄ ရက်တွင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စပ္ပာယ်လမ်း၊ ခြံမှတ်(၁၁၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမောင်မျိုး
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃)ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၅၀၉)နေ (ဦးကျော်ခင်)- ဒေါ်လှအေးတို့၏ သား၊ (ဦးကျော်ဝင်း)-ဒေါ်ခင်စန်းမြင့်တို့၏ သားသမက်၊ ဒေါ်ခင်ခင်အေး၏ မောင်၊ ဦးအောင်အောင်-ဒေါ်စမ်းပပဦးတို့၏ညီ၊ ဦးကျော်ကျော်ဝင်း၏အစ်ကို၊ ဒေါ်သန္တာဦး၏ချစ်လှစွာသောခင်ပွန်း၊ မောင်မျိုးသီဟ၏ဖခင် ဦးမောင်မျိုးသည် ၁၆-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးသိန်းမောင်(ငြိမ်း)
အသက်(၈၅)နှစ်
ကြည်း(၁၀၈၂၄)
ဗိုလ်သင်တန်း(၃၄) (သီဟ-၉၉)

မန္တလေးမြို့နေ (ဦးတောက်-ဒေါ်ရှု)တို့၏ သားထွေး၊ လှည်းကူးမြို့နေ (ဦးမောင်ခ-ဒေါ်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်(၂)၊ အခန်း(၃၀)နေ (ဒေါ်မြကျင်)၏ခင်ပွန်း၊ ဦးတင်ထွန်း-ဒေါ်သန်းသန်း၊ (ဒုတိယအရာခံဗိုလ်ရဲမြင့်)-ဒေါ်အေးအေးခိုင်၊ ကိုတင်ထွန်း-မဝင်းမေ၊ ကိုရဲထွန်း-မမိချို၊ ကိုမြင့်ထွန်း-မသန္တာ၊ မမြတ်စန္ဒာထွန်း၊ ကိုမျိုးမင်းထွန်း-မအေးအေးစန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၇ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီး ဗိုလ်မှူးသိန်းမောင်(ငြိမ်း)သည် ၁၄-၄-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမ PEV ဒေါ်စရီဖာဘီဘီ
အသက်(၈၃)နှစ်

ဒိုက်ဦးမြို့နေ PEV (ဦးဖိုးစိန်-ဒေါ်အေးရင်)တို့၏သမီး၊ [ဟာဂျီ KOM မိုဟာမဒ်အီဘရာဟင်(မ်)ဦးခင်မောင်]၏ ဇနီး၊ ဟာဂျီမဒေါ်နူဂျန်(ခ)ဒေါ်လှလှစိန် (သိင်္ဂီရွှေစင်ပုံနှိပ်တိုက်)တို့၏အစ်မ၊ ဒေါ်မန်ဂျူးရား၊ ဒေါ်မာမူဒါ-(ဦးမြင့်သိန်း)၊ (ဦးတင်ဦး)-ဒေါ်လှလှအေး၊ ဒေါ်နစီမာဘီဘီ-ဦးဂနီ၊ ဒေါ်ဘေဘီ-(ဦးလှဖေ)၊ ဒေါ်ရှိုက်ဒါးဘာနူး၊ ဒေါ်ဖရီဒါဘာနူး-(ဦးလူလေး)၊ ဦးမိုးဟာမဒ်အဗ်ဒုရ်ရရှစ်၊ ဒေါ်နူရ်စရတ်ဂျဟန်(ခ)ဘေတီမာ-ဦးမျိုးသန့် (လယ်သာစာအုပ်ချုပ် လုပ်ငန်း)တို့၏မိခင်၊ မြေး ၃၁ယောက်တို့၏ အဘွားသည် ၁၄-၄-၂၀၁၄ (တနင်္လာနေ့) ည ၁၀း၂၅ နာရီတွင် အမှတ်(၁၅)၊ (၁၂၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၅-၄-၂၀၁၄ရက် ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခိုင်မြင့်ဦး
(MITZI AUNG MYINT)
အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ ဦးခင်အောင်မြင့်-ဒေါ်ခင်ခင်ကြီးတို့၏ ချစ်လှစွာသောသမီးကြီး၊ ဦးဝင်းကို-ဒေါ်ဝေဝေမြင့်၊ ဒေါက်တာလှမြင့်ထွန်း-ဒေါ်စန္ဒာမြင့်၊ ဦးအောင်အောင်မြင့်-ဒေါ်ဖြူဖြူချို၊ (ဦးရဲအောင်မြင့်)၊ ဦးမိုးအောင်မြင့်-ဒေါ်ယဉ်ယဉ်မျိုးပိုင်တို့၏မမကြီး၊ မောင်တိုးဦး၊ မောင်ခန့်ကျော်၊ မောင်လင်းထိုက်တို့၏ မိခင်၊ မောင်အောင်ခိုင်၊ မဝေသုန်ထိုက်၊ မဖြူမွန်သန္တ၊ မောင်ညဏ်ဖြိုး၊ မောင်ပြည့်အောင်၊ မသင်းသင်းအောင်မြင့်တို့၏ ကြီးကြီး၊ မောင်ရဲရှိန်း၊ မောင်ဝေဖြိုးမင်းတို့၏ဘွားဘွား၊ ဒေါက်တာညွန့်အေး၏ ဇနီး ဒေါ်ခိုင်မြင့်ဦး(MITZI)သည် ၃၀-၃-၂၀၁၄ရက် စင်ကာပူစံတော်ချိန် နံနက် ၇နာရီတွင် စင်ကာပူ General Hospital၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၄ရက်တွင် စင်ကာပူနိုင်ငံရှိ MANDAI CREMATORIUM ၌ မီးသင်္ဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးထွန်းမြတ်ကြိုင် (၅၂)နှစ်
(သန်လျင်)
(ရွှေဂုဏ်သူဖက်ရှင်အထည်ဆိုင် မန်နေဂျာ ဗိုလ်ချုပ်အောင်ဆန်းဈေး)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့ဟောင်းအရှေ့ရပ်ကွက်နေ [ဦးအေးကြိုင်-ဒေါ်မြညွန့်(ခ)ဒေါ်အမာ]တို့၏ သား၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် (၂၇)နေ (ဦးမောင်စံ-ဒေါ်ရင်မြ)တို့၏သားသမက်၊ ဒေါ်နွယ်နွယ်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးတင့်-မစုစုလှိုင်၊ မောင်ဇေယျာလင်းတို့၏ မွေးသဖခင်၊ မောင်မြတ်မင်းပိုင်၏အဘိုး ဦးထွန်းမြတ်ကြိုင်သည် ၁၈-၄-၂၀၁၄ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [၂၄-၄-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁ နာရီအထိ အမှတ် (၂၇)၊ စိတ္တသုခလမ်း၊ မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါက်တာဦးသိန်းမောင်မြင့်
အသက်(၇၈)နှစ်
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ကျန်းမာရေးလုပ်သားအင်အားဦးစီးဌာန

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်နေ ဦးအမ်ဘရန်ဆိုင်းဂျာ-ဒေါ်လွင်လွင်မြင့်၊ (ဦးဝင်းနိုင်မြင့်)-ဒေါ်ငွေငွေလှ၊ (ဦးသိန်းနိုင်မြင့်)-ဒေါ်ချိုမာထွန်း၊ ဦးသန်းထွေး-ဒေါ်ကေသီမြင့်၊ ဦးထွန်းနိုင်မြင့်၊ ဦးသက်နိုင်မြင့်-ဒေါ်အေးအေးမော်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၁ယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးသိန်းမောင်မြင့်သည် ၁၉-၄-၂၀၁၄ရက် နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးအောင်ခင်
အသက်(၆၄)နှစ်

ကရင်ပြည်နယ်၊ မြဝတီမြို့နေ ဒေါ်ရည်ရည်ဝင်း၏ခင်ပွန်း၊ မောင်ထက်မြတ်အောင်၊ မဆုရည်အောင်တို့၏ဖခင် ဦးအောင်ခင်(ခ)ဂျော်နီ [ရဲအုပ်/ငြိမ်း၊ အပတ်စဉ်-၁၃]သည် ၁၄-၄-၂၀၁၄ (တနင်္လာနေ့) ည ၁၂ နာရီတွင် ရန်ကုန်ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ လိုက်ပါပို့ဆောင် ကူညီသူများအား အထူးကျေးဇူးတင်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းအေး (၆၄)နှစ်
(ဟသ်ာတ)

ရန်ကုန်မြို့၊ အမှတ်(၆၀၀)၊ ဓမ္မစေတီလမ်း၊ (၄၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ (ဦးဘညို-ဒေါ်မြသန်း)တို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးစိုးအောင်(ငြိမ်း)-ဒေါ်ညိုညို၊ (ဦးသာငွေး)-ဒေါ်ရင်တင့်တို့၏ ညီမ၊ ဦးကျော်သန်းဆွေ-ဒေါ်မြင့်မြင့်စိုးတို့၏ အစ်မ၊ ဦးခင်မောင်စိုး(ဆက်သွယ်ရေး)၏ဇနီး၊ ဦးဇေယျာလှိုင်-မယုဇနမိုး၊ ဦးကျော်သူရတို့၏ မိခင်၊ မောင်သွင်လင်းဇန်၏အဘွား ဒေါ်သန်းသန်းအေးသည် ၁၉-၄-၂၀၁၄(စနေနေ့) နံနက် ၃း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၄ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးဝင်းညွှန့် (၅၁)နှစ်
စက်ခန်းအုပ်(ဇင်ယော်-၂)
မော်တော်ယာဉ်-ရေယာဉ်ဌာနစိတ်
လ. ဝ. က

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာ၊ တိုက်(၃)၊ အခန်း(၃၀၄)နေ (ဦးညွှန့်လွင်-ဒေါ်လှရီ)တို့၏ သား၊ ဦးရဲညွှန့်(ရေယာဉ်အုပ်၊ လဝက)-ဒေါ်စိုးစိုးနွယ်၊ ဦးစိုးဝင်း(ခေတ္တ-ကိုရီးယား)-ဒေါ်ခင်အေးမြင့်၊ ဒေါ်မြင့်မြင့်စန်း (ဒုဦးစီးမှူး၊ ဗဟိုဘဏ်)၊ ဦးသိန်းစိုးနိုင်ဦး (M&A,Total E&P)-ဒေါ်ဆွေဆွေငြိမ်း (ရန်ကင်းစည်ပင်)တို့၏အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ဘကြီးသည် ၁၆-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာလဲ့လဲ့မြတ် (၄၃)နှစ်
မြို့နယ်ဆရာဝန်၊ နန့်ပန်ဆေးရုံ
(အင်းလေး)

ညွှားထိုးကြီးမြို့၊ (၅)ရပ်ကွက်နေ ဦးမြတ်ထွန်းအောင်-ဒေါ်သောင်းတင်တို့၏ သမီး၊ မြင်းခြံမြို့နေ ရှေ့နေ ဦးကျော်စိုး-ဒေါ်သန်းထွေးတို့၏ သမီးချွေးမ၊ (ဦးထွန်းထွန်းဦး)၏ဇနီး၊ ဦးဝင်းမြင့်အောင်၊ ဦးအောင်သန်းလွင် (ဒု/ညွှန်မှူး၊ ကြေးတိုင်နှင့်မြေစာရင်း၊ ရုံးချုပ်)-ဒေါ်စောဥမ္မာတို့၏ ညီမ၊ ကိုတင်ထွဋ်အောင်၊ မဥမ္မာမြတ်တို့၏ အစ်မ၊ မနှင်းဟေမာန်၊ မအိဟေမာန်တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၈-၄-၂၀၁၄ ရက် နံနက် ၃း၃၀ နာရီတွင် နန်းတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ညနေ ၃ နာရီတွင် ညွှားထိုးကြီးမြို့သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၄-၂၀၁၄ ရက်တွင် ညွှားထိုးကြီးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ကြီး ဦးယသဓဇ
သိက္ခာတော်(၆၅)ဝါ၊ သက်တော်(၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ ပြည်မြို့၊ ဆံတော်ရပ်၊ လှိုင်ဂက်လမ်း၊ (လေးဆူဓာတ်ပျော်ရွှေဆံတော်ဓာတ်လှေကားရှေ့)၊ မင်္ဂလာမဥ္ဇူကျောင်းတိုက် ပဓာန နာယက ဆရာတော်ကြီး၊ ရန်ကုန်မြို့၊ (ဒီပါရာမသာသနာပြု) ဝဋ္ဋကြွေးတော်ပြေ ဆရာတော်ကြီး၏ ဆရာရင်းဖြစ်တော်မူသော ဘဒ္ဒန္တယသဓဇ ဆရာတော်ကြီးသည် ၁၅-၄-၂၀၁၄(အင်္ဂါနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ ခုနှစ် ဦးတန်ခူးလပြည်ကျော် ၁၂ ရက်) ၂၆-၄-၂၀၁၄(စနေနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲကိုကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ

မင်္ဂလာမဥ္ဇူကျောင်းတိုက်၊ ပြည်မြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသီရိ (ချောင်းဖျားဆရာတော်ကြီး)
သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃)နှစ်
ဓမ္မိကာရာမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်
အိမ်မဲမြို့နယ်၊ ချောင်းဖျားကျေးရွာ

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ချောင်းဖျားကျေးရွာ ဓမ္မိကာရာမကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တသီရိ(ချောင်းဖျားဆရာတော်ကြီး)သည် (၁၃၇၆ ခုနှစ်၊ နှစ်ဆန်း ၁ရက်) ၁၇-၄-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ ခုနှစ်၊တန်ခူးလပြည့်ကျော် ၁၁ရက်) ၂၅-၄-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့် ရဟန်း၊ သံဃာနှင့်

စျာပနဖြစ်မြောက်ရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်လှကြည်(လှည်းကူး) (၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ရုံးဟောင်းလမ်းနေ (ဦးစိန်အိ)၏ ဇနီး၊ (ဦးလှသွင်)-ဒေါ်ခင်မာ၊ ဒေါ်ဝင်းမြင့်(မူ/အုပ်-ငြိမ်း)၊ ဦးစိုးသိန်း-ဒေါ်နွဲ့နွဲ့ဝင်း (ပန်းချယ်ရီစားသောက်ဆိုင်)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ် ၁၁ယောက်၊ တီတစ်ယောက်တို့၏အဘွား ဒေါ်လှကြည်သည် ၁၉-၄-၂၀၁၄ (စနေနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် လှည်းကူးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ညွှန့်ရင်(ပဲခူး) (၈၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၈၆)နေ (ဦးချစ်လှိုင်-ဒေါ်အေးကျင်)တို့၏သမီး၊ (ဦးတင်ရှိန်)၏ဇနီး၊ ဦးညွှန့်ဝင်း(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်မိမိ(အထပြ-ငြိမ်း)၊ ဦးဝင်းမြင့်(မြို့နယ် စာရင်းစစ်အရာရှိ လှည်းကူးမြို့)-ဒေါ်သန်းသန်းငွေ (မြို့နယ်စာရင်းစစ်အရာရှိသနပ္ပင်မြို့)၊ ဦးနိုင်သူ(အင်ဂျင်နီယာမှူး၊MV အောင်ရတနာသစ်)-ဒေါ်မြင့်မြင့်ဆွေ၊ ဦးအောင်မြင့်-ဒေါ်ချိုမာ(မင်္ဂလာဈေး)၊ ဦးနိုင်မင်းသူ(လ/ထ ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာ)-ဒေါ်ဇင်မာမိုးတို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၈-၄-၂၀၁၄(သောကြာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းရီ(ညောင်တုန်း) (၇၆)နှစ်
(အမက-၆၊ လမ်းမတော်-ငြိမ်း)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြခွာညို(ယုဇန)အိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်း(၄)၊ ဧရာဝဏ်(၁)လမ်းနေ (ဦးကြင်ယုံ)၏ဇနီး၊ (ကိုမြင့်သိန်း)-မမာမာချို၊ ကိုဝဏ္ဏ(ရွှေပုဇွန်)-မအေးအေးချို၊ မစိုးစိုးချို၊ ကိုထွန်းထွန်း-မသန္တာချို(မန်းစည်ပင်)၊ ကိုသိန်းထူး(ခေတ္တ-S'pore)-မကြည်ကြည်ထွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၉-၄-၂၀၁၄ (စနေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူး နေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးဗလ (၆၇)နှစ်
(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောရေးရာဝန်ကြီးဌာန)

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းရပ်ကွက်နေ (ဦးစိုးအောင်-ဒေါ်စိန်စိန်)တို့၏ သားလတ်၊ ဦးဘုန်းမြင့်သူ (ဥပဒေအရာရှိ၊ ဒေးဒရဲမြို့နယ်)-ဒေါ်ချောစုစုလွင် (တွံ့ဖက်မြို့နယ်ဥပဒေအရာရှိ မအူပင်မြို့နယ်)၊ ဗိုလ်ကြီးရဲလင်းအောင်-မဇင်မာသူ(ရန်ကုန်မြို့တော်စည်ပင်)၊ မတင်မိုးဆွေတို့၏ဖခင်၊ မောင်ဘုန်းအောင်လွင်၊ မောင်သုတရဲထက်တို့၏ဘိုးဘိုး၊ (ဒေါ်ခင်အုန်းမြင့်)၏ ခင်ပွန်းသည် ၁၈-၄-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

တေးသံရှင် ဒေါ်မြမြသင်း(ခ)ဒေါ်မြမြစိန် (၆၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ (၅)လမ်း၊ အမှတ်(၁၇၃)နေ [ဦးညွှန့်မောင်-ဒေါ်တင်ရှိန်(ခ)ဒေါ်ကွက်]တို့၏ သမီးကြီး၊ (ဦးအောင်မြင့်)-ဒေါ်ခင်သိန်း၊ ဦးသိန်းအောင်-ဒေါ်ခင်းစန်းရီတို့၏ တူမ၊ ရှေ့နေ (ဦးထွန်းလှိုင်)-ဒေါ်ငွေကြည်(အထက-၂-ငြိမ်း)၊ ဒေါ်ဝိုင်း(ခ)ဒေါ်မမ္မသိင်္ဂီ၊ ဦးစံသိန်း-ဒေါ်ယဉ်ယဉ်စန်း၊ ဦးဆန်းတင့်(သမဦးစီးဌာန)၊ (အရာခံဗိုလ်မောင်မြ)-ဒေါ်မြင့်မြင့်၊ (ဦးမောင်မောင်အေး)-ဒေါ်ရင်ငွေး၊ ဦးအေးမြင့်စိုး-ဒေါ်စမ်းစမ်းရီ၊ တပ်ကြပ်ကျော်ကျော်စိုး-ဒေါ်တင်တင်လှ၊ ကိုကျော်လွင်စိုးတို့၏ အစ်မကြီး၊ တူ/တူမ ၁၂ ယောက်တို့၏ကြီးကြီးသည် ၁၆-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၄(ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမြင့်ဦးလွင်(ခ)ကိုထွန်း(ပုသိမ်) (၆၄)နှစ်

ဦးမင်းလွင်-(ဒေါ်ကျင်စု)တို့၏သားကြီး၊ ဦးထောက်-ဒေါ်သန်းရှိန်တို့၏ သားသမက်၊ တိုက်အမှတ်(၄၂)၊ အခန်း(၀၀၃)၊ မြေညီထပ်၊ (၅)ရပ်ကွက်၊ ဝါဝါဝင်းအိမ်ရာ၊ ရန်ကင်းမြို့နယ်နေ ဒေါ်အေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ညိုညိုလွင်၊ ဦးမြင့်စိုးလွင်-ဒေါ်လှလှသိန်း၊ ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ကြည်ကြည်ဝင်း-ဒေါက်တာသန့်ဇင်၊ ဦးကျော်စိုးလင်း-ဒေါ်ငွေငွေ၊ ဒေါ်ချိုချိုသန်း-ဦးရဲညွှန့်၊ ဒေါ်စိုးစိုးနွယ်၊ ဦးတိုးလှိုင်တို့၏အစ်ကိုကြီး၊ ဦးဟိန်းမင်းထိုက်၊ ဒေါ်အိသက်မွန်-ဦးဇွဲသူအောင် (လ/ထ ညွှန်မှူး၊ စစစ)၊ ဦးအောင်မျိုးမင်း-ဒေါ်နွယ်ဦးမွန်တို့၏ ကျေးဇူးရှင်းဖခင်၊ တူ/တူမ ကိုးယောက်၊ မြေးနှစ်ယောက်တို့၏အဘိုး ဦးမြင့်ဦးလွင်(ခ)ဦးထွန်းသည် ၁၈-၄-၂၀၁၄(သောကြာနေ့) ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

တပ်မတော်စစ်ကြောင်းများမှ မံစီမြို့နယ် ပန်ခမ်းဒေသနှင့် မိုးမောက်မြို့နယ်ဗန်းမော် – စိန်လုံ – လွယ်ဂျယ်ဆက်သွယ်ရေးလမ်းကြောင်းအား ရှင်းလင်း

နေပြည်တော် မေ ၁၉

ကချင်ပြည်နယ် မံစီမြို့နယ် ပန်ခမ်းဒေသတွင် ယခုနှစ် ဧပြီလအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း တပ်မတော်မှ အရာရှိ တစ်ဦး၊ စစ်သည်နှစ်ဦး ကျဆုံးပြီး ကေအိုင်အေအဖွဲ့ဘက်မှ အလောင်းခြောက်လောင်းနှင့် လက်နက်ငါးလက်သိမ်းဆည်းရမိကြောင်း သိရှိရသည်။ ပန်ခမ်းနယ်မြေနှင့် ပန်ခမ်းရွာသည် ယခင်က နိုင်ငံတော်အစိုးရ၏ တရားဝင်နယ်စပ်ဒေသကုန်သွယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားရှိပြီး တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်နေရာဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည့်အလျောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်အဖွဲ့များ၊ နယ်စပ်ကုန်သွယ်ရေးအဖွဲ့ဝင်များဖြင့် ကုန်စည်ကူးသန်းမှုများအား စစ်ဆေးခြင်း၊ လူဝင်လူထွက်များ စစ်ဆေးခြင်းတို့ စနစ်တကျဆောင်ရွက်ခဲ့သည့် ဒေသဖြစ်သည်။

သို့သော် ၂၀၁၁ ခုနှစ် ဇွန်လတွင် ကေအိုင်အေအဖွဲ့၏ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် လုံခြုံစိတ်ချရမှုမရှိတော့သဖြင့် ၂၀၁၁ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလည်းကောင်း၊ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်အဖွဲ့များ၊ နယ်စပ်ကုန်သွယ်ရေးအဖွဲ့များမှလည်းကောင်း အသီးသီးစွန့်လွှတ်ခဲ့ရသည်။ထိုအချိန်မှစ၍ ပန်ခမ်းနယ်မြေတစ်လျှောက် ရှမ်းတိုင်းရင်းသားကျေးရွာများဖြစ်သော

ပန်ခမ်းကျေးရွာအနီးရှိ အုလံပါစခန်းအတွင်း အဝေးထိန်းမိုင်းများ ထုတ်လုပ်သည့်နေရာအား ကေအိုင်အေအဖွဲ့မှ မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။ (မြဝတီ)

နားလုံကျေးရွာ၊ နောင်စွမ်းကျေးရွာ၊ နောင်မွန်ကျေးရွာ၊ မန်အိတုကျေးရွာ၊ မိုင်အိုက်တိုက်ကျေးရွာ၊ လွယ်လုံကျေးရွာ စသည့်ကျေးရွာများရှိ ဒေသခံရှမ်းတိုင်းရင်းသားများ၏ ကိုးကွယ်ရာဖြစ်သော ကျားခေါင်းဘုရားတောင်ကုန်းတွင် ကေအိုင်အေတို့မှ တပ်စခန်းပြုလုပ်၍ ဝင်ရောက်နေထိုင်ခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

ဝှိုက်ဟက်ဒ်လိန်း၌ ဖူလ်ဟမ်အား စပါးဂိုးပြတ်နိုင်၊ ဥရောပဝင်ခွင့်တစ်နေရာရရှိမည့် အခွင့်အရေးနှင့် စပါး နီးစပ်လာ

ပရီမီယာလိဂ်ပွဲစဉ်(၃၅)၏ အစောဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့၏ ပွဲစဉ်တွင် အိမ်ကွင်းဝှိုက်ဟက်ဒ်လိန်း၌ ယှဉ်ပြိုင်ကစားခဲ့ရသည့် စပါးအသင်းက ဧည့်သည်ဖူလ်ဟမ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် စပါးအသင်းသည် ဟယ်ရီကိန်း၊ ချက်ဒလီ၊ အဲရစ်ဆင်၊ အဒီဘာယော၊ လန်နွန်၊ ပေါ်လင်ဟို၊ ကာဘူး၊ ဖရိုင်ယာ၊ ဒန်နီရို့စ် စသည့် ကစားသမားများကို နည်းပြတင်ရှားဝုဒ်အနေဖြင့် ၄-၄-၁-၁ ကစားကွက်ဖြင့် ပုံဖော်ကာပွဲထွက်လာခဲ့ပြီး ဧည့်သည်ဖူလ်ဟမ်အသင်းမှာမူ ရိုဒလ်လီဂါ၊ စကော့ပါကာ၊ ဒီဂျာဂါ၊ ကာကန်နစ်ကလစ်၊ ဆစ်ဒ်ဝဲလ်၊ ဟိုင်တင်ဂါ စသည့်ကစားသမားများကို ၄-၂-၃-၁ မဟာဗျူဟာဖြင့် ပွဲထွက်ကစားစေခဲ့သည်။**စာမျက်နှာ ၉ ကော်လံ ၃ သို့**

ယနေ့မာတိကာ

သင်္ကြန်အပြီး ကုန်ဈေးနှုန်းများ ကျလာ
စာမျက်နှာ - ၂

မြန်မာသံစဉ်သီချင်းလေး ကြားပါရစေ
စာမျက်နှာ - ၈

လီယောင်အေး၏ အတည်ပြုချက် စောင့်နေသည့် နန်းတွင်းရတနာ-၂ ဇာတ်ကား
စာမျက်နှာ - ၁၂

မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

သား **ကိုစိုးထွန်းအောင်** (Director, Georesources Mining Co.,Ltd) နှင့် သမီး**မစန္ဒာမျိုးကျော်** (Sweetie)(Mr.School)တို့၏ ၁၈-၄-၂၀၁၄ရက် မင်္ဂလာနှစ်ပတ်လည်မှ နှစ်(၁၀၀)တိုင် ပျော်ရွှင်သော ဘဝလေးများ ပိုင်ဆိုင်လျက် အဆိုးနိုင်၍ အကောင်းပိုင်ကြပါစေ။

မေမေ - ဒေါ်မြင့်မြင့်သန်း (ပုလဲတိုက်၊ ဗိုလ်ချုပ်ဈေး)
ဖေဖေ - ဗိုလ်ကြီး မောင်မြင့် (ငြိမ်း)
မေမေ - ဒေါ်ယဉ်ယဉ်လှ (Molly)
(လ/ထ ညွှန်မှူး-ငြိမ်း) (စီမံကိန်းဦးစီးဌာန)

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ တောင်ငူလမ်းနှင့်တောင်ငူ(၁၃)လမ်းထောင့် ၊ မြေကွက်အမှတ်(၃၂၃)၊ အကျယ်အဝန်း ပေ(၄၀×၆၀) ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးသောင်းစိန်[၁၂/ဥကတ(နိုင်)၀၉၅၉၃၇] အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်နှင့်နေအိမ်ဖြစ်သည့် မူလအမည်ပေါက် ပိုင်ရှင်မှ အထက်ပါ မြေနှင့်အိမ်အား မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန် စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သတ်၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ်(၅၄၄)၊ ဓမ္မာရုံလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ၊ ရှမ်းချောင်းကျေးရွာ၊ ကွင်းအမှတ်-တာပြင်ရေငန်ပုစွန်ဇုန်၊ လုပ်ကွက်အမှတ်-၅၂/အေ၊ (ငါးလုပ်ငန်းဦးစီးဌာနအခေါ်-ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရှမ်းချောင်းကျေးရွာအုပ်စုအပိုင်၊ မရမ်းဖွဲ့ဘာပုစွန်မွေးမြူရေးဇုန်၊ လုပ်ကွက်အမှတ်(၅၂/အေ)၊ အကျယ်အဝန်းဧရိယာ(၁၀၀)ဧကအကျယ်ရှိ ရေငန်ပုဇွန်မွေးမြူရေးကန်များအပါအဝင် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်လက်ရှိဖြစ်သူ ဦးခင်အေး[၁၂/ကတန(နိုင်)၀၃၈၃၆၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နီလာအောင် LL.B.,LL.M | **ဦးညီနပ် LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၂၅) | **အထက်တန်းရှေ့နေ (စဉ်-၂၉၃၆၁)**
အမှတ်-၅၆၃၊ အခန်း (၂၀၃/၂)၊ MAC Tower၊ ဒု-ထပ်၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၃၁၀၉၊ ၀၉-၄၂၀၁၂၂၁၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၇)လမ်းအိမ်ရာ၊ တိုက် (၁၄၆/၁၄၈)၊ အခန်း (၅၀၁) ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ကြည်ကြည်မင်း ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ညိုညိုဝင်း [၁၂/ဒပန(နိုင်)၀၂၆၆၆၂]က ပိုင်ရှင် အမည်ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငမိုးရိပ်)၊ မြေကွက်အမှတ်(၈၃၆)၊ မြေကွက်တည်နေရာအမှတ်(၈၃၆)၊ ငမိုးရိပ်(၂) လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း၊ ဦးအုန်းမောင်[၁၂/သဃက(နိုင်)၀၄၈၂၉၁] အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးအုန်းမောင် (ဖခင်၊ ယောက္ခမ၊ အဘိုး)နှင့် ဒေါ်စန်းစန်းမြင့် (မိခင်၊ ယောက္ခမ၊ အဖွား) ကွယ်လွန်သဖြင့် (၁) ဦးဌေးဦး [၁၂/ဗဟန(နိုင်)၀၂၀၉၀၉]၊ (၂) ဦးအောင်အောင် [၁၂/သဃက(နိုင်)၀၀၃၅၇၅]၊ (၃) ဒေါ်ခင်သီနိုင် [၁၂/သဃက(နိုင်)၀၄၈၈၇၈]၊ (၄) ဦးအောင်သီဟ[၁၂/သဃက(နိုင်) ၀၃၉၇၉၉]၊ (၅) ဒေါ်သန်းသန်းဝင်း [၁၁/စတန(နိုင်) ၀၀၉၆၉၂]၊ (၆) ဒေါ်မိုးမိုး[၉/မလန(နိုင်)၀၀၃၂၉၁]၊ (၇) ဒေါ်ကေသီအောင် [၁၂/သဃက(နိုင်)၁၅၅၇၈၆] တို့က သားသမီး၊ ချွေးမ၊ အမွေမမီမြေးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် GP No ၂၂၆၁/၁၄ (၂၃-၁-၁၄) နှင့် ၂၂၆၀/၁၄ (၂၃-၁-၁၄) ရသူ ဦးအောင်သီဟ [၁၂/သဃက(နိုင်)၀၃၉၇၉၉]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကံကလေးကျေးရွာအုပ်စု၊ ကုန်းကလေးကျေးရွာ၊ ကွင်းအမှတ်-၆၃၃၊ ဦးပိုင်အမှတ်(၃/ဃ)၊ ဧရိယာ (၁၀. ၀) ဧကရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသော ဦးကျော်မိုး(ကိုယ်စား) ဦးမင်းစိန်[၁၂/မဘန(နိုင်)၀၄၆၄၄၃]၊ ဦးမြင့်ကြည် [၁၂/မဘန(နိုင်) ၀၄၆၄၅၅]၊ ဦးရှူ့တင်မြင့်(ကိုယ်စား) ဒေါ်အေးယုမြင့် [၁၂/မဘန(နိုင်)၀၁၆၂၄၉] တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ထွန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၅၅)
အမှတ်(၅၄၂)၊ May Shopping (အပေါ်ထပ်)
ပန်းဆိုးတန်းနှင့် ကုန်သည်လမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၁၇၉၂

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူထားသူက တိုက်ခန်း အမည်ပြောင်းလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်မော်မော်မင်း [၁၂/အစန(နိုင်)၀၆၁၀၅၉] (မှ)	ဦးရဲထွန်း [၁၂/ဗဟန(နိုင်)၀၇၂၄၁၅] ဒေါ်နှင်းနွယ်အေး [၁၂/ဗဟန(နိုင်)၀၅၃၈၀၆]	တိုက်(စီ)၊ အခန်းအမှတ် (၁၀-၀၅) ပုလဲကွန်ဒိုအိမ်ရာ၊ ဗဟန်းမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/၂၊ လူနေရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်(၆၂၀)၊ ဧရိယာ ပေ(၂၅× ၅၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသော ဦးခင်သန်းပိုင်ဆိုင်သည့် ပေ(၁၂ ½×၅၀)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၂၀)၊ သမိုင်း(၅)လမ်း၊ (၁)ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးခင်သန်းထံမှ ဝယ်ယူပိုင်ဆိုင်သူ ဦးညီညီ[၁၂/မရက(နိုင်)၀၀၄၀၇၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမိုးကျော်ဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)
အခန်း-၅၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၉၆၃၆

ဦးကျော်ထက်[၁၄/ရကန(ဧည့်)၀၀၀၀၂၆]ကိုင်ဆောင်သူနှင့် အများသိစေရန်ကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဖြစ်သော ဒေါ်စန်းစန်းနွဲ့ [၁၄/ပသန(နိုင်)၁၅၄၀၁၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်တို့ မိတ်ဆွေ၏ ဖခင် ဦးပုံသင်းကွယ်လွန်ပြီးနောက် မိခင် ဒေါ်ခင်(ခ) ဒေါ်ကော်ဂန်မှာ ၂၁-၃-၂၀၁၄ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ မိဘများကွယ်လွန်ပြီးနောက် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၆၃/ အေ)၊ မြေညီထပ်တိုက်ခန်းနှင့် ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၈၇) (ညာ)၊ ပထမထပ်တိုက်ခန်းတို့ ကျန်ရစ်ခဲ့ပါသည်။ အဆိုပါ တိုက်ခန်းများမှာ ကျွန်ုပ်တို့မိတ်ဆွေအပါအဝင် ကျန်မောင်နှမများ၏ အမွေဆိုင်ပစ္စည်းများဖြစ်၍ ကျွန်ုပ်တို့မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်စုံတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ အာမခံထားခြင်း၊ ပေးကမ်းစွန့်လွှတ်၊ လှူဒါန်းခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းထိန် B.Sc.,R.L.
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ၊ ဖုန်း-၀၉-၇၃၀၅၄၀၅၈
ဒေါ်အေးအေးသန့်၊ LL.B | **ဦးကြည် B.Sc.,D.A.,H.G.P.,R.L.,D.E.P**
တရားလွှတ်တော်ရှေ့နေ | **အထက်တန်းရှေ့နေ**
အမှတ်(၆၀)၊ (ဒု)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၈၊ မြေကွက်အမှတ်-၇၉၅၊ နံ့သာဖြူလမ်း၊ နှစ်(၆၀)ဂရန်မြေ၊ မြေအကျယ်အဝန်း (အလျား ပေ၄၀× အနံ ပေ၆၀)ရှိ မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နှင်းဆီ [၁၀/မလမ(နိုင်)၀၇၀၅၁၁]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြမြအေး(B.A,R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၃၅)
အခန်း-၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၆၆၀၂၇၊ ၀၉-၇၃၀၃၆၁၄၈

"မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ကန်/တောင်)ရပ်ကွက်၊ (၉၄)လမ်း၊ အမှတ်(၄၁/၄၃)၊ ပထမထပ်(A)တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်"

အထက်ပါတိုက်ခန်းပိုင်ရှင်ဖြစ်သူ နစီမာဘီဘီ(ခ)မဘီဘီ[၁၂/ဗဟန(နိုင်)၀၈၂၀၉၉]၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ကန်/တောင်)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၂၁/၂၃)၊ (၈)လွှာနေ အိုက်ရှာဘီဘီ(ခ)မစုစုတင် [၁၂/ပဘတ(နိုင်)၀၂၃၈၈၀]က အထက်ပါတိုက်ခန်းကိုရောင်းချမည်ဖြစ်ပါ၍ အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ယနေ့မှစပြီး (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အိုက်ရှာဘီဘီ(ခ)မစုစုတင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ရှေ့နေ ဇလွန်ဦးလှဖေ(စဉ်-၅၈၉၄)
အမှတ်(၁၇)၊ ဒုတိယထပ်(ယာ)၊ ၅၄-လမ်း(အလယ်)၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်။
ဖုန်း-၂၀၀၇၁၂၊ ၀၉-၅၁၂၁၆၆၇

တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၃၀)၊(၄)လွှာနေဒေါ်လှဝင်း(ခ)ဒေါ်အေးမြင့်သူ[၁၁/သတန(နိုင်)၀၃၁၈၃၃]မှ အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၁၈၁၂/၂၀၁၂ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်-၁၈၁၂/၂၀၁၂

"သုခရတနာ"တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိသော တိုင်းရင်းဆေးအမျိုးမျိုး၏ ကော်ဘူး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူထုတ်အစရှိသည်တို့ပေါ်တွင် ယင်းဆေးအမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊အရွယ်အစားအမျိုးမျိုးအသုံးပြုကာ ဆေးမျိုးစုံများထည့်သွင်းအသုံးပြုသည့် ပစ္စည်းများအပေါ်တွင် ကပ်နှိပ်၊ဖိနှိပ်၊ရိုက်နှိပ်ရောင်းချသွားမည်ဖြစ်ပါသည်။ထို့ပြင်"သုခရတနာ"အမည်အမှတ်အသားဖြင့် စာရွက်စာတမ်းများ လက်ကမ်းကြော်ငြာ၊ ဆိုင်းဘုတ်များ၊ တံဆိပ်တုံးငွေရပြေစာဖြတ်ပိုင်းစသည်တို့အပေါ်တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။ယင်းသို့ဖြန့်ဝေရောင်းချခြင်းကို ရန်ကုန်မြို့အပါအဝင်မြန်မာတစ်ပြည်လုံးသို့ ပြုလုပ်သွားမည်ဖြစ်ပါသည်။ထို့ကြောင့် "သုခရတနာ"တိုင်းရင်းဆေးမျိုးမျိုးတံဆိပ်အမည်အမှတ်အသားသည် ကျွန်ုပ်အမှုသည် တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း၊ယင်းတံဆိပ်အမှတ်အသားကို တုပထုတ်လုပ်ခြင်း၊ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ရန်နှင့် ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေသည့်"သုခရတနာ"တိုင်းရင်းဆေးမျိုးမျိုးတံဆိပ်အမည်အမှတ်အသားကို တုပသူ၊ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူမည်သူကိုမဆို စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟန်ထူး(ဝိဇ္ဇာ(ဥပဒေ)၊ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၇/၇၉)
အခန်းအမှတ်-၃၀၂(အေ)၊ ဒုတိယထပ်၊ အမှတ်-၅၆၅/၅၆၇၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၀၆၇၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ စက်မှုဇုန်(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊ မြေကွက်အမှတ်(၅၄၁)၊ နှစ် (၆၀) ဂရန်မြေ၊ ဧရိယာ (၀. ၀၅၇)ဧက၊ အတိုင်းအတာ (၄၂ပေ×ပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိအမှတ်-၅၄၁၊ အင်းတော်လမ်း၊ (၆၄)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းဟုခေါ်တွင်သော အာရ်စီတစ်ထပ်တိုက် အပါအဝင် အရပ်ရပ် အကျိုးခံစားခွင့်တို့ကို မြေငှားဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်နှင်းအေး[၁၂/တမန(နိုင်)၀၆၉၇၆၁]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ဤကြေညာသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း (မအူပင်) B.A.,H.G.P., R.L. တရားလွှတ်တော်ရှေ့နေ (၄၁၇၈)
အမှတ်-၁၂၊ ၃-လွှာ၊ အခန်း ၂၀၁၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

